ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကိုယ် နှုတ် စိတ် သုံးပါးစောင့်ရှောက်**

အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုခြင်း မရှိ၊ ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ပုဂ္ဂိုလ်ကို ပြဟ္မဏာဟု ငါဘုရားဟောတော်မူ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၃၉၁)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ 19, Sunday June 2016 (၈၅၉၇)

# ပန်း ၁၀ မျိုး လက်မှုအနုပညာရပ်များအနက် မြန်မာ့ပန်းယွန်း အနုပညာသည် ရှေးနှစ်များစွာကတည်းက ပေါ်ထွန်းခဲ့ ပညာရပ်များမတိမ်ကောရေး၊ ခေတ်မီနည်းစနစ်များပေါင်းစပ်ရေး၊ မျိုးဆက်သစ်များမွေးထုတ်ပေးရေး ပူးပေါင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာ့ယွန်းအနုလက်ရာပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်နံနက်က ယွန်းပညာကောလိပ်(ပုဂံ)၌ ကျင်းပရာ ရှေးရိုးစဉ်လာ မြန်မာတို့၏ ယွန်းပညာအနုလက်ရာများကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း သိရသည်။

ပြပွဲ၊ ပြိုင်ပွဲတွင် မြန်မာ့ယွန်းထည်အသင်း၊ ပုဂံဒေသရှိ ယွန်းလုပ်ငန်းရှင်များ၊ ယွန်းပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီအားပေးမှုတို့ကြောင့် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ပုဂံဒေသသည် အဓိက ယွန်းထည်ထုတ်လုပ်ရာဒေသဖြစ်ပြီး ယွန်းပညာကောလိပ်ဆိုသည်မှာလည်း မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ယွန်းအတတ်ပညာများ သင်ကြားပေးနေသော ကျောင်းကြီးဖြစ်သောကြောင့် ယွန်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြင့် ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် ယွန်းလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ယွန်းပညာကောလိပ်တို့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပန်း ၁၀ မျိုး လက်မှုအနုပညာရပ်များအနက် မြန်မာ့ပန်းယွန်းအနုပညာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့ပြီး သားစဉ်မြေးဆက်ထိန်းသိမ်းခဲ့သည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြစ်သည်နှင့်အညီ ပညာရပ်များ မတိမ်ကော မပပျောက်ရေး၊ ခေတ်မီနည်းစနစ်များ ပေါင်းစပ်ရေး၊ မျိုးဆက်သစ်ယွန်းပညာရှင်များ မွေးထုတ်ပေးရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက ပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✱




မြန်မာ့ယွန်းအနုလက်ရာပြပွဲ၊ ပြိုင်ပွဲကို ယွန်းပညာကောလိပ်(ပုဂံ)၌ ကျင်းပစဉ်။

## အနာဂတ် မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲ နောက်ဆုံးနေ့ထိ ကြည့်ရှုသူများပြား



သတင်း စာမျက်နှာ » ၈

# အရိုးပါး အရိုးပွရောဂါကို နောက်ဆုံးပေါ်ကုထုံးဖြင့် ကုသနိုင်ပြီ

**ရန်ကုန် ဇွန် ၁၈**

အရိုးပွရောဂါသည် ယနေ့အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အဖြစ်များသော ဟော်မုန်းဆိုင်ရာ ရောဂါတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပြီး အရိုးပွရောဂါကြောင့် အရိုးကျိုးခဲ့လျှင် ယင်းဝေဒနာရှင်များတွင် သေဆုံးမှုနှုန်းထားများလည်း သာမန်ထက်ပိုများကြောင်း အရိုးပွရောဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ်ကုထုံးများအကြောင်း ပညာပေးဆွေးနွေးပွဲမှ သိရသည်။

"အရိုးတစ်ခုက ကျိုးသွားပြီဆိုရင် လူကောင်းပြန်ဖြစ်ဖို့က ခက်ခဲပါတယ်။ အထူးသဖြင့် အရိုးပါး အရိုးပွရောဂါဖြစ်နေတဲ့သူဆို ၅၀ ရာခိုင်နှုန်းလောက်ပဲ ပြန်ကောင်းနိုင်တော့ နှစ်ယောက်မှာ တစ်ယောက်ဟာ မသန်မစွမ်းဘဝနဲ့ပဲ အဆုံးသတ်ရမယ့် သဘောရှိတယ်။ လေ့လာထားချက်အရ ပေါင်ရိုးကျိုးပြီးတဲ့ဝေဒနာရှင်ငါးယောက်မှာ တစ်ယောက်က ငါးနှစ်အတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးပါးကြတာတွေ့ရတယ်။ အဓိကကတော့ အိပ်ရာက မထနိုင်တော့တဲ့အတွက်ကြောင့် တခြားနောက်ဆက်တွဲ အနာဖြစ်တာ၊ အစားမဝင်တာ၊ အဆုတ်ပွတာ ဒီလိုရောဂါတွေဖြစ်ပြီး အသက်ဆုံးပါးကြရခြင်းဖြစ်တယ်" ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်ကပြောသည်။

အရိုးပွရောဂါဖြစ်ပွားရခြင်းမှာ ကယ်လ်စီယမ်ထုံးဓာတ်ချို့တဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ မဟော်မုန်းဓာတ် oestrogen သည် အစာတွင်ပါဝင်သော ထုံးဓာတ်ကို အရိုးအတွင်းစိမ့်ဝင်စေကာ အရိုးခိုင်အောင် ပြုလုပ်ပေးရာတွင် အဓိက

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■



# ကြေးမုံ

## လမ်းကြောင်းပေါ်မှ မိတ်ကောင်းဆွေကောင်း

ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဒုတိယအဆင့်လမ်းကြောင်းပေါ်တွင် အရပ်သားအစိုးရသစ်က နိုင်ငံအတွင်း ပြောင်းလဲမှုများအား ထိထိရောက်ရောက်အကောင်အထည်ဖော်နေသည်ကို မြင်တွေ့ရသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် အစိုးရတစ်ရပ်၏အားတစ်ခုတည်းဖြင့် လိုအပ်ချက်အဖုံဖုံတို့ကို ပြည့်စုံအောင် ဖော်ဆောင်နိုင်လိမ့်မည် မဟုတ်ချေ။

ပြည်သူ့အား၊ မိတ်ကောင်းဆွေကောင်းများ၏အားတို့ပါ ထည့်ဝင်ပေါင်းစပ်ပေးမှသာလျှင် လိုရာခရီးပန်းတိုင်သို့ မျှော်မှန်းသည့်အတိုင်း ရောက်ရှိသွားနိုင်ပေမည်။ ယခုအခါ ပြည်သူတို့မျှော်လင့်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူ့အစိုးရက အပြောင်းအလဲများကို အားတက်သရော ဖော်ဆောင်နေချိန်တွင် စိတ်စေတနာသန့်သန့်ဖြင့် နှောင်ကြိုးမဲ့အကူအညီများလာရောက်အကူအညီပေးနေသော မိတ်ကောင်းဆွေကောင်းများကို ပကတိမြင်တွေ့နေရပေသည်။

အထူးသဖြင့် ဂျပန်နိုင်ငံအစိုးရအနေဖြင့် အစောပိုင်းကာလကတည်းက နိုင်ငံရေးစနစ် မည်သို့ပင်ရှိစေကာမူ ဖြူစင်သောစေတနာထားကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်ကဏ္ဍစုံတွင် လက်လှမ်းမီသရွေ့ကူညီပေးနေသည်ကို မြင်တွေ့ရသည်။ ယခုပိုမိုပွင့်လင်းမြင်သာသည့် အရပ်သားအစိုးရလက်ထက်တွင်မူ ဆိုဖွယ်ရာမရှိ ပိုမို၍ ထိထိမိမိ အကူအညီပေးနေပေသည်။

အိမ်သာ၍ဧည့်လာဆိုသကဲ့သို့ အရပ်သားအစိုးရလက်ထက်အစတွင်ပင် နိုင်ငံတကာမှဧည့်သည်များ တဖွဲဖွဲလာရောက်လျက်ရှိရာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်သည်ဆိုခြင်းထက် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် အကျိုးရလဒ်ကောင်းများရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအထဲတွင် မြန်မာနိုင်ငံအပေါ် စေတနာသက်သက်ဖြင့် လာရောက်ကြသူများရှိသလို သူ့အကျိုး၊ ကိုယ့်အကျိုးမျှော်မြင်ထောက်ရှု၍ လာရောက်ခဲ့ကြသူများလည်းရှိမည်။

အစောဆုံးလာရောက်ခဲ့သည့်နိုင်ငံမှာ ကနေဒါနှင့် အီတလီနိုင်ငံဖြစ်ပြီး ထို့နောက် ဂျပန်နိုင်ငံမှလာရောက်ခဲ့သည်။ တစ်ဆက်တည်းတွင် ထိုင်း၊ အမေရိကန်၊ တရုတ်၊ စင်ကာပူ၊ တူရကီနိုင်ငံတို့လာရောက်ခဲ့ကြပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ ဂျာမနီနှင့်ပြင်သစ်နိုင်ငံတို့ လာရောက်ခဲ့ကြသည်။ ပန်းပေါင်းစုံဖူးပွင့်ဝေဆာလာမည့် မြန်မာနိုင်ငံသို့ ဧည့်သည်များ တဖွဲဖွဲလာရောက်မည်မှာ ဓမ္မတာဖြစ်သည်။ လာရောက်သောဧည့်သည်များတွင် လူမှုရေး၊ စီးပွားရေးနယ်ပယ်များတွင်လက်တွေ့အကူအညီပေးနေသူများရှိသလို နိုင်ငံရေး၊ ယဉ်ကျေးမှုစသည့်နယ်ပယ်များအတွက်လည်း ဆက်လက်အကူအညီပေးမည့်သူများလည်းရှိသည်။

ဖွံ့ဖြိုးရေးကိုတက်လှမ်းနေသောမြန်မာနိုင်ငံအဖို့ ပြည့်အင်အားမှာ အရေးကြီးသလို နိုင်ငံတကာအကူအညီများလည်း မဖြစ်မနေလိုအပ်ပါသည်။ လက်ရှိတွင် မိတ်ဆွေနိုင်ငံများက အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်ကြားရေးစင်တာများ ဖွင့်လှစ်တည်ထောင်သင်ကြားပေးရေး ဆောင်ရွက်ပေးနေသည်မှာ မြန်မာနိုင်ငံအတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော အော်ဂဲနစ်သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် မြှင့်တင်ဆောင်ရွက်ပေးရေး စသည့်နယ်ပယ်စုံ၊ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတွင် အားတက်သရော ကူညီဆောင်ရွက်ပေးနေ၊ ပေးဆဲမြင်တွေ့ရ၍ မြန်မာနိုင်ငံအနာဂတ်အတွက် အားတက်မိပါသည်။

သို့ဖြစ်ရာ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုစကားအတိုင်း စွမ်းရည်ရှိသောပြည်သူပြည်သားများဖြစ်လာအောင်၊ ထိရောက်သောဆောင်ရွက်မှုများ ရရှိလာအောင် နိုင်ငံတကာမှဖြူစင်သောစေတနာဖြင့် ပေးအပ်လာသောအကူအညီများကို ထိရောက်စွာအသုံးချပြီး အနာဂတ်မြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသစ်နှင့်လက်တွဲကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြစ်သားမြို့ ပန်းဆက်ပန်ပါ မပေဒါ တစ်ကိုယ်တော် ပန်းချီ၊ ဓာတ်ပုံ၊ ကဗျာပြပွဲနှင့် ကဗျာရွတ်ပွဲ ကျင်းပ

**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ သိမ်တောင်နိကာယကျောင်းတိုက် အောင်ဆန်းရာပြည့် ဓမ္မာရုံတွင် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ပန်းဆက်ပန်ပါ မပေဒါ တစ်ကိုယ်တော် ပန်းချီ၊ ဓာတ်ပုံ၊ ကဗျာပြပွဲနှင့် ကဗျာရွတ်ပွဲတို့ကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဦးသန်းထွန်း (မောင်ဥသြ-ညောင်ပင်သာ)က ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ တက်ရောက်လာကြသူများက ပန်းချီ၊ ဓာတ်ပုံ၊ ကဗျာများကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)** ဆက်လက်၍ကဗျာများကို ကဗျာဆရာများက ရွတ်ဖတ်ကြသည်။

ပန်းချီပြပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားများ အားလုံးကို ဦးသန်းထွန်း (မောင်ဥသြ-ညောင်ပင်သာ)က တစ်ကိုယ်တော်ရေးဆွဲပြသထားပြီး နယ်စုံမှ ကဗျာဆရာများ၏ ကဗျာများ၊ ဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။ **ရဲဝင်းထွန်း(မြစ်သား)**



## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) နဝမအကြိမ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**


မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နဝမအကြိမ် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသော ကျပန်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျပန်းစကားပြောပြိုင်ပွဲ(မြန်မာ/အင်္ဂလိပ်)ကို အသက် (၁၄) နှစ်မှ (၁၈) နှစ်အထိ သက်လတ်တန်းပြိုင်ပွဲကို ဇွန် ၂၁ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်၊ ဇွန် ၂၂ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ(မြန်မာ-အင်္ဂလိပ်)ကို အသက် (၉) နှစ်မှ (၁၃) နှစ်အထိ သက်လတ်တန်းပြိုင်ပွဲကို ဇွန် ၂၃ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တို့တွင် ပြိုင်ပွဲများယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲ(အလွတ်တန်းအတွက်) စာမူများကို ဇွန် ၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကာ နောက်ဆုံးအဆင့် ကျပန်း(မြန်မာ/ အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ(မြန်မာ/အင်္ဂလိပ်)ပြိုင်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အမှတ်(၃၇/G) မြေကွက်အမှတ်(၁/H)ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၀၂၈၉၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၈**

ပြည်သူလူထုက တာဝန်ပေးထားသည့် ကိုယ်စားလှယ်များဖြစ်သည့်အတွက် လွှတ်တော်အစည်းအဝေးများ ရပ်နားချိန်တွင် မဲဆန္ဒရှင်ပြည်သူများထံ သွားရောက်၍ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ **(ယာပုံ)**တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူလူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ လွှတ်တော်အခြေခိုင်မှ အုပ်ချုပ်ရေးခိုင်မာမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် လွှတ်တော်နှင့် ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာမြင့်မားရန်နှင့် ဂုဏ်ရောင်ထွန်းပြောင်ရန် ကြိုးစားရာတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် မေးခွန်းများ မေးမြန်းရာတွင် ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိ၊ မေးခွန်း၏အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ၊ မရှိ စဉ်းစားသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုတင်သွင်းရာတွင်လည်း အချိန်အခါနှင့် ကိုက်ညီမှု ရှိ၊ မရှိနှင့် အဆို၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းသင့်ပါကြောင်း၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် အနာဂတ်ကိုရှေးရှု၍ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးရှိနိုင်မည့် ဥပဒေကြမ်းများ ဖြစ်ရန်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါဇယားနှင့်အညီ တင်သွင်းဆောင်ရွက်သင့်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးနှင့် နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်သည့်အခါတွင် မိမိတို့တွေ့ကြုံရသည့် အခက်အခဲများထက် ပြည်သူများ၏ ဒုက္ခဝေဒနာကိုရှေးရှု၍ ကုစားပေးရန်လိုပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်၏ အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ဆောင်ရွက်သည့် ယခုလိုအခွင့်သာသည့် အချိန်တွင် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ကျေပွန်စွာ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း။





ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန် တရားဥပဒေစိုးမိုးမှုရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ လူ့အခွင့်အရေးကို အပြည့်အဝခံစားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒီမိုကရေစီ၏ အသီးအပွင့်များနှင့် ပန်းရနံ့များသင်းပျံ့စေရန်အတွက် အားလုံးက တက်ညီလက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးရေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၈**

ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စများနှင့်စပ်လျဉ်း၍ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းပါးထိန်းသိမ်းခြင်းကိစ္စရပ်များတွင် ပြင်သစ်နိုင်ငံမှ အကူအညီပေးရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာဂျီးမာ့ခ်အီရောင်နှင့်အတူ ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဧည့်သည်တော်ပြင်သစ်နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာနသို့သွားရောက်၍ စာကြည့်တိုက်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဦးဆောင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်၊ အတွင်းရေးမှူး ဦးတင်ထွန်း၊ International Foundation of Electoral Systems (IFES)မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် အင်္ဂလန်နိုင်ငံ လူထုဆန္ဒခံယူပွဲလေ့လာရန် ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့်ထွက်ခွာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်

**ဇေယျာသီရိ ဇွန် ၁၈**

ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးဝင်းနှင့် တာဝန်ရှိသူများက ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယင်းကျောင်းအား ၁၉၉၂ ခုနှစ်တွင် အမကအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အမက(ခွဲ)အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ် မေ ၂၆ ရက်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်တွင် အထက(ခွဲ)အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ဇွန် ၁၅ ရက်တွင် အထကအဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အထကကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ နေပြည်တော်တိုင်း ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(ကြေးမုံ)**

# ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**တီးတိန် ဇွန် ၁၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရေချမ်းနှင့်ဝန်ထမ်းများသည် ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့နယ် လှိုင်တွီးကျေးရွာအုပ်စု လှိုင်တွီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် အသက် (၁၀) နှစ်ပြည့် ကျောင်းနေအရွယ်ကလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်ခြင်းကို ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ကျောင်းသား ကျောင်းသူ ၁၅၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်သူဇာကို(တီးတိန်)**



ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အလက်ဇန္ဒား ဂယ်လူရှကာ။

# ပါကစ္စတန်နှင့်အာဖဂန်နစ္စတန် နှစ်နိုင်ငံနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်

**အစ္စလာမ္မာဘတ် ဇွန် ၁၈**

ဇွန် ၁၂ ရက်က စတင်ပိတ်ထားသည့် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံနယ်စပ်ဂိတ်ကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပါကစ္စတန်ဘက်မှ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် နယ်စပ်ဖြတ်ကျော်ခရီးသွားသူများ ယခင်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်ဟု ပါကစ္စတန်နယ်စပ်ရေးရာ တာဝန်ရှိသူများက ဆိုသည်။

ဇွန်၁၂ ရက်က ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ခြင်းကြောင့် တော့ဟမ်နယ်စပ်ဖြတ်ကျော်ဂိတ်ကို ယာယီပိတ်ထားခဲ့သည်။ အဆိုပါပစ်ခတ်မှုတွင် ပါကစ္စတန်စစ်သားတစ်ဦးနှင့် အာဖဂန်နစ္စတန် စစ်သားတစ်ဦးတို့ သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ များစွာရှိခဲ့သည်။ နှစ်နိုင်ငံ ပစ်ခတ်မှု၏အကြောင်းရင်းခံမှာ ပါကစ္စတန်နိုင်ငံဘက်က နယ်စပ်ဂိတ် အသစ်ဆောက်လုပ်ခြင်းကို အာဖဂန်နစ္စတန်ဘက်က သူ့အား အကြောင်းကြားခြင်း မရှိသည့်အတွက် ကန့်ကွက်ခဲ့ခြင်းမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နယ်စပ်ဂိတ်အသစ်ဆောက်လုပ်ခြင်းမှာ နိုင်ငံ၏ နယ်စပ်ရေးရာစီမံခန့်ခွဲမှုအစီအစဉ်အရ စစ်သွေးကြွများ နယ်စပ်ဖြတ်ကျော်မှုမရှိစေရန် ရည်ရွယ်ပြီးဆောက်လုပ်ခြင်းဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများကဆိုသည်။

နယ်စပ်ဖြတ်ကျော်မည်ဆိုပါက တရားဝင်သွားလာခွင့် စာရွက်စာတမ်းများရှိမှသာ ပါကစ္စတန်နိုင်ငံဘက်မှ သွားလာခွင့်ပြုမည်ဆိုသည့် စနစ်အသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခင်က နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ်ကို မည်သူမဆို နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်လက်မှတ်များမပါဘဲ သွားလာနိုင်ခဲ့သည်။



အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်စစ်တပ်တာဝန်ရှိသူများက တော့ဟမ်နယ်စပ်ဂိတ်တွင် ဇွန် ၁၇ ရက်က တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ်ရရှိကာ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်ပေးခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နှစ်နိုင်ငံတာဝန်ရှိသူများသည် ရက်အနည်းငယ်အတွင်း နယ်စပ်ရေးရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း နှစ်နိုင်ငံသံတမန်များကဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံခြားရေးဒုတိယဝန်ကြီး ဟီမတ်ကာဇေးသည် ပါကစ္စတန် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးရန် အစ္စလာမ္မာဘတ်မြို့သို့လာရောက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အာဖဂန်နစ္စတန်သံအမတ်ကြီး အိုမာဇာခီဝါက အတည်ပြုပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# အငြင်းပွားကျွန်းများပေါ်တွင် ရင်းနှီးမြှုပ်နှံမှုများ အကျိုးတူလုပ်ဆောင်ရန် ရုရှားက ဂျပန်ကို တိုက်တွန်း

**မော်စကို ဇွန် ၁၈**

ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးက ဂျပန်နိုင်ငံနှင့် အငြင်းပွားလျက်ရှိသည့် ကျွန်းများကို နှစ်နိုင်ငံ ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံအား တိုက်တွန်းခဲ့ကြောင်း သတင်းများအရ သိရသည်။

ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အလက်ဇန္ဒား ဂယ်လူရှကာက ဇွန် ၁၇ ရက် အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ဒုတိယကမ္ဘာစစ်ပွဲအပြီး ရုရှားသိမ်းပိုက်ထားသည့် ကျွန်းလေးခုကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းကြရန် ဂျပန်နိုင်ငံအားတိုက်တွန်းပြောကြားခဲ့သည်။

ကုန်စည်ရောင်းဝယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အခြားသောကဏ္ဍအသီးသီးတွင် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် အရေးကြီးကြောင်း ဝန်ကြီးက ဆိုသည်။

အဆိုပါကျွန်းများပေါ်တွင် ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံမည်ဆိုပါက ရုရှားနိုင်ငံကကြိုဆိုပါကြောင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးကဆက်လက်ပြောသည်။

ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများသည် ကျွန်းများပေါ်ရှိ စီးပွားရေးအခြေအနေကို တိုးတက်စေမည်ဖြစ်သည့်အတွက် ရုရှားအနေဖြင့် ဂျပန်နိုင်ငံ၏စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို မျှော်လင့်လျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများက ဆိုသည်။

တိုကျိုမြို့တွင် ရုရှားယဉ်ကျေးမှုကိုပြသသည့် ပွဲတော်တစ်ခုကို ရုရှားအစိုးရ၏ ကမကထပြုမှုဖြင့် နှစ်စဉ်ဇွန် ၁၇ ရက်တွင် ကျင်းပလေ့ရှိသည်။

ယခုနှစ် ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဆာဂျီးနာရီရှကင်က ဂျပန်နှင့် ရုရှားနှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများတွင် ဆက်ဆံရေးမြှင့်တင်မှု၏အရေးပါပုံများကို ၎င်း၏အဖွင့်မိန့်ခွန်းတွင် အလေးပေး ပြောကြားခဲ့သည်။

နှစ်နိုင်ငံအပြန်အလှန်ယုံကြည်မှုခိုင်မာပါက ဂျပန်နိုင်ငံ၏ဖိတ်ကြားမှုကို လက်ခံသည့်အနေဖြင့် ရုရှားသမ္မတဗလာဒီမာပူတင်က ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဆာဂျီးနာရီရှကင်က အစောပိုင်းတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# အကြမ်းဖက်မှုများကျူးလွန်ရန် သင်္ကာမကင်းဖြစ်သူ ၁၂ ဦးကို ဘယ်လ်ဂျီယံရဲတပ်ဖွဲ့ ဖမ်းဆီး

**ဘရပ်ဆဲလ် ဇွန် ၁၈**

ဇွန် ၁၇ရက်ညတွင် ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က နိုင်ငံတစ်ဝန်းရှိ နေအိမ် ၄၀ ခန့်အား ညတွင်းချင်းစုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အကြမ်းဖက်မှုများ ထပ်မံပြုလုပ်ရန် ရည်ရွယ်နေသည်ဟု သံသယရှိသူ ၁၂ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဘယ်လ်ဂျီယံ အစိုးရရှေ့နေရုံးက ယနေ့ပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံသည် အိမ်နီးချင်းပြင်သစ်နိုင်ငံက ယူရို၂၀၁၆ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့်အတွက် နိုင်ငံအတွင်း လုံခြုံရေးတင်းကျပ်ထားသည်။ ယမန်နှစ်နိုဝင်ဘာလက လူ ၁၃၀ ခန့်သေဆုံးမှုဖြစ်စေခဲ့သည့် ပါရီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အစ္စလာမ္မစ်အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားများက မြို့တော်ဘရပ်ဆဲလ်တွင် ယခုနှစ် မတ်လက လူ ၃၂ ဦး၏အသက်ကို ဆုံးရှုံးစေခဲ့ပြန်သည်။ ပြင်သစ်တိုက်ခိုက်ရေးသမားများနှင့်ဘယ်လ်ဂျီယံတိုက်ခိုက်ရေးသမားများမှာ ဆက်စပ်မှုရှိပြီး တချို့မှာ ဘယ်လ်ဂျီယံနိုင်ငံ၌ အခြေစိုက်နေထိုင်ကြသည်ဟု စုံစမ်းစစ်ဆေးသူများက လေ့လာတွေ့ရှိခဲ့သည်။

ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုအတွင်း လူ ၄၀ခန့်ကို စစ်ကြောမေးမြန်းရန်ခေါ်ဆောင်သွားပြီး ၎င်းတို့အနက် ၁၂ဦးကို မသင်္ကာမှုဖြင့်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သို့သော် လက်နက်ခဲယမ်း သို့မဟုတ် ပေါက်ကွဲစေသောပစ္စည်းတစ်စုံတစ်ရာမျှ ရှာဖွေတွေ့ရှိခြင်းမရှိခဲ့ပေ။ ဘယ်လ်ဂျီယံရုပ်သံလိုင်းတစ်ခုဖြစ်သည့် VTM ၏ဖော်ပြချက်အရ ညတွင်းချင်းအဖမ်းခံရသော အဆိုပါလူများသည် ယခုသီတင်းပတ်စနေနေ့တွင် ကစားမည့် ဘယ်လ်ဂျီယံဘောလုံးပြိုင်ပွဲတစ်ခုတွင် အကြမ်းဖက်မှုပြုလုပ်ရန် ရည်ရွယ်သည်ဟု သိရသည်။

အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် တိုက်ခိုက်မှုများပြုလုပ်ရန် ရည်ရွယ်ပြီး ဆီးရီးယားမှထွက်ခွာလာကာ ဥရောပသို့ ဦးတည်လာသည်ဟူသော သတိပေးချက်ကို ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က ဇွန် ၁၅ရက်တွင် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။ ပြင်သစ်ရဲအရာရှိတစ်ဦးနှင့်၎င်း၏ချစ်သူစုံတွဲတို့သည်လည်း ဇွန် ၁၄ ရက်က ၎င်းတို့၏နေအိမ်အပြင်ဘက်တွင် ဓားဖြင့်ထိုးသတ်ခြင်းခံခဲ့ရပြီး ယင်းဖြစ်စဉ်ကို အိုင်အက်စ်အဖွဲ့က ၎င်းတို့လက်ချက်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**

# ဗီယက်နမ် ရှာဖွေကယ်ဆယ်ရေးလေယာဉ်၏ အပျက်အစီး ပစ္စည်းအစအနများတွေ့ရှိ

**ဟနွိုင်း ဇွန် ၁၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းလွန်ပင်လယ်ပြင်ဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် လူကိုးဦးကိုတင်ဆောင်ပျံသန်းနေသည့် စီအေအက်စ်အေအမျိုးအစားလေယာဉ်တစ်စင်းသည် ဇွန် ၁၆ ရက်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီးနောက် ဇွန် ၁၇ ရက်တွင် ၎င်းလေယာဉ်မှ အပျက်အစီးပစ္စည်းအစအနများကို ရှာဖွေတွေ့ရှိရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်၏ အပျက်အစီးများထဲတွင် လေယာဉ်ဘီး၊ ထိုင်ခုံ၊ အိတ်များနှင့်လေယာဉ်ပေါ်လိုက်ပါသွားသည့်သူများ၏ ကိုယ်ပိုင်ပစ္စည်းများပါဝင်ကြောင်း၊ ယင်းအပျက်အစီးများကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖုံမြို့အနီးရှိ ဘက်ချ်လောင်းဗီရေပြင်ဒေသတွင် ရှာဖွေတွေ့ရှိရကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဇွန် ၁၇ ရက်က ဖော်ပြသည်။

တွေ့ရှိရသော လေယာဉ်ပျက်ပစ္စည်းများမှာ ရှာဖွေရေးလေယာဉ် စီအေအက်စ်အေမှဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြု ပြောကြားခဲ့သည်။

ဇွန် ၁၄ ရက် အစောပိုင်းက ပျံသန်းလေ့ကျင့်မှုပြုလုပ်နေသည့် ဗီယက်နမ်လေတပ်မှ အက်စ်ယူ-၃၀ အမျိုးအစားဂျက်တိုက်လေယာဉ်တစ်စင်း ပျောက်ဆုံးသွားမှုအား ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရန် အဆိုပါစီအေအက်စ်အေ လေယာဉ်အား စေလွှတ်ခဲ့ခြင်းဖြစ်သည်။

စီအေအက်စ်အေး အမျိုးအစားကယ်ဆယ်ရေးလေယာဉ်သည် ဘက်ချ်လောင်းဗီရေပြင်ဒေသတွင် ပျံသန်းနေစဉ် ဆက်သွယ်မှု ပြတ်တောက်သွားခြင်းဖြစ်သည်ဟု ဗီယက်နမ်အမျိုးသားရှာဖွေရေးနှင့်ကယ်ဆယ်ရေးကော်မတီက ပြောကြားသည်။

ပျက်ကျသွားသော အက်စ်ယူ-၃၀အမျိုးအစား ဂျက်တိုက်လေယာဉ်တွင် လေယာဉ်မှူးနှစ်ဦးပါရှိပြီး တစ်ဦးကို ဒေသခံရေလုပ်သားများက ကယ်ဆယ်နိုင်ခဲ့ပြီး အခြားတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

**ဆင်ဟွာ။**

# ရုရှားတောင်ပိုင်းတွင် ရုရှားတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ တိုက်ခိုက် တပ်ဖွဲ့ဝင်လေးဦးနှင့် စစ်သွေးကြွခြောက်ဦး သေဆုံး

**မော်စကို ဇွန် ၁၈**

မြောက်ကော့ကေးဆပ်ဒေသရှိ ဒါဂျက်စတန်တွင် ရုရှားအထူးတပ်ဖွဲ့ဝင်များနှင့်စစ်သွေးကြွများ၏တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ရုရှားအထူးတပ်ဖွဲ့မှ တပ်သားလေးဦးနှင့် စစ်သွေးကြွခြောက်ဦးတို့သေဆုံးခဲ့ကြောင်း အင်တာဖက်စ်သတင်းဌာနက ဒါဂျက်စတန်ရဲတပ်ဖွဲ့၏ သတင်းကို ကောက်နုတ်ဖော်ပြသည်။

ဒါဂျက်စတန်တွင် ဆင်းရဲမွဲတေမှုနှင့် အကျင့်ပျက်ခြစားမှုများက အစ္စလာမ္မစ် အစွန်းရောက်ဝါဒကို အားဖြည့်ပေးနေကြောင်း ရုရှားအစိုးရအား ဝေဖန်သူများက ပြောကြားသည်။ ယင်းဒေသတွင် သေနတ်ဖြင့် ပစ်ခတ်မှုများ၊ ကားဗုံးထောင်ဖောက်ခွဲမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ယခုနှစ်ဖေဖော်ဝါရီလအတွင်းက အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပြီး ယင်းဗုံးဖောက်ခွဲမှုကို ၎င်းတို့ ပြုလုပ်ကြောင်း အိုင်အက်စ်အဖွဲ့က ကြေညာခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတွင် ကုသမှုများခံယူလျက်ရှိပြီး ယင်းတို့ထဲမှ နှစ်ဦးမှာ ရုရှားအထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ဖြစ်သည်။

**ရိုက်တာ။**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်း



**ပြင်ဦးလွင် ဇွန် ၁၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ယနေ့ နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများရွေးချယ်ခြင်း၊ အရည်အသွေးမြှင့် လေ့ကျင့်ခြင်းစသည့် ဝန်ထမ်းစွမ်းရည်မြှင့်တင်ပေးသည့်အပိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် UNDP, JICA, World Bank, Hanns Seidel Foundation, EU (GOPA) စသည်တို့နှင့်ပူးပေါင်း၍ ပြည်သူ့ဝန်ထမ်းများ စွမ်းဆောင်ရည်(Capacity) မြှင့်တက်လာစေရန် ပြည်သူ့အတွက် အပြည့်အဝ ဆောင်ရွက်ပေးမည် ဆိုသည့် စိတ်ဓာတ်မျိုးထားရှိရန် လေ့ကျင့်ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်တမ်းဝင်အရာရှိများ ရွေးချယ်ရာတွင် လက်ရှိအသုံးပြုလျက်ရှိသော ဘာသာရပ်မေးခွန်းပုံစံများကို ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy)များကို ဖွင့်လှစ်ပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာ၊ မဟာဘွဲ့များ အပ်နှင်းချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်များဖြစ်သော လုပ်သက်ခွင့်၊ ကလေးပြုစုစောင့်ရှောက်ခွင့်နှင့် လုပ်သက်(၃၀)နှစ်ပြည့် ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူသူတို့၏ ဘဝအတွက် အခြေခံကောင်းပေးသည့် ပညာရေးဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည် ဖြစ်သောကြောင့် စဉ်းစားတွေးခေါ်မှုကို အားပေးပြီး ၂၁ ရာစုအဆင့် ကျွမ်းကျင်မှုများ ရရှိပြီး တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ရှိပြီး ဗလ ငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပြုစုပေးကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအပေါ် စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး သင်ကြားပေးမည်ဟု ယုံကြည်ချက် အပြည့်အဝရှိသည့် ဆရာ ဆရာမများ၊ ကျောင်းအုပ်များနှင့် တာဝန်ရှိသူများ အားလုံးက လက်တွဲညီညီပူးပေါင်းပြီး ကျောင်းသား ကျောင်းသူအားလုံးကို ကျောင်းစာသင်ခန်းအတွင်းမှာပင် သင်ယူမှုတတ်မြောက်အောင် သင်ကြားပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသားစံပြဆုရရှိသူတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များအား ပေးအပ်သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၄၈၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။

ထို့နောက် တက္ကသိုလ်အတွင်းရှိ ပင်မရုံးကြီး၊ ရတနာခန်းမ၊ ပတ္တမြားခန်းမ၊ နဝရတ်ခန်းမ၊ စာသင်ဆောင်များ၊ ကွန်ပျူတာ(၂)ထပ် စာသင်ဆောင်၊ တက္ကသိုလ်စာကြည့်တိုက်နှင့် သင်တန်းသား သင်တန်းသူ နှစ်ထပ်အိပ်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပထမဆုံး ဒေသနဲ့ကိုက်ညီတဲ့လုပ်ငန်းတွေကို ဦးစားပေးလုပ်ပြီး နောက်ပိုင်းမှာ နိုင်ငံတကာကိုပါဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ၊ အကြီးစားလုပ်ငန်းတွေ ဆက်လုပ်သွားမယ်

## ဦးညီပု(ရခိုင်ပြည်နယ်ဝန်ကြီးချုပ်)

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၏ အနာဂတ်တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များဆိုင်ရာ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန်နှင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ၏ လက်ရှိလုပ်ငန်းများ၊ ရေရှည်လုပ်ဆောင်သွားမည့်လုပ်ငန်းများအပေါ်တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူတို့၏စကားသံများကို ဖော်ပြလိုက်ပါသည်-



ဦးညီပု



Ms. Janet Jackson



ဦးကျော်အေးသိန်း

**ဦးညီပု (ဝန်ကြီးချုပ်)**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

ရခိုင်ပြည်နယ်ရဲ့ လက်ရှိအခြေအနေပေါ်မှာ သုံးသပ်ပြီးတော့ ဘယ်လိုလုပ်ငန်းမျိုးတွေ လုပ်ဆောင်မယ်ဆိုတာကို ဆွေးနွေးလိုက်ရင် အချက်အလက်တွေ ပေါ်လာမှာပါ။ အထူးသဖြင့် ရခိုင်ပြည်နယ်မှာ မူလကတည်းက တည်ရှိနေတဲ့ သဘာဝသယံဇာတတွေ၊ ရခိုင်ပြည်နယ်ရဲ့ ရေမြေသဘာဝအနေအထားတွေအပေါ်မှာ မူတည်စဉ်းစားပြီးတော့ လုပ်ငန်းတွေလုပ်နိုင်ပါတယ်။ ပထမဆုံး ဒေသနဲ့ကိုက်ညီတဲ့လုပ်ငန်းတွေကို ဦးစားပေးလုပ်ပြီးတော့ နောက်ပိုင်းမှာ နိုင်ငံတကာကိုပါဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ၊ အကြီးစားလုပ်ငန်းတွေ ဆက်လုပ်သွားမယ်။

**Ms. Janet Jackson**
**ကုလသမဂ္ဂ ခေတ္တညှိနှိုင်းရေးမှူး**

ရခိုင်ပြည်နယ်ဟာ အင်မတန်မှအလားအလာကောင်းတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့သမိုင်းဟာလည်း အင်မတန်မှ နက်ရှိုင်းပါတယ်။ ရခိုင်ပြည်နယ်ဟာ သဘာဝအားဖြင့်သော်လည်းကောင်း၊ လူသားတွေရဲ့ Human Protection အလားအလာအားဖြင့်သော်လည်းကောင်း ဆက်လက်ပြီးတော့ တိုးတက်ဖို့အလားအလာ အများကြီးရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေလည်းဖြစ်၊ မိတ်ဆွေတွေလည်းဖြစ်တဲ့အတွက် ရှေ့လှမ်းမယ့်ခြေလှမ်းတွေမှာ အတူတကွလှမ်းချင်ပါတယ်။ ရခိုင်ပြည်နယ်အစိုးရဟာ ရခိုင်ပြည်သူ ပြည်သားတွေ တိုးတက်ဖို့အတွက် ပူးပေါင်းပါဝင်ပြီး အားလုံးဆောင်ရွက်နိုင်တဲ့ စီမံချက်ဖြစ်လာဖို့အတွက် အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ချင်ပါတယ်။

**ဦးကျော်အေးသိန်း**
**ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး**

ရှေ့ဆက်ဆောင်ရွက်ဖို့ကတော့ ကျွန်တော်တို့ သူတို့ဆီက ကော်မတီတစ်ဖွဲ့ တောင်းထားပါတယ်။ ကျွန်တော်တို့ ပြည်နယ်ကလည်း ကော်မတီတစ်ဖွဲ့ဖွဲ့ပြီး အဲဒီနှစ်ဖွဲ့ ပေါင်းပြီးတော့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်လုပ်ရမယ့် လုပ်ငန်းအခြေအနေတွေ ချမှတ်မယ်။ ပြီးရင် ပေါင်းစပ်ညှိနှိုင်းတာတွေလုပ်မယ်။ သူတို့နဲ့ ပူးတွဲပြီးတော့ လိုအပ်တာတွေကို အဆင့်ဆင့်လုပ်ဆောင်သွားမယ်ဆိုပြီးတော့ မျှော်မှန်းထားပါတယ်။ ဖွံ့ဖြိုးမှုအတွက် သူတို့တစ်ဖွဲ့တည်းနဲ့တော့ လုပ်လို့မရပါဘူး။ ရခိုင်ပြည်နယ်မှာရှိတဲ့ အရင်းအမြစ်တွေအပါအဝင် ပေါင်းစပ်ပြီးတော့ သူတို့နဲ့ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အစိုးရတစ်ခုတည်းနဲ့တော့ ဆောင်ရွက်လို့မရပါဘူး။ အစိုးရနဲ့မိတ်ဖက်အဖွဲ့အစည်းတွေအပြင် ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်မှသာ ကျွန်တော်တို့ ဒီဒေသဖွံ့ဖြိုးဖို့အတွက် အစိုးရရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ အားလုံးပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့မူနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**(သတင်းအဖွဲ့)**

◆



# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပရာ**(ဓါတ်ပုံ)** သဘာပတိ ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅)နှစ်နှင့်အထက် ၆၇ ဦး၊ မသန်စွမ်းစစ်သည် ၁၇ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး တစ်ဦး၊ ရိုးရိုးအောင် လေးဦး စုစုပေါင်း ငါးဦးနှင့် အစည်းအဝေးတက်ရောက်လာသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၁၉ ဦးတို့အား ထောက်ပံ့ငွေကျပ် ၃၀၈၀၀၀၀ နှင့် ဆုတံဆိပ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ပစ္စည်းရှေးဟောင်း စုဆောင်းကြပါ

တင်မောင်အေး

မြန်မာနိုင်ငံသည် ရှည်လျားသော သမိုင်းကြောင်းရှိသည်။ သမိုင်းကြောင်းရှည်သလို အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုစနစ်လည်း ထွန်းကားခဲ့သည်။ မြန်မာနိုင်ငံတွင် ကျောက်ခေတ်နံရံပန်းချီများကအစ နောက်ပိုင်းကြေးခေတ်၊ သံခေတ်တို့မှ အသုံးအဆောင်ပစ္စည်းများလည်း ရှိပါသည်။ ရှေးဟောင်းသင်္ချိုင်းနေရာများလည်း တူးဖော်တွေ့ရှိရသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော် ဗုဒ္ဓသာသနာရောက်ရှိ ထွန်းကားလာသည်နှင့်အတူ လက်ရာမြောက် သာသနိကပစ္စည်းများ၊ ပန်းချီလက်ရာများလည်း အများအပြားရှိပါသည်။ ထို့ပြင် မြန်မာတို့သည် စဥ့်ပညာ၊ အိုးခွက်ပန်းကန်လုပ်သည့် ပညာတို့တွင်လည်း အဆင့်မနိမ့်ခဲ့ချေ။ ဥပမာ ၁၅ ရာစုလောက်က မုတ္တမဘက်မှ ထုတ်လုပ်ခဲ့သော မုတ္တမစဥ့်အိုးများသည် ယနေ့စဥ့်လောကတွင် နာမည်ကြီးပစ္စည်းများဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ်က၍ ယနေ့အထိ အဆင့်အတန်းမြင့်သော လူနေမှုစနစ်၊ ယဉ်ကျေးမှုစနစ်တို့ထွန်းကားခဲ့ပြီး ထိုသို့ထွန်းကားခဲ့ခြင်းကို သက်သေပြစရာ ပစ္စည်းများလည်း အတော်များများရှိခဲ့သည်။

ဤနေရာတွင် ရှိခဲ့ပါသည်ဟု ကျွန်တော်သုံးခြင်းမှာ ကျွန်တော်တို့ အဆင့်မြင့်သော ယဉ်ကျေးမှုအဆင့်အတန်းကို သက်သေပြစရာပစ္စည်း အများအပြားရှိခဲ့သော်လည်း ယခုအခါ ပြည်ပထွက်ကုန်သဖြင့် အတော်ကုန်သွား၍ဖြစ်လေသည်။ ဤသို့မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းကောင်းများ နိုင်ငံခြားသို့ရောက်သွားရခြင်းတွင် အကြောင်းအချက်များရှိသော်လည်း အဓိကအကြောင်းတစ်ရပ်မှာ မြန်မာလူမျိုးများသည် မိမိတို့ရှိုးရာ ရှေးဟောင်းပစ္စည်းများအကြောင်းကို နားမလည်မသိကြခြင်း၊ ရှေးဟောင်းပစ္စည်းများကို စုဆောင်းရန် စိတ်မဝင်စားကြခြင်းတို့ကြောင့်ဖြစ်သည်။

သာဓကပြ၍ တင်ပြရလျှင် ဗုဒ္ဓသာသနာထွန်းကားသော ကျွန်တော်တို့နိုင်ငံတွင် လက်ရာမြောက် အဆင့်မြင့်သာသနိကပစ္စည်း အများအပြားရှိခဲ့ပါ၏။ ရှေးက ဆင်စွယ်ကိုပါးပါးလှီး၍ ကမ္မဝါလုပ်ထားသော ဆင်စွယ်ကမ္မဝါထုပ်များရှိပါသည်။ ထို့ပြင် မန်ကျည်းစေ့ကမ္မဝါဟုခေါ်ကြသော သရိုးကိုင်ရွှေချကမ္မဝါထုပ်များလည်း လွန်ခဲ့သော နှစ် ၃၀ လောက်အထိ ရှေးဟောင်းပစ္စည်းဆိုင်များတွင် ရောင်းနေကြသေး၏။ ထိုစဉ်က မန်ကျည်းစေ့ကမ္မဝါတစ်ထုပ်ကို ဒေါ်လာ ၃၀ လောက် အလွန်ဆုံး ၄၀ သာတန်၏။ မြန်မာဆိုင်များ သဘောကောင်းပုံမှာ မန်ကျည်းစေ့ကမ္မဝါ သုံးလေးထုပ် နိုင်ငံခြားသားကဝယ်လျှင် ရှေးဟောင်းပေစာတစ်ထုပ်လောက်ကို လက်ဆောင်အဖြစ်ပင် ထည့်ပေးလိုက်သေးသည်။

ယခုအခါ မန်ကျည်းစေ့ကမ္မဝါထုပ်များရှားသွားပါပြီ။ တစ်ထုပ်ကို ဒေါ်လာခြောက်ရာ၊ ခုနစ်ရာပေးဝယ်သည့်တိုင် ကောင်းကောင်းကန်းကန်း ရောင်းစရာမရှိတော့ပေ။ မန်ကျည်းစေ့ကမ္မဝါမှာ စင်စစ်သာဓကတစ်ခုသာဖြစ်ပါသည်။ မှန်စီရွှေချပစ္စည်းများ၊ မြင်းမြီးဖြင့်လုပ်သည့် ယွန်းထည်ပစ္စည်းဟောင်းစသည်များ၊ ဘုရားပုထိုးများမှ နိပါတ်တော်ပုံဖော်စဥ့်ကွင်းများနှင့် စဥ့်ပစ္စည်းများ၊ အားလုံးသောပစ္စည်းကောင်းတို့သည် မြန်မာများ မစုတတ်ခြင်းကြောင့် နိုင်ငံခြားသို့ ရောက်ကုန်ကြပါသည်။

ကျွန်တော်သည် မြန်မာပြည်မှလုပ်သော အလွန်လှပလက်ရာမြောက်သည့် မှန်စီရွှေချသာသနိကပစ္စည်းများကို ထိုင်းနိုင်ငံရောက်မှပင် ရှေးဟောင်းပစ္စည်းဆိုင်များတွင် တွေ့ဖူးပေတော့သည်။ တစ်ကြိမ်က နဂါးကိုးကောင်ခံမှန်စီရွှေချတရားဟောပလ္လင်တစ်ခုကို ဘန်ကောက်ရှိရှေးဟောင်းဆိုင်တစ်ဆိုင်တွင် တွေ့ခဲ့ရပေသည်။ လက်ရာအလွန်မြောက်သည့် ပစ္စည်းတစ်ခုပါပေ၊ စင်စစ် ထိုကဲ့သို့လက်ရာမြောက် မြန်မာပစ္စည်းများအားလုံးသည် ထိုင်းတွင်ဈေးကောင်းရပြီးရောင်းချနေကြသည်မှာ နှစ်ပေါင်းအတော် ကြာပြီဖြစ်ပါသည်။ အကြောင်းအရင်းကတော့ ကျွန်တော်တို့ မစုတတ်ကြခြင်း၊ စုရန်မတတ်နိုင်ကြခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာတို့ကသာ မစုတတ်ကြခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင် လာအလုပ်လုပ်သွားကြသော နိုင်ငံခြားသားတို့ကမူ ဝယ်ယူစုဆောင်းကြသည်။ ပြီးတော့အကုန်သယ်သွားကြလေသည်။ ကျွန်တော်သိသော ဥရောပတစ်နိုင်ငံမှ သံရုံးအရာရှိတစ်ဦးသည် ခြင်္သေ့အလေး၊ ဟင်္သာအလေးစသော ရှေးအလေးများကို စုဆောင်းသည်။ သူ့ထံတွင် အလေးမျိုးစုံ အခုရေ သုံးလေးရာလောက် ကျွန်တော်တွေ့ခဲ့ရ၏။ ယခုလွန်စွာရှားသွားပြီဖြစ်သော တစ်ပိဿာလေး ဟင်္သာရုပ်၊ ခြင်္သေ့ရုပ် အလေးများ အပါအဝင်ဖြစ်၏။ သူသည်

ဖော်ညွှန်းပြသနေသောပစ္စည်းများသည် လျင်မြန်စွာ ပျောက်ကွယ်နေလေသည်။ အတော်အတန် ထိန်းသိမ်းထားနိုင်ရန် ကျွန်တော်တို့လူမျိုးများကိုယ်တိုင်က ရှေးဟောင်းပစ္စည်းများကို ချစ်ကြရမည်၊ အမြတ်တနိုး စုဆောင်းကြရမည်။ သို့မှသာ ကျွန်တော်တို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေသော ယဉ်ကျေးမှုဆိုင်ရာရှေးဟောင်းပစ္စည်းများသည် ကျွန်တော်တို့ နိုင်ငံတွင်း၌ ကျန်ရစ်မည်ဖြစ်လေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ တစ်ခါတည်း တိုက်တွန်းသွားလိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ရုံးခန်းများတွင် အလှဆင်ပြသထားရာ၌လည်း ရှေးဟောင်းပစ္စည်းစစ်စစ်များ ရှာကြံသုံးရန်ဖြစ်ပါသည်။ မြန်မာ့ရုပ်မြင်သံကြားမှ သတင်းပြလျှင်၊ နိုင်ငံခြားဧည့်သည်တော်များ၊ ဝန်ကြီးများရုံးခန်းသွားတွေ့လျှင် ရုံးခန်းတိုင်းလိုလိုတွင် ဆင်ယင်ထားသည်မှာ စောင်းကောက်၊ ဆွမ်းအုပ်၊ ရွှေတိဂုံဘုရား ပန်းချီကား၊ ဗန္ဓုလပန်ချီကားတို့သာ ဖြစ်နေတတ်ပါသည်။ နိုင်ငံတော်သမ္မတ၏ဧည့်ခန်းဆောင်မှာပင် ပုံစံတူလုပ်ထားသော သီဟာသနပလ္လင်သာ ရှိပါသည်။

**ရှည်လျားသောသမိုင်းကြောင်းနှင့် မြင့်မားသောယဉ်ကျေးမှုစနစ်တို့ကို ဖော်ညွှန်းပြသနေသောပစ္စည်းများသည် လျင်မြန်စွာပျောက်ကွယ်နေလေသည်။ အတော်အတန် ထိန်းသိမ်းထားနိုင်ရန် ကျွန်တော်တို့လူမျိုးများကိုယ်တိုင်က ရှေးဟောင်းပစ္စည်းများကို ချစ်ကြရမည်၊ အမြတ်တနိုး စုဆောင်းကြရမည်။ သို့မှသာ. . .**


မြန်မာပြည်မှ ပြန်သောအခါ အကုန်သယ်သွားရာ သူတစ်ယောက်တည်းနှင့်ပင် အလေးသုံးလေးရာလောက် ပါသွားပါသည်။ အလားတူပင် ငွေထည်အဟောင်းစုသူ၊ ကမ္မဝါစုသူ၊ ပျူခေတ်ပုတီးစေ့များစုသူစသည်ဖြင့် ပါပါသွားကြသည်မှာ မနည်းမနောပင်။ ဤသို့ပါသွားသည်များရှိသလို အောက်လမ်းမှ ပြည်ပထွက်သွားသည်များကလည်း အများအပြား။

ရှေးဟောင်းပစ္စည်း ဝယ်ယူစုဆောင်းသူ နိုင်ငံခြားသားများထဲမှ ရှားရှားပါးပါး အချို့ကမူ သူတို့စုထားသောပစ္စည်းများကို မပြန်မီ ပြန်လှူခဲ့ကြလေသည်။ ဥပမာအားဖြင့် ရန်ကုန်တွင်အလုပ်လာလုပ်သွားသော မစ္စမရီယန်မာရှယ်ဆိုသည့် အမေရိကန် အမျိုးသမီးကြီးဖြစ်သည်။ သူမသည် ဝယ်ယူစုဆောင်းထားသော သာသနိက ပစ္စည်းအများအပြားကို သီလရှင်ကျောင်းတစ်ကျောင်းသို့ လှူဒါန်းထားခဲ့လေသည်။ အလားတူ ဂျပန်လုပ်ငန်းရှင်တစ်ဦးက ရှေးဟောင်းဘုရားများဝယ်ယူစုဆောင်းပြီး လှူဒါန်းခဲ့သဖြင့် မှော်ဘီအောင်ဇဗ္ဗူတောရကျောင်းတွင်ရှေးဟောင်းဘုရားမျိုးစုံကို ကျွန်တော်တို့ ယနေ့ဖူးနေရခြင်းဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် ကျွန်တော်တို့တိုင်းပြည်မှ ကျွန်တော်တို့၏ ရှည်လျားသောသမိုင်းကြောင်းနှင့် မြင့်မားသောယဉ်ကျေးမှုစနစ်တို့ကို

ထိုသီဟာသနပလ္လင်သည် လှပခံ့ညားပါသည်။ သို့သော် ပုံစံတူပြုလုပ်ထားခြင်းဖြစ်၍ ကော်ပီပွားသာ ဖြစ်ပါသည်။ ရှေးဟောင်းပစ္စည်းအနေဖြင့် တန်ဖိုးမရှိပါ။ ထိုသီဟာသနပလ္လင်နှင့် တွဲဖက်ပြထားရန်ပစ္စည်းများ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရှိပါသည်။

သာဓကအားဖြင့်ပြောရလျှင် လွန်ခဲ့သည့် နှစ်အစိတ်ခန့်က ဘန်ကောက်ရှိ ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင်တွင် လေ့သင်းအတွင်းဝန်မင်း လှူဒါန်းခဲ့သော ကမ္မဝါထုပ်၊ မကွေးမင်းကြီးလှူဒါန်းခဲ့သော ကမ္မဝါထုပ်တို့ကို တွေ့၍ ကျွန်တော်ဝယ်လာခဲ့သည်။ ရှားပါးပစ္စည်း၊ ပစ္စည်းကောင်းများဖြစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ကျွန်တော်လှူဒါန်းခဲ့သည်။ ရွှေရောင်တဝင်းဝင်းနှင့် ရတနာပုံခေတ်က ဝန်ကြီးများလှူဒါန်းခဲ့သော မန်ကျည်းစေ့ကမ္မဝါထုပ်မျိုးကို သီဟာသနပလ္လင်ခန်းမတွင် တွဲဖက်ပြထားသင့်သည်။ ရနိုင်လျှင်ဆင်စွယ်ကမ္မဝါပါထားရှိသင့်ပါသည်။ ထို့ပြင် အဖြူခံတွင် အစိမ်းရောင်ဒေါင်းရုပ်၊ ငါးရုပ်များပါ မြန်မာပန်းကန်ကြီးများကဲ့သို့ ပစ္စည်းများ ပူးတွဲထားရှိသင့်သည်။ လွှတ်တော်ဥက္ကဋ္ဌကြီးများ၏ ရုံးခန်းများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ရုံးခန်းများတွင်လည်း ရှေးဟောင်းပစ္စည်းစစ်စစ်များနှင့် တန်ဆာဆင်သင့်လှပါကြောင်း။ ။




## လယ်ယာသုံးစက်ကိရိယာမောင်းနှင့်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်း

**ညောင်လေးပင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရက် ၁၀၀ စီမံချက်ဖြင့် လယ်ယာသုံးစက်ရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၂) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယခုဖွင့်လှစ်သော သင်တန်းကို ဇွန် ၆ ရက်မှ ၁၇ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ဒေသရှိ စက်ကိရိယာများကို မောင်းနှင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် စက်ကိရိယာနှင့်ပတ်သက်သော အခြေခံသဘောတရားများကို သိရှိနားလည်ကာ ကိုယ်တိုင်မောင်းနှင်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လယ်ယာသုံးစက်ရိယာအမျိုးမျိုး မောင်းနှင်ထိန်းသိမ်းမှုစာတွေ့ဘာသာရပ်များနှင့်စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းပညာရပ်များကို ရရှိသောကြောင့် လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ **(နေလင်း)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မူလတန်းပညာရေး

**ခိုင်လုံးမွှေး**

ခုတလော ကလေးတွေအတွက် သင်ရိုးသစ်ဆိုင်ရာ သင်တန်းတွေပေးနေတာကို သတင်းစာတွေထဲမှာရော၊ Facebook ထဲမှာ တင်ထားတာတွေပါ တွေ့နေရပါတယ်။ သတင်းစာထဲမှာ ဆောင်းပါးတစ်ပုဒ်ကိုလည်း ဖတ်လိုက်ရလို့ တော်တော်စိတ်ဝင်စားမိပါတယ်။ ကလေးတွေကို သင်နည်းပုံစံတွေ ပြောင်းမှာ၊ သင်တဲ့ဘာသာရပ်တွေ ပြောင်းမှာလို့ နားလည်မိပါတယ်။ အထူးသဖြင့် စာတွေချည်းပဲ စာသင်ခန်းထဲမှာ ဖိသင်ခံနေရတဲ့ ကလေးတွေ ဝဋ်ကျွတ်တော့မှာပေါ့။ ကျောင်းစနေကတည်းက စာပြီးရင် စာ၊ ကျောင်းကနေကျူရှင်၊ ကျူရှင်အပြန်အိမ်မှာ Guide ဆရာမနဲ့သင်လိုက်ကြရတာ သင်ပြီးရင်း သင်ရင်းနဲ့ တစ်နေ့ ၂၄ နာရီစလုံးကို ကုန်အောင် ကလေးတွေ အသင်ခံနေကြရတာ လူတိုင်းအသိပါပဲ။ အဲဒီလောက်သင်လို့ ဘာတွေတတ်သွားကြသလဲ။ ဘယ်လောက်တတ်သွားကြသလဲ။ ဒါကိုလည်း လူတိုင်းသိကြပါတယ်။ ကျောင်းသား ကျောင်းသူတွေက စာတွေအများကြီး ကျက်ရလွန်းတော့ မှတ်ဉာဏ်ပိုင်းဆိုင်ရာ ကျက်အားကောင်းလာတာတွေ ရှိမှာပါ။ ဒါပေမယ့် သညာဆီပဲများပြီး ပညာဆီပိုင်းမှာ မရှိတော့ဘဲဖြစ်သွားတာ တွေ့ရပါတယ်။ မှတ်ဉာဏ်ပိုကောင်းတဲ့သူ၊ ကျက်အားပိုရှိတဲ့သူက အမှတ်သာသွားတဲ့ သဘောဖြစ်နေတော့ အလွတ်မကျက်မှတ်ရဘဲ ထိုးထွင်းသိမြင်ရမယ့် အပိုင်းတွေ၊ ဆင်ခြင်စဉ်းစားရမယ့် ကဏ္ဍတွေ၊ ပိုင်းခြားဝေဖန်ရမယ့် သဘောတွေကိုကျရင် တစ်နည်းပြောရရင် ကိုယ့်ဘာသာစဉ်းစားရမယ့်ပုစ္ဆာတွေကို မဖြေတတ်တော့ဘူး။ ကျောင်းသင်ခန်းစာထဲမှာ မပါတာတွေဆို မဖြေနိုင်တော့ပါဘူး။ သင်ရိုးထဲမှာ ပါတာတောင်မှ အလွတ်ကျက်ရမယ့် အပိုင်းကိုပဲဖြေနိုင်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဖြေရမှာတွေကျတော့ မရတော့ပါဘူး။ ဒီတော့ အလွယ်တကူ ဖြေရှင်းနည်းက ရှိပြီးသားပါ။ အဲဒီအပိုင်းကိုလည်း ဆရာတွေ၊ ကျူရှင်တွေက ရေးပေးပြီး အလွတ်ကျက်ခိုင်းလိုက်တာပေါ့။

> **မှတ်ဉာဏ်ပိုကောင်းတဲ့သူ၊ ကျက်အားပိုရှိတဲ့သူက အမှတ်သာသွားတဲ့ သဘောဖြစ်နေတော့ အလွတ်မကျက်မှတ်ရဘဲ ထိုးထွင်းသိမြင်ရမယ့် အပိုင်းတွေ၊ ဆင်ခြင်စဉ်းစားရမယ့် ကဏ္ဍတွေ၊ ပိုင်းခြားဝေဖန်ရမယ့် သဘောတွေကိုကျရင် တစ်နည်းပြောရရင် ကိုယ့်ဘာသာစဉ်းစားရမယ့် ပုစ္ဆာတွေကိုမဖြေတတ်တော့ဘူး။**

မြန်မာဘာသာရပ်လိုမျိုးမှာ 'စာစီစာကုံး' ဆိုတာ ကလေးတွေ လွတ်လွတ်လပ်လပ် စိတ်ကူး၊ ကိုယ့်မှာရှိတဲ့ ဗဟုသုတတွေနဲ့ ပေါင်းစပ်၊ ပေါ့ပေါ့ပါးပါး ရေးရတာမျိုးကိုတောင် ဆရာတွေ၊ ကျူရှင်တွေက ရေးပေးပြီး အလွတ်ကျက်ခိုင်းတော့ သွားပြီပေါ့။ ဘယ်လိုမှကို ကိုယ့်ဘာသာ မရေးတတ်၊ မတွေးတတ်တော့ဘူး။ အခြေခံပညာ အဆင့်ကတည်းက ကျက်အားသန်သန်နဲ့လာတဲ့ ကျောင်းသား ကျောင်းသူတွေက တက္ကသိုလ်အဆင့်မှာလည်း Notes ကိုပဲ တောင်းဆိုနေတာကို တွေ့ရပါတယ်။ Notes မပေးရင်ကိုပဲ အဲဒီ ဆရာ၊ ဆရာမသင်တာကို မကြိုက်ဘူးလို့ ပြောကြတော့တာပါပဲ။ ကျွန်မတို့ခေတ်တွေတုန်းက တက္ကသိုလ်မှာ လက်ချာပဲပေးတာမို့ လက်ချာလိုက်တတ်အောင် လုပ်ရပါတယ်။ လက်ချာလိုက်တာက အစမှာတော့ နည်းနည်းအခက်တွေ့ပေမယ့် တဖြည်းဖြည်းနဲ့ နားကနားထောင်၊ စိတ်ကမှတ်သား၊ လက်ကလိုက်ရေးရတာ ပိုကောင်းမှန်းသိလာပါတယ်။ ဆရာ ဆရာမပြောသမျှ လိုက်ရေးတာမျိုးမဟုတ်တော့ဘဲ အရေးကြီးတာ၊ ကိုယ်မသိတာ၊ လိုအပ်မယ်ထင်တာကိုပဲ လိုက်ရေးတတ်လာပါတယ်။ တစ်ခါတစ်ရံ လက်ချာလိုက်ရင်းနဲ့ ကိုယ့်ရဲ့ဝေဖန်ချက်တွေ၊ မှတ်ချက်တွေပါ ထည့်ရေးသေးတာပါ။ ဒီလက်ချာတွေကို အခြေခံပြီး နည်းပြတန်းစာမေးပွဲတွေဖြေဖို့ ကိုယ့်ဘာသာ မှတ်စုပြန်ရေးကြရပါတယ်။ ဒီတော့ ကိုယ့်ဘာသာလည်း ရေးတတ်သွားတာပေါ့။ သူများရေးပြီးသားကို ကျက်ရတာလောက် မလွယ်ဘူးလို့ ခုခေတ်ကလေးတွေ ထင်မှာပဲ။ တကယ်တော့ ကိုယ့်ဘာသာရေးထားပြီး ပြန်ကျက်တာကမှ ရလည်းရလွယ်ပြီး မေ့လည်းတော်တော်နဲ့မမေ့ပါဘူး။ အလွတ်ကျက်ထားတဲ့သူတွေက အစလေးမေ့သွားရင် အကုန်ဘာမှမရေးနိုင်တော့ပေမယ့် ကိုယ့်ဘာသာရေးပြီး ကျက်ထားတဲ့သူက မေ့လည်းနည်းနည်းပါပဲ။ ကိုယ့်ဘာသာ ပြန်ပြီးရေး နိုင်တာပါပဲ။ ဒီတော့ ကျောင်းတွေမှာ မှတ်စု Notes မပေးဘဲ ကိုယ့်ဘာသာ လိုက်နားထောင်၊ လိုက်မှတ်၊ လိုက်ရေးပြီးမှ ကျက်စရာကို ကိုယ့်ဘာသာ ဖန်တီးခိုင်းတာ ကောင်းပါတယ်။

အရင်က ကျောင်းတွေမှာ 'ကျွန်တော့်အကြောင်း' စာစီစာကုံး ရေးခိုင်းတယ်ဆိုပါစို့။ ကိုယ့်ဘာသာ ရေးတတ်အောင် ဆရာတွေက မသင်ဘဲ ကျွန်တော်၏အမည်မှာ တစ်ခုပဲ ကိုယ့်နာမည်ကိုရေးခိုင်းပြီး အဖေနာမည် အမေနာမည်တွေကိုတောင် ဆရာက ရေးပေးတဲ့အတိုင်း ဦးဘ၊ ဒေါ်မြတွေဖြစ်ကုန်ပြီး တစ်တန်းလုံး အဖေတူ အမေတူတွေ ဖြစ်ကုန်ကြပါတယ်။ ကလေးတွေက ဒါအော်ကျက်ပြီး ဒါချရေးတာဆိုတော့ တူကုန်ကြတာပေါ့။ ကိုယ့်အကြောင်းကိုတောင် ကိုယ့်ဘာသာရေးခွင့်မရတဲ့၊ ရေးတတ်အောင် သင်မပေးကြတဲ့ခေတ်ကြီးမှာ ကလေးတွေအတွက် ထိုးထွင်းဉာဏ်ဆိုတာဝေးလို့ ကိုယ်ပိုင်ဉာဏ်ကို အသုံးချခွင့်မရတဲ့ ဘဝမျိုးနဲ့ ကြီးပြင်းလာကြရပါတယ်။ ဆရာ ဆရာမတွေက ပေးထားတဲ့မှတ်စုမှာ 'သည်' နဲ့ အဆုံးသတ်ထားတာကို '၏' လို့ ပြောင်းရေးရင်ကိုပဲ အမှတ်မပေးကြတော့၊ ကလေးတွေက တစ်သဝေမတိမ်း ကျက်ကိုကျက်ကြ၊ ရေးကိုရေးကြရပါတယ်။ 'သည်၊ ၏' မလွဲဆိုတာ အဲဒါကို ပြောတာနေမှာပါ။ ဆရာ ဆရာမတွေက ကလေးတွေ ကိုယ့်ဘာသာ ဘာမှ မလုပ်တတ်အောင်၊ ဘာမှ မရေးတတ်အောင် လေ့ကျင့်ပေးထားသလို ဖြစ်နေပါတယ်။ ဒါမှလည်း ကလေးတွေက ဆရာ ဆရာမတွေကိုပဲ မှီခိုလွန်းပြီး ဆရာ ဆရာမ မပါရင် ဘာမှမဖြစ်။ မရှိမဖြစ် ဆရာ ဆရာမတွေ အနေနဲ့ ကလေးတွေရဲ့ အားထားရာ၊ အားကိုးရာ နီကြောစ ညောင်ပင်ကြီး ဖြစ်လာတော့မှာပေါ့။ အဲဒီလို ဖြစ်လာအောင် လုပ်ထားမှလည်း ကျောင်းသားကျောင်းသူက ကိုယ့်ဆီလာမှာကိုး။ ခုတော့ ဒီခေတ်ကုန်ပြီ ထင်ပါရဲ့။ သင်ရိုးသစ်တွေနဲ့၊ သင်နည်းသစ်တွေနဲ့ သင်တော့မယ်ဆိုပြီး သင်တန်းတွေ ပေးနေတာ သိနေရကြားနေရတော့ ဝမ်းသာမိပါတယ်။

ကျွန်မတို့ကလေးတွေကို သင်ကြားကြရာမှာ ပထမဆုံး စာမသင်ခင် ကျောင်းနေဖို့ကိစ္စ၊ ကျောင်းရွေးချယ်မှုကိစ္စက စကြရမယ်ထင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ကလေးတစ်ယောက် ကျောင်းထားတော့မယ်ဆိုရင် မိဘက ဘယ်လိုကျောင်းမျိုး ရွေးသလဲဆိုတော့ ပိုက်ဆံကုန်ချင်ကုန်ပါစေ၊ နာမည်ကြီးကျောင်းဖြစ်ရမယ်ဆိုတဲ့မူနဲ့ ရွေးပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံမှာ နာမည်ကြီးကျောင်းတွေဆိုရင် ကျောင်းသားကမဆံ့ရင်ကာ များနေတတ်ပါတယ်။ ကျောင်းတွေက ကျောင်းသားကို တစ်တန်းဘယ်လောက်လို့ သတ်မှတ်ပေမယ့် သတ်မှတ်ချက်ထက် ပိုများတာချည်းပါပဲ။ တန်းခွဲတွေကလည်း အများကြီးထားပြီး ကျောင်းသားတွေကို အရေအတွက် အများကြီးလက်ခံကြပါတယ်။ တချို့ နာမည်မကြီးတဲ့ ကျောင်းတွေကျတော့ ကျောင်းသားတွေ မဖြစ်စလောက်ဘဲ ရှိကြတာပါ။ အခုခေတ်ဆို ကိုယ်ပိုင်ကျောင်းတွေ ပေါ်လာတော့ နာမည်ကြီးကျောင်းတွေမှာတောင် ကျောင်းသား လျော့သွားပါတယ်။ တကယ်ဖြစ်သင့်တာက ကျောင်းတစ်ကျောင်းမှာ ကျောင်းသား လက်ခံတော့မယ်ဆိုရင် မူတစ်ခုထားရပါမယ်။ နိုင်ငံတော်အစိုးရကိုယ်တိုင်က မြို့နယ်တိုင်းမှာ မြို့နယ်တစ်မြို့နယ်ကို အနည်းဆုံး မူလတန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနဲ့ အထက်တန်းကျောင်း သုံးကျောင်းလောက် ဖွင့်ထားပေးရပါမယ်။ ပြီးရင် ကျောင်းနေစကတည်းက ဒီမြို့နယ်က ကျောင်းသားက ဒီမြို့နယ်အတွင်းမှာပဲ ကျောင်းတက်ရမယ်လို့ သတ်မှတ်ရပါမယ်။ နယ်ကျော်ပြီး နာမည်ကြီးကျောင်းကို သွားတက်မယ်ဆိုတာမျိုး လုံးဝခွင့်မပြုရပါဘူး။ ဒီမူလတန်းကျောင်းမှာပဲ တက်ရမယ်လို့ မြို့နယ်အတွင်း နေထိုင်သူတွေကို သတ်မှတ်ပေးလိုက်ရပါမယ်။ မူလတန်းကျောင်း သုံးကျောင်း ဖွင့်ထားရင် သုံးကျောင်းထဲက ကိုယ့်အိမ်နဲ့အနီးဆုံးကျောင်းကိုတော့ ရွေးခွင့်ရှိပါတယ်။ အဲဒီလို သတ်မှတ်လိုက်ရင် ကျောင်းစနေရမယ့် ကလေးတွေအတွက် ပြဿနာတစ်ခု ပြေလည်သွားပါလိမ့်မယ်။

ကျွန်မတို့ နိုင်ငံမှာ မကြာခင်က ကိုယ်ပိုင်မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေ ဖွင့်ခွင့်ပေးလိုက်တာ ဘာမူတွေနဲ့ တိုင်းတာလိုက်သလဲ၊ မူတွေရောရှိသလား၊ တကယ်ရော တိုင်းတာ သတ်မှတ်လိုက်သလားတော့ မသိပါဘူး။ တချို့ကျောင်းတွေ(မူလတန်း အထူးသဖြင့်)ဆို ကျောင်းပရဝဏ်(Campus)မရှိဘူး၊ အားကစားကွင်းမရှိဘူး။ အထပ်မြင့် အဆောက်အအုံ ထီးထီးချည်းပဲရှိတာကို ကိုယ်ပိုင်မူလတန်းကျောင်း ဖွင့်ခွင့်ပြု လိုက်တယ်။ လူနေရပ်ကွက်ထဲ၊ အိမ်ချင်းကပ်ရပ်တွေ ပြွတ်သိပ်နေတဲ့အထဲ ဖွင့်ခွင့်ပေးလိုက်တော့ အဲဒီ မူလတန်းကျောင်းကို ကျောင်းလာကြိုတဲ့ကားတွေက သူများအိမ်ရှေ့တွေမှာ ပိတ်ရပ်၊ အိမ်ရှင်ရဲ့ကားတွေ ဆိုင်ကယ်တွေထွက်မရနဲ့ အနီးနားဝန်းကျင်အိမ်ကလူတွေ တော်တော် စိတ်ညစ်ကြရပါတယ်။ ကျောင်းပရဝဏ်ကလည်းမရှိတော့ ကလေးတွေက လမ်းဘေးမှာ၊ သူများအိမ်ပေါက်တွေမှာ ဆော့ကြ၊ ကစားကြနဲ့မို့ မလာနဲ့၊ မကစားနဲ့လို့ ထွက်ပြောရလည်း အခက်၊ မပြောပြန်တော့လည်း အိမ်ရှေ့ပိတ်ကစားနေကြတာ ပွက်ပွက်ရိုက်လို့။ ကလေးပီပီ အားနာရကောင်းမှန်း မသိနဲ့ ကျောင်းနားဝန်းကျင်အိမ်ကလူတွေ စိတ်ညစ်ကြရတာ နေ့တိုင်းပါပဲ။ ဒါ ဘာဖြစ်လို့ အဲဒီလိုဖြစ်တာလဲဆိုတော့ ကိုယ်ပိုင်ကျောင်းဖွင့်ခွင့် ပေးတဲ့လူတွေက ကျောင်းအင်္ဂါနဲ့ ညီညွတ်မှု ရှိ၊ မရှိ မကြည့်ဘဲ ခွင့်ပြုလိုက်တာမို့လို့ပါပဲ။ ကျောင်းတစ်ကျောင်းရယ်လို့ ဆိုမှဖြင့် ကျောင်းအင်္ဂါရပ်နဲ့ ပြည့်စုံညီညွတ်ဖို့လိုပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက အဲဒီ သတ်မှတ်ချက်နဲ့ တိုင်းတာပြီးမှ ပြည့်စုံရင် ဖွင့်ခွင့်ပေးရမှာပါ။ ခုတော့ထင်သလိုဖြစ်နေတာ သေသေချာချာ စစ်ဆေးကြည့်ရင်တွေ့မှာပါ။

ကျောင်းဆိုတာက လူနေရပ်ကွက်အတွင်းထဲ ရှိနေရင်တောင် လူနေအိမ်တွေနဲ့ ကျောင်းကို ပိုင်းကန့်ထားတဲ့ ခြံစည်းရိုး၊ ဝင်းကျယ်ကျယ်၊ အားကစားကွင်း၊ ခိုင်ခံ့တဲ့ အဆောက်အအုံ(မူလတန်းဆို အထပ်မြင့် မဖြစ်သင့်)နဲ့ လာကြိုတဲ့ကားတွေ၊ ဆိုင်ကယ်တွေ ဝင်တာ၊ ထွက်တာနဲ့ လမ်းအကျယ်ရှိတဲ့ နေရာမျိုး ဖြစ်သင့်ပါတယ်။ ကျွန်မရောက်ခဲ့တဲ့ ဂျပန်နိုင်ငံက မူလတန်းကျောင်းတွေဆို လူနေရပ်ကွက်ထဲမှာ ရှိတာပါပဲ။ ဒါပေမဲ့ အိမ်တွေနဲ့ တအား ကပ်မနေဘဲ သီးခြားခြံဝင်းထဲမှာ ဆောက်ထားကြတာပါ။ လူနေအိမ်တွေနဲ့ တအားကပ်နေရင် အိမ်တွေလည်း အနှောင့်အယှက်ဖြစ်၊ ကျောင်းလည်း မလွတ်မလပ်နဲ့ စိတ်ရှိတိုင်း ဆောင်ရွက်လို့မရ ဖြစ်မှာမို့ ဖြစ်နိုင်ရင်တော့ လူနေရပ်ကွက်တွေမှာ အိမ်နီးချင်းကပ်ရပ် ပြွတ်သိပ်နေတဲ့ နေရာမျိုးတွေမှာ ကိုယ်ပိုင်ကျောင်း ဖွင့်ခွင့်မပေးသင့်ပါဘူး။ ခုတော့ ကိုယ်ပိုင်ကျောင်းတွေကို သေသေချာချာ လိုက်စိစစ်ဦးမယ်လို့ ကြားတဲ့အတွက် ဝမ်းသာသွားပါတယ်။ ဒါကို သူများစီးပွားရေးလို့ တွက်လို့မရပါဘူး။ ပညာရေးပါ။ ပညာရေးဖြစ်လို့ သိပ်အရေးကြီးပါတယ်။ အထူးသဖြင့် ကျောင်းနေရာ ကျယ်ကျယ်မရှိဘဲ မဖြစ်စလောက်နေရာလေးနဲ့ ကိုယ်ပိုင်ကျောင်းဖွင့်တာက မကောင်းပါဘူး။ ဘယ်လောက် အထပ်မြင့်မြင့်၊ အဆင့်မြင့်ကျောင်းလို့ နာမည်တပ်လိုက်ရုံနဲ့ အဆင့်မြင့်တာမဟုတ်ပါဘူး။ အထပ်မြင့်ကျောင်းဆိုရင်တော့ ဟုတ်မလားပါဘဲ။

ကျွန်မလည်း ကလေးတွေကို ကျောင်းထားဖို့ကိစ္စ ပြောရင်းနဲ့ ကျောင်းတွေရဲ့ တည်ရှိပုံဘက်ကို ရောက်သွားပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် မူလတန်းကလေးက သက်ဆိုင်ရာမြို့နယ်တွင်းမှာရှိတဲ့ မူလတန်းကျောင်းမှာ စတက်ရပြီး မူလတန်း ခြောက်နှစ်ပြီးတာနဲ့ အဲဒီကျောင်းကနေ သတ်မှတ်ပေးထားတဲ့ အလယ်တန်းကျောင်းကို ပြောင်းတက်ကြရပါတယ်။ အဲဒီလို သတ်မှတ်ထားလို့ ကျောင်းသား ကျောင်းသူတွေရဲ့ သွားရေးလာရေးကအစ တော်တော် အဆင်ပြေပါတယ်။ သူတို့နိုင်ငံမှာ ကလေးတွေကို မိဘတွေက ကျောင်းစထားတုန်း တစ်ရက်နှစ်ရက်ပဲ ကျောင်းလိုက်ပို့ရပါတယ်။ နောက်ရက်တွေကျ ကိုယ့်ဘာသာပဲ သွားရပါတယ်။ အများအားဖြင့်လည်း ညီအစ်ကို မောင်နှမရှိကြတော့ ကိုယ့်ထက်ကြီးတဲ့ သူတွေနဲ့တွဲပြီး ကျောင်းလိုက်ကြရတာပါပဲ။ မရှိလည်း အိမ်နီးချင်းတွေနဲ့အတူ သွားကြရပါတယ်။ အိမ်နဲ့ ကျောင်းကလည်း သိပ်အဝေးကြီးမဟုတ်ကျတော့ စိတ်ချလက်ချ လွှတ်လိုက်နိုင်ပါတယ်။ ဂျပန်နိုင်ငံမှာ ကျောင်းသား ကျောင်းသူတွေက မူလတန်း၊ အလယ်တန်း အဆင့်ဆိုကျောင်းကို ခြေကျင်ပဲလာရပါတယ်။ အထက်တန်းကျောင်းရောက်မှပဲ စက်ဘီးနဲ့ ကျောင်းလာခွင့်ပြုပါတယ်။ အလယ်တန်းကျောင်းမှာ စက်ဘီးနဲ့လာရင် မိဘကို တန်းခေါ်ပြီး သတိပေးတော့တာပါ။ ကားနဲ့ မိဘက လာပို့ဖို့ဆိုတာ ဝေလာဝေးလို့ မိဘက ကျောင်းကိုလိုက်လာလို့တောင် မရပါဘူး။ ကျောင်းက ဖိတ်ခေါ်တဲ့နေ့ကျမှ သွားကြည့်ရပါတယ်။ အဲဒီအကြောင်းလေးကို အသေးစိတ်ပြောပါရစေ။ မိဘတွေကို ကလေးကျောင်းအပ်ကတည်းက ဘယ်သူ့အဖေ၊ ဘယ်သူ့အမေဆိုတာ ရေးထားတဲ့ကတ် တစ်ခုစီ ပေးထားပါတယ်။ အဲဒီကတ် (လည်ဆွဲကတ်)ကို ကျောင်းက ဖိတ်တဲ့ မိဘဆရာအသင်း အစည်းအဝေးရှိရင် အစည်းအဝေးလာတဲ့အခါ လည်ပင်းမှာ ဆွဲလာရပါတယ်။ ကျောင်းက ဖိတ်တဲ့ အားကစားပြိုင်ပွဲ လာကြည့်ပါဆိုရင် အားကစားပြိုင်ပွဲကိုလာတဲ့အခါ ဆွဲလာရပါတယ်။ တစ်နှစ်မှာတစ်ခါ ကျောင်းပိတ်ရက်(တနင်္ဂနွေ)မှာ ကျောင်းကို တစ်နေကုန် လာကြည့်နိုင်ပါတယ်ဆိုပြီး ဖိတ်ကြားပြသမှုအတွက် သွားရရင် ကတ်ပြားဆွဲသွားရပါတယ်။ ကတ်မပါရင် ဒါမှမဟုတ် အကြောင်းကိစ္စနဲ့ ဖိတ်ခေါ်ခံရတာ မဟုတ်ရင် ကျောင်းထဲကို ဝင်ခွင့်မပေးပါဘူး။ သူတို့ စည်းကမ်းက အဲဒီလိုပါ။ ကျွန်မတို့ဆို နိုင်ငံခြားသား ဖြစ်နေတာတောင် ထူးပြီး အခွင့်အရေး မရပါဘူး။ ကျွန်မကလေးကိုလည်း နိုင်ငံခြား ကျောင်းသား ကျောင်းသူမို့ မိဘတွေတော့ လိုက်ပို့နိုင်တယ်လို့ စည်းကမ်းလျှော့မပေးပါဘူး။

(ဆက်လက်ဖော်ပြပါမည်)

# SME များအတွက် ဟားခါး၌ သင်တန်းဖွင့်

**ဟားခါး ဇွန် ၁၈**

ချင်းပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသော Business Plan Creation and Strategy Development Training သင်တန်းဖွင့်ပွဲအခမ်း အနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ညိုက SME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်းက သင်တန်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းကို တက်ရောက်ခြင်းကြောင့် မိမိရိုးဖလာလုပ်ကိုင်နေသော SME များအနေဖြင့် မိမိတို့၏လုပ်ငန်းများအတွက် Business Plan များ စနစ်တကျရေးဆွဲရန်အတွက် Strategy များ ချမှတ်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် Investor များအား မိမိတို့လုပ်ငန်း Plan ကို တင်ပြနိုင်ခြင်း၊ Venture Capital များ လျှောက်ထားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြကာ သင်တန်းကို ဇွန် ၂၀ ရက်ထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အနာဂတ်မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲနောက်ဆုံးနေ့ထိ ကြည့်ရှုသူများပြား

မန္တလေး ဇွန် ၁၈

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးရည်ရွယ်ချက်ဖြင့်ကျင်းပသော "အနာဂတ်မန္တလေးသစ်ဆီသို့" ကာတွန်းပြပွဲကို ကျုံးဘေး (၂၆)လမ်း နှင့် (၇၆)လမ်းတွင် ပဥ္စမမြောက်ရက် နောက်ဆုံးနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသထားရာ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူ၊ ရုပ်ပြောင်ကယ်ရီကေးချားလာရောက်ဆွဲခံသူများဖြင့် ပြပွဲကိုစိတ်ဝင်တစားလာရောက်ကြည့်ရှုကြသည်။

ယင်းပြပွဲကို မန္တလေးမြို့ပေါ် ကာတွန်းဆရာ ၃၆ ဦး၏ ကာတွန်းပြကွက် ၁၅၇ ပုံကို ယခုလ ၇ ရက်မှ ၁၁ ရက်ထိ ငါးရက်တိုင်တိုင် ခင်းကျင်းပြသခဲ့ရာ လာရောက်ကြည့်ရှုသူများ သဘောကျနှစ်ခြိုက်ကြကြောင်းသိရသည်။

**(ဝဝ၂)**

**■ အရိုးပါးမှ**

အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့အပြင် အမျိုးသမီးများ၏ အရိုးမှာ အမျိုးသားများထက် ပိုမိုပါးလွှာသည်။ ထိုအချက်များကြောင့်ပင် အရိုးပွရောဂါသည် အမျိုးသားများထက် သွေးဆုံးပြီး အမျိုးသမီးများတွင် ပိုအဖြစ်များရခြင်းဖြစ်သည်။ သို့သော်လည်း အသက်(၅၀)ကျော် အမျိုးသားများတွင်လည်း အဆိုပါရောဂါဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

"ဒီရောဂါရဲ့ထူးခြားချက်က ရောဂါဖြစ်လာပြီဆိုတာကို တော်တော်များများမသိကြတာ။ ဒါကြောင့်လည်း ဒီရောဂါကို အရိုးရောဂါပညာပါမောက္ခ ဆရာကြီးဦးကျော်မြင့်နိုင်က ၂၀၁၁ ခုနှစ် မြန်မာတိုင်းနဲ့တွေ့ဆုံခန်းမှာ ဘယ်လိုတောင်ပြောခဲ့သလဲဆိုရင် Silent Killer အသံတိတ်လူသတ်သမားလို့တောင် ပြောခဲ့တယ်။ ပါးလို့ပါးမှန်းမသိ၊ ပွလို့ပွမှန်းမသိ သိတဲ့အချိန်မှာ ကျိုးပြီးမှ သိကြတာများတယ်" ဟု ဒေါက်တာသိန်းမြင့်က ဆက်လက်ပြောသည်။

အဆိုပါရောဂါဖြစ်ပေါ်လာနိုင်သည့်လက္ခဏာများမှာ အရိုးနှင့်ခါးရိုးများ နာခြင်း၊ အရပ်အမောင်းနိမ့်ဆင်းသွားခြင်း၊ အရိုးကျိုးလွယ်ခြင်း၊ ကျောရိုးကို တည်ဆောက်ထားသည့် အရိုးပွများမှာ အရိုးသိပ်သည်းဆ ပို၍ပွလာခြင်းကြောင့် ခံနိုင်ရည်အားနည်းလာပြီး ခါးမှာအရှေ့ဘက်သို့ တဖြည်းဖြည်းကုန်းလာခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

Bone X-ray (အရိုးဓာတ်မှန်) ရိုက်ခြင်း၊ DXA (Dual energy X-ray Absortiometry) X-ray ကို အသုံးပြုကာ အရိုးပါးလွှာခြင်း ရှိ၊ မရှိ တိုင်းတာခြင်းများဖြင့် အရိုးပွရောဂါ ရှိ၊ မရှိစမ်းသပ်စစ်ဆေးကြရန် လိုအပ်ကြောင်း သိရသည်။ T score -1 နှင့် ၂ ဒသမ ၅ ကြားတွင်ရှိပါက အရိုးပါးလွှာနေပြီဖြစ်ပြီး ၂ ဒသမ ၅ နှင့် အောက်ဆိုပါက အရိုးပွရောဂါရှိနေပြီဟု သိရှိနိုင်ကြောင်း သိရသည်။

"အရိုးပါး၊ အရိုးပွရောဂါက ကျိုးမှကုရတဲ့ရောဂါမဟုတ်ပါဘူး။ မကျိုးခင်ကတည်းက ကြိုတင်ပြီးကာကွယ်လို့လည်းရတယ်။ နောက် သိလာရင် ကုလို့ရတယ်ဆိုတာကို သတိပေးပြောပြချင်တယ်။ အရင်တစ်ချိန်က သောက်ဆေးပဲရှိခဲ့တယ်။ သောက်ဆေးရဲ့အားနည်းချက်က အစာမစားခင်သောက်ရတယ်။ ရေတစ်ဖန်ခွက်သောက်ရတယ်။ ပြီးရင် နာရီဝက်ငုတ်တုတ်ထိုင်နေရတယ်။ ဘေးထွက်ဆိုးကျိုးက ရင်ပူတယ်၊ အစာမကြေဘူး၊ ပျို့တယ်၊ အန်တယ်ပေါ့။ သောက်ဆေးက ကောင်းပေမယ့် ရေရှည်သောက်ဖို့တော့ နည်းနည်းခက်တယ်။ နောက်တစ်ခုက ခါးကျိုးလို့ အိပ်ရာထဲလဲနေတဲ့သူကို နာရီဝက်ငုတ်တုတ်ထိုင်ခိုင်းဖို့ဆိုတာ ပြောတာလွယ်သလောက် ဝေဒနာရှင်အတွက် တော်တော်ခက်ခဲတယ်။

"ဒါကြောင့် ကမ္ဘာပေါ်မှာလည်း ဒီအတိုင်းပဲ။ ဒီဆေးလေးက ကောင်းမှန်းတော့ သိတယ်။ ရေရှည်ကုသမှုပြုတဲ့အခါမှာ ဝေဒနာရှင်တွေဟာ ငါးနှစ်အကြာမှာ သုံးပုံတစ်ပုံလောက်ပဲ ဆေးစွဲသောက်ကြတာကို တွေ့ရတယ်။ ဆေးအလကားပေးတာတောင် မသောက်ကြတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ သူ့ရဲ့နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေကို မခံနိုင်လို့ ဆိုတာဖြစ်လာတယ်။ ခုထိုးဆေးပေါ်လာပြီ။ ဒီထိုးဆေးက တစ်နှစ်မှာ တစ်ကြိမ်ပဲ ထိုးရတယ်။ ထိုးပြီးရင် ၁၅ မိနစ်လောက် အကြောဆေးနဲ့ ရောပြီး သွင်းပေးလိုက်ရင် တစ်နှစ်စာခံတယ်။ ဘေးထွက်ဆိုးကျိုးတွေလည်း သိပ်မခံစားရဘူး။ ငုတ်တုတ်ထိုင်နေစရာလည်းမလိုတဲ့အတွက် အရိုးကျိုးလို့ အိပ်ရာထဲလဲနေတဲ့သူတွေအတွက် အဆင်ပြေတယ်။ ပြီးတော့ ဆေးအာနိသင်ကလည်း ခုန သောက်ဆေးထက် မနိမ့်ဘူး။ အမေရိကန် FDA ကလည်း အရိုးပါး၊ အရိုးပွရောဂါတွေအတွက် ဘက်စုံသုံးလို့ရတဲ့ဆေးအဖြစ်လည်း သတ်မှတ်ထားတယ်။ ခုတော့ ဒီဆေးဟာ မြန်မာပြည်ကိုစတင်တင်သွင်းလာပြီ။ သုံးလို့လည်းရနေပြီဆိုတာကို နောက်ဆုံးပေါ်ကုထုံးအနေနဲ့ပြောချင်တယ်" ဟု ဒေါက်တာသိန်းမြင့်က ပြောသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံဟော်မုန်းရောဂါများ အထူးကုအဖွဲ့နှင့် အရိုးရောဂါအထူးကုအဖွဲ့တို့ ပူးပေါင်းပြီး Novotel Hotel ၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ဆောင်ရွက်ခဲ့ပြီး ဟောပြောသူများအနေဖြင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာဦးသိန်းမြင့်က အရိုးပွရောဂါဆိုင်ရာ နောက်ဆုံးပေါ်ရောဂါရှာဖွေခြင်းနည်းလမ်းများနှင့် နောက်ဆုံးပေါ်ကုထုံးများအကြောင်းကို တစ်ကမ္ဘာလုံးမှ သုတေသနပြုချက်၏ တွေ့ရှိချက်များအပေါ် မှီငြမ်း၍ တင်ပြဆွေးနွေးခဲ့သည်။

ရန်ကုန်ဆေးတက္ကသိုလ်(၁) အရိုးရောဂါအထူးကုဌာနမှ အငြိမ်းစားပါမောက္ခမှူးဒေါက်တာ ဦးမြင့်သောင်းက အရိုးပွရောဂါကြောင့် ဖြစ်ပေါ်လာသော အရိုးကျိုးခြင်းများကို ကာကွယ်ရေးအတွက် ထိရောက်သောဆေးတစ်ခုဖြစ်သည့် Zoledronic Acid ထိုးဆေးနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။ ထို့အပြင် ဂျာမနီနိုင်ငံ Denk Pharma ဆေးကုမ္ပဏီမှ ဒေါက်တာ Fernando Guzman ကလည်း Zoledronic ဆေး၏ အာနိသင်များနှင့် အသုံးပြုသည့် နည်းလမ်းများကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြသည်။

**(ခင်ဇာလီ)**



# ရေတာရှည်မြို့နယ်တွင် မိုးရက်ဆက်ရွာသွန်း၍ သီးနှံခင်းများပျက်စီး

**ရေတာရှည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နေ့စဉ်ရက်ဆက် မိုးများအဆက်မပြတ်ရွာသွန်းနေ၍ နှမ်းစိုက်ခင်းများ၊ ပဲတိုင်ထောင်နှင့် ငရုတ်စိုက်ခင်းများ ရေဝင်ကာ ပျက်စီးမှုများကြုံတွေ့နေရကြောင်း တောင်သူများထံမှ သိရသည်။ "မိုးက နေ့တိုင်းလိုလိုစွေနေတော့ နှမ်းခင်းတွေရေဝပ်ပြီး သေကုန်ပြီ။ အချို့စိုက်ခင်းတွေဆို သိပ်မကြာတော့ဘူး၊ ရိတ်ရတော့မှာ။ ခုတော့ အခင်းတွေဖျက်ပြီး စပါးပြန်စိုက်ဖို့ လုပ်နေကြပြီ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု ကညင်အိုင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

အလားတူပင် မိုးကြိုကာလက စိုက်ပျိုးခဲ့သော ငရုတ်စိုက်ခင်းများနှင့် ပဲတိုင်ထောင်စိုက်ခင်းများမှာလည်း ရေဝင်ရောက်မှုများကြောင့် ပျက်စီးမှုများကြုံတွေ့နေရကြောင်း ၎င်းက ဆက်၍ပြောသည်။ ဆီထွက်သီးနှံဖြစ်သည့် နှမ်းစိုက်ခင်းများမှာ နေရာဒေသအတော်တော်များများတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး ကုန်းကျသောနေရာများ၊ သဲမြေစပ်နေရာများတွင်သာ ရိတ်သိမ်းနိုင်မည်ဖြစ်၍ ယခင်နှစ်ကထက် ထွက်နှုန်းလျော့ကျသွားနိုင်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

**✱ ရှေ့ဖုံးမှ**

ထို့နောက် ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီးက ယွန်းထည်များယှဉ်ပြိုင်ရာတွင် ဘာသာရပ်ငါးမျိုးဖြစ်သည့် အနက်ထည်ယွန်း၊ အညစ်ယွန်း၊ ရွှေဇဝါယွန်း၊ သားရိုးပန်းကြွယွန်း၊ ခေတ်ဆန်းယွန်းစသည့် ယွန်းထည်အမျိုးအစားများနှင့်ပတ်သက်၍ အတွေ့အကြုံရှိ ယွန်းပညာရှင်အကဲဖြတ်အဖွဲ့၏ အမှတ်ပေးစည်းမျဉ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များသည် မြန်မာ့ယွန်းအနုလက်ရာပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာ့ယွန်းအနုလက်ရာပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၂ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ၁၀ နှစ်အကြာ ယခု ၂၀၁၆ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ယွန်းလက်မှုအနုပညာကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ရောင်းချနိုင်ရေး၊ ယွန်းအနုပညာကို ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးက သိရှိနိုင်ရေး၊ ရွက်ပုန်းသီးယွန်းအနုပညာရှင်များပေါ်ထွက်လာရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းယွန်းအနုလက်ရာပြပွဲ၊ ပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ၁၉ ရက်ထိ နှစ်ရက်ကြာ ကျင်းပပြီး ဇွန် ၁၉ ရက်တွင် ဆုပေးပွဲအခမ်းအနားပြုလုပ်၍ ဘာသာရပ်တစ်ခုချင်းစီအလိုက် ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများကို ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လာရောက်ကြည့်ရှုသူများမှ ကြိုက်နှစ်သက်သော လက်မှုပစ္စည်းအား မဲစနစ်ဖြင့်ပေးသော အထူးဆုတစ်ဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မထသ(၃၉)ယာဉ် အရှိန်လွန်ပြီး ရပ်ထားသောယာဉ်များနှင့်ဆိုင်များအား ဝင်တိုက်

**ရန်ကုန် ဇွန် ၁၈**

ဇွန် ၁၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းပေါ်တွင် တာမွေမှ မင်္ဂလာတောင်ညွန့်သို့ သွားသည့် မထသ(၃၉)အပြာ ယာဉ်အမှတ် 2C/--- ခရီးသည်တင်ယာဉ်သည် (၁၄၇)လမ်းထိပ်အရောက် အရှိန်လွန်ကာ လမ်းဘေးရပ်ထားသော 5G/--- ဟွန်ဒါဖစ်အဖြူရောင်ကိုယ်ပိုင်ယာဉ်၊ 9J/---Toyota Axio အဖြူရောင်ကိုယ်ပိုင်ယာဉ်တို့အား တိုက်မိပြီး လမ်းဘေးရှိ ကောင်းကောင်းဖုန်းဆိုင်အားလည်းကောင်း၊ ဇွဲပြည့်စုံဆေးဆိုင်အားလည်းကောင်း၊ အေးမိတ္တူဆိုင် အားလည်းကောင်း ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်း စိုးဇော်ထွေး(လိုင်စင်စစ်ဆဲ)နှင့် ယာဉ်နောက်လိုက် မြတ်သူ(လိုင်စင်စစ်ဆဲ)တို့မှာ ယာဉ်အားထား၍ ထွက်ပြေးသွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကောင်းကောင်းဖုန်းဆိုင်ရှေ့တွင်ရှိနေသူ သူရဖြိုးဝေ(၂၀)နှစ် ဖုန်းဆိုင်လုပ်သားမှာ ပြင်းထန်ဒဏ်ရာ (စိုးရိမ်ရ)ရပြီး ကောင်းဆက်လင်း(၁၈)နှစ် အလုပ်သမားဆေးရုံဝင်း နတ်မောက်ရပ်ကွက်နေသူမှာ ယာခြေ၊ ယာလက်၊ နဖူးတို့တွင် ပွန်းပဲ့ဒဏ်ရာ (မစိုးရိမ်ရ)ရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသထားကြောင်း၊ အခင်းဖြစ်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်မြ၊ စခန်းမှူး ဒုရဲမှူး ဝင်းအောင်နီတို့အဖွဲ့က လုံခြုံရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယာဉ်မှုစစ်အဖွဲ့အား ဆက်သွယ်ခေါ်ယူပြီး အမှုဖွင့်လှစ်နိုင်ရေးနှင့် တရားခံစုံစမ်းဖမ်းဆီးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဌေးအောင်)**



# ပြည်တွင်းရေးရာ

**❖ အိုလံပစ်မှ**

တတိယ ကြည်ထွေး၊ စတုတ္ထ အောင်မျိုးမြတ်၊ ပဉ္စမ စိန်မြင့်ဇော်တို့ ဆုများရရှိကြသည်။ အငယ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ Hဘရန်မိုင်၊ ဒုတိယ ရဲထက်အောင်၊ တတိယ ထက်ဝဠာတင်ဆွာ၊ စတုတ္ထ စတောင်ဖန်း၊ ပဉ္စမ အောင်မင်းလတ် တို့ရရှိကြသည်။ အလွတ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ၁၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ ထွန်းထွန်းအောင်၊ ဒုတိယ ထွန်းမင်း၊ တတိယ ချစ်ငွေ၊ စတုတ္ထ အောင်ခိုင်ဝင်း၊ ပဉ္စမ အောင်အောင် တို့ရရှိကြသည်။

ဆက်လက်၍ Model Physique အမျိုးသမီးကာယကြံ့ခိုင်မှု (၁၆၀ စင်တီမီတာ) အောက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီး ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပထမ ဆုမြင့်ဝင်း၊ ဒုတိယ နန်းလောင်ခမ်း၊ တတိယ စုမွန်လှိုင်၊ စတုတ္ထ ခင်ဇာခြည်ပွင့်၊ ပဉ္စမ ယမုံဦးတို့ရရှိကြသည်။ Model Physique အမျိုးသမီးကာယကြံ့ခိုင်မှု(၁၆၀ စင်တီမီတာ)နှင့်အထက် အမျိုးသမီး ခြောက်ဦးဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ နေခြည်တင့်ဝေ၊ ဒုတိယ အင်ကြင်းသန့်စင်၊ တတိယ မေဇင်မြင့်၊ စတုတ္ထ ထက်ထက်စုမြင့်၊ ပဉ္စမ မြတ်ဆုကိုတို့ အသီးသီး ရရှိကြရာ ဆုများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ မြန်မာနိုင်ငံကာယဗလ နှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ Nat Ray ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်မာလာတို့က ဆုများကို ချီးမြှင့်ပေးကြရာ Mr.Nat Ray ဆုကို ကာယဗလမောင် အလွတ်တန်း ထွန်းထွန်းအောင်ကရရှိပြီး အမျိုးသမီးကာယကြံ့ခိုင်မှု Ms.Real ဆုကို နေခြည်တင့်ဝေကရရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စောသိန်းဝင်း**

**❒ ဗေဒါများမှ**

မြို့ပေါ်အမှတ်(၁)ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်၊အမှတ်(၃)ရပ်ကွက်နှင့် ကျေးရွာအချို့ ရေလွှမ်းမိုးမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နေပြည်တော်မှ ကားခိုးလာသူအား ကျောက်မဲမြို့တွင်ဖမ်းမိ

**ကျောက်မဲ ဇွန် ၁၈**

နေပြည်တော် Royal President Hotel ဧည့်ကြိုပေါ်တီကိုအောက်တွင် ရပ်ထားသော ဟိုတယ်ပိုင်ကားအား ခိုးယူမောင်းနှင်လာသူကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ကျောက်မဲမြို့၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော် Royal President Hotel မှ အထွေထွေမန်နေဂျာ ဦးမြသိန်း(၆၅)နှစ်သည် ယာဉ်မောင်း ချမ်းငြိမ်းအောင်(အင်ဂျင်နီယာ)နှင့်အတူ ဇွန်၁၅ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်လေဆိပ်မှ ဧည့်ကြို၍ပြန်လာပြီး TOYOT AHIACE 5C/------ ဟိုတယ်ပိုင်ကားအား ဧည့်ကြိုပေါ်တီကို အောက်၌ရပ်ထားကာ ကားသော့ကို ဧည့်ကြိုတာဝန်ကျ ကိုကိုလင်းမောင် ထံအပ်နှံ၍ ဟိုတယ်အား ည ၈ နာရီတွင်ပိတ်ပြီး အိမ်ကိုပြန်ခဲ့သည်။ နောက်တစ်နေ့ ဇွန် ၁၆ ရက် နံနက် ၆ နာရီခွဲတွင် ဟိုတယ်သို့ပြန်ရောက်ပြီး မိမိရပ်ထားသောကားမတွေ့၍ ဧည့်ကြိုတာဝန်ကျ မစောနွယ်သင်းအား ကားသော့မေးမြန်းကြည့်ရာ ကောင်တာအတွင်းထားရှိသော ကားသော့မှာ မတွေ့တော့ကြောင်းသိရှိရ၍ လုံခြုံရေးဂိတ်(၂) တာဝန်ကျဝန်ထမ်း ဦးဌေးလွင်ကိုမေးမြန်းရာ ည ၉ နာရီခွဲက မောင်းထွက်သွားကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် အထွေထွေမန်နေဂျာဦးမြသိန်းမှ တရားလိုပြု၍ တိုင်တန်းခဲ့ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၏ အကြောင်းကြားချက်အရ ကျောက်မဲမြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းမင်း ဦးစီးအဖွဲ့သည် ကျောက်မဲမြို့အတွင်း လှည့်လည်စုံစမ်းစဉ် ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်မဲမြို့ ပင်လုံလမ်း ပြည်သူ့ဆေးရုံရှေ့အရောက်၌ မြို့ပြင်မုခ်ဦးဘက်မှ မြို့တွင်းဘက်သို့ မောင်းနှင်လာသော နံပါတ်မပါ TOYOTA HIACE ခဲရောင်ယာဉ်အား မသင်္ကာ၍ ရပ်တန့်စေပြီး ယာဉ်မောင်း ရဲလင်းထွဋ်(ခ)ကိုရဲအား စစ်ဆေးရာ ၎င်းခိုးယူလာခြင်းဖြစ်ကြောင်း ထွက်ဆိုချက်အရ အဆိုပါယာဉ်မောင်းအား ကျောက်မဲမြို့ မြို့မရဲစခန်းက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## နှစ်ပေါင်းများစွာအရှုံးပြခဲ့သော ရပ်ကွက်သမအသင်း နှစ်နှစ်ခွဲကာလအတွင်း ပြန်လည်တိုးတက်မှုများရှိလာ

**ရန်ကုန် ဇွန် ၁၈**

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အမြတ်ဝေစုခွဲပေးနိုင်ခြင်း မရှိသည့်အပြင် အရှုံးပြနေသော ပန်းဝေလှိုင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်သည် ယခုအလုပ်အမှုဆောင်အဖွဲ့သစ်၏ သက်တမ်းကာလနှစ်နှစ်ခွဲအတွင်း တိုးတက်မှုများ ပြန်လည်ရရှိလာကာ အမြတ်ဝေစုခွဲဝေပေးမှုများလည်း ပြုလုပ်လာနိုင်ခဲ့ကြောင်း အသင်းလီမိတက် ဥက္ကဋ္ဌ ဦးစန်းဝေက ပြောသည်။



နှစ်ပေါင်းများစွာရပ်တည်ခဲ့ကြသော သမဝါယမအသင်းများတွင် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုတာကာလအတွင်း အဆိုးဆုံးသော အခြေအနေများဖြင့် ကြုံခဲ့ကာ လုပ်ငန်းများကျရှုံးသွားရသလို ယင်းအသင်းမှာလည်း အပါအဝင် ဖြစ်ခဲ့သည်။ ထို့နောက်မှ မှန်ကန်သောနည်းလမ်းများ၊ အစိုးရဌာနဆိုင်ရာပိုင်း၏ အားပေးကူညီမှုများဖြင့် ပြန်လည်ရှင်သန်စေရန် ကြိုးပမ်းလာခဲ့ရာ ယခုနောက်ပိုင်းတွင် ဆင်ခြေဖုံးဒေသမှ ဒေသခံပြည်သူများအတွက် အကျိုးပြုသော လုပ်ငန်းများအဖြစ် ပြန်လည်အသက်သွင်းလည်ပတ်လာနိုင်ခဲ့ခြင်းဖြစ်သည်။

"အရင်တုန်းက ရှုံးတာမှ zero တောင် ပြနေတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ တခြားသမဝါယမအသင်းတွေနဲ့ နှိုင်းယှဉ်ရင်တောင် zero သုံးလုံး လောက်ပြနေခဲ့တာ။ အဲဒီလို အနေအထားကနေ ကြိုးစားကြရင်းနဲ့ အခု နှစ်နှစ်ခွဲအတွင်းမှာ တိုးတက်မှုတွေရလာတယ်။ မြို့နယ်အသင်းတွေထဲမှာ အခုဆိုရင် ထိပ်ဆုံးမရောက်တာတောင်မှ အလယ်အလတ်အဆင့်ကိုတော့ ရောက်ရှိလာခဲ့ပါပြီ"ဟု ၎င်းက ရှင်းပြသည်။

ယင်းအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကာလမှာ ငါးနှစ်သတ်မှတ်ထားပြီး အလုပ်အမှုဆောင်အဖွဲ့သစ်မှ စတင်တာဝန်ယူသည့်ကာလတွင် အသင်းပိုင်ငွေကြေးမှာ ကျပ် ၂၆၀၀၀၀ သာ ရှိခဲ့သော်လည်း ယခု ကျပ်သိန်း၁၀၀ ကျော်အထိ အချိန်တိုအတွင်း တိုးတက်လာကာ ဒေသခံများကို အကျိုးပြုသော အခြေအနေမျိုးဖြစ်လာခဲ့သည်။

"တိုးတက်အောင်မြင်ဖို့ဆိုတာ အဓိကကတော့ မှန်မှန်ကန်ကန်နဲ့ ကြိုးစားပြီးသွားဖို့ပါပဲ။ ဒါတောင် အအခက်အခဲတွေက တစ်ပုံကြီးရှိသေးတယ်။ တချို့ဆိုရင် ကိုယ်ကိုယ်တိုင်လည်း မလုပ်နိုင်ဘူး၊ သူများလုပ်နေတာလည်း ဘေးထိုင်အပြစ်ပြောနေတာ တွေရှိတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယင်းသမဝါယမအသင်း တိုးတက်လာမှုနှင့်အတူ ယခုအစိုးရသစ်လက်ထက်၌ ပထမဆုံးအဖြစ် ပညာရည်ချွန်ဆုပေးမှုကိုလည်း ပြုလုပ်လာနိုင်ခဲ့သည်။ ထိုပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက် ၁၀ နာရီခန့်က စမ်းချောင်းမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ပြီး ရပ်ကွက်အတွင်းရှိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၂ ဦးတို့ အပါအဝင် စုစုပေါင်း ၁၆ဦးကို မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ရီရီ၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ(ငြိမ်း) ဦးအေးဝင်း၊ စမ်းချောင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းစုများ၏ ဥက္ကဋ္ဌ ဦးမြစိုး၊ ပန်းဝေလှိုင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးစန်းဝေနှင့် ရပ်မိရပ်ဖများဖြစ်ကြသော ဦးထွန်းမြင့်၊ ဦးတင်လှ၊ ဦးစိန်လှတို့က ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးခဲ့ကြသည်။

ယင်းသမဝါယမအသင်းလီမိတက်သည် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်တွင် ရှိပြီး လက်ရှိအသင်းဝင်ပေါင်း ၄၄၈ဦးအထိ ရှိလာပြီဖြစ်သည်။ အသင်းဝင်များအတွက် နောက်ပိုင်းတွင် အကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်မည့် ကုန်မာအရောင်းဆိုင်ကိုလည်း ဖွင့်လှစ်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(စနိုး)**

■

## ယာဉ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူ

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် Aလမ်းဆုံ လယ်ဝေး မီးသတ်စခန်းအနီး၌ ယနေ့နံနက်ပိုင်းက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်အေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများက "အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့" မြေစိုက်ပိုစတာအား စိုက်ထူဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့က လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲနှင့် သင်တန်းပို့ချပွဲကို ဆောင်ရွက်ရာ သင်တန်းသား ၁၉၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံး၌ "က" ယာဉ်မောင်း ဖြေဆိုခြင်းများ ဆောင်ရွက်ပေးခဲ့ လိုင်စင်များ နေ့ချင်းပြီး စစ်ဆေး ကြောင်း သိရသည်။ **(ကိုကိုနေ)**



**○ ကျောဖုံးမှ**

**(မုံရွာကွင်း)**

**ဇေယျာရွှေမြေ - တစ်ဂိုး၊ Southern - ဂိုးမရှိ။**

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေသည့် Southern အသင်း၏ ရုန်းကန်မှုကြောင့် ဇေယျာရွှေမြေအသင်း အိမ်ကွင်းတွင် အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ဇေယျာရွှေမြေအသင်းမှာ သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ယခင်ပွဲများကဲ့သို့ ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ဘဲ ဒုတိယပိုင်းတွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဇေယျာရွှေမြေအသင်းမှာ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အိမ်ကွင်း၌ ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ Southern အသင်းမှာ အဝေးကွင်းဖြစ်သောကြောင့် ခံစစ်အသားပေးကစားခဲ့ပြီး ဇေယျာရွှေမြေအသင်း တိုက်စစ်ဆင်ခွင့် မရရှိရန် ကွင်းလယ်မှ စတင် ဖျက်ထုတ်ခဲ့သည်။ ပထမပိုင်းတွင် အခွင့်အရေးဖန်တီးနိုင်ခြင်းမရှိသောကြောင့် ဇေယျာရွှေမြေအသင်းမှာ ဒုတိယပိုင်းတွင် ကစားသမား အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ Southern အသင်းမှာ အဝေးကွင်း သရေတစ်မှတ် ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၇၈ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ ဇေယျာရွှေမြေအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး မာစီယိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် သုဝဏ္ဏကွင်း၌ ဖွဲ့ကပင်အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဖွဲ့ကပင်အတွက် တင်ဝင်းအောင်နှင့် ပက်ထရစ်တို့က ဂိုးများသွင်းယူခဲ့ပြီး အာတာပါက ရခိုင်အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ခရစ္စတိုဖာက ဧရာဝတီအတွက်ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ဘမ်ဘာက ဟံသာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

**ယနေ့ပွဲ**

(YUSC ကွင်း) ရန်ကုန် - ရှမ်းယူနိုက်တက်
(သုဝဏ္ဏကွင်း) ချင်းယူနိုက်တက်- မကွေး
(ဗထူးကွင်း) ရတနာပုံ- Horizon

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

## မြစိမ်းရောင်စီမံကိန်းကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံ

**မုဒုံ ဇွန် ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် ဇွန် ၁၅ ရက်တွင် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သည့် မွန်ပြည်နယ် မုဒုံမြို့နယ် အခွန်ကျေးရွာရှိ အကျယ် ၃ ဒသမ ၇၅ ဧက၊ အနက် ၁၃ ပေရှိ မြေသားရေကန် ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် ထုံမံကျေးရွာသို့ သွားရောက်၍ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ အဆင်ပြေမှုရှိ၊ မရှိ မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(ကြေးမုံ)**

# လမ်းတားတုံးဝါတန်းကိုယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်လိုင်းများ ယာဉ်ကြောအမှန်အတွင်း မောင်းနှင်၍မရ

**ရန်ကုန် ဇွန် ၁၈**
လမ်းမတော်မြို့နယ်အတွင်းရှိ အနော်ရထာလမ်းမပေါ် စံပြရုပ်ရှင်ရုံဘေး ခရီးသည်တင်ယာဉ်လိုင်းကြောအတွက် ချထားသော လမ်းတားတုံးများအနက် ဝါတန်းထိပ်မှ တုံးအချို့သည် ဇွန် ၁၇ ရက် နံနက် ၁၁ နာရီဝန်းကျင်ခန့်က လိုင်းကားယာဉ်ကြီးတစ်စီး ဝင်တိုက်မှုကြောင့် ယာဉ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည်။ ယင်းသို့ ယာဉ်ကြောအဝင်တွင် နေရာရွေ့သွားသဖြင့် ယာဉ်ကြီးများ လမ်းကြောင်းအမှန်တွင် ဝင်ရောက်မောင်းနှင်၍မရဘဲ လမ်းတားတုံးတန်းနှင့် ကပ်လျက် အပြင်လမ်းလယ်ကြောမှ မောင်းနှင်ရပြီး ယင်းနေရာအနီးရှိ မှတ်တိုင်နေရာတွင် လမ်းတားတုံးတန်းအပြင်ဘက်မှ ခရီးသည်အတင်အချ ပြုလုပ်နေရသည်ကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

မြောက်မှတောင်ဘက်သို့ ဘုန်းကြီးလမ်းအတိုင်း မောင်းနှင်လာပြီး အနော်ရထာလမ်းအတွင်းသို့ ချိုးကွေ့ဝင်ရောက်၍ အရှေ့မှအနောက်သို့ မောင်းနှင်လာသည့် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ မှော်ဘီ-တိုက်ကြီးဒေသများသို့ ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်ကြီးတစ်စီးကဝင်တိုက်ခြင်းဖြစ်သည်။ အဆိုပါယာဉ်ကြီး၏ ယာဘက်ယာဉ်ဦးခေါင်းပိုင်းအောက်ပိုင်းတွင် ပျက်စီးမှုရှိပြီး မောင်းပြေးသွားသည်ဟု မြင်တွေ့ခဲ့ရသည့် အနေးယာဉ်လုပ်သား ကိုအောင်တိုးက ဆိုသည်။

ယင်းသို့ ခရီးသည်တင်ယာဉ်ကြောအဝင်ဝတွင် လမ်းတားတုံးအချို့ ပိတ်ဆို့ရောက်ရှိနေသော်လည်း ယင်းနေ့မွန်းတည့် ၁ နာရီအထိ ဖယ်ယူရှင်းလင်းမှုမရှိသေးသည်ကို မြင်တွေ့ခဲ့ရသည်ဟု လိုင်းကားစီးရန် စောင့်နေသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်းရှိ ကားလမ်းများတွင် လမ်းတားတုံးများ အများအပြားချထားမှုအပေါ် ဝေဖန်ပြောဆိုမှုများ ရှိလာသဖြင့် ယခုအခါ အနော်ရထာလမ်းပေါ်ရှိ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်အတွင်း လမ်းတားတုံးများ ဖယ်ရှားပြီး မျဉ်းဝါတန်းအတွင်းမှ ခရီးသည်တင်ယာဉ်များ မောင်းနှင်ကြရန် အသိပေးလမ်းညွှန်များ စိုက်ထူထားသည်ကို မြင်တွေ့ရသည်ဟု လိုင်းကားစီးသူတစ်ဦးက ဆိုသည်။

ကားလမ်းများပေါ်တွင် လမ်းတားတုံးတန်းများမြင်တွေ့လာရခြင်းအကြောင်းအရင်းမှာ အချို့သော ယာဉ်မောင်းများ၏ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့်ဖြစ်သည်။ ယင်းတုံးများချထားခြင်းဖြင့် ယာဉ်ကြောလုတက်၍မရနိုင်ဟု ဆိုနိုင်သော်လည်း လမ်းများတွင်ရှိသော လမ်းတားတုံးအများအပြားတွင် ယာဉ်တိုက်မှုကြောင့် ကျိုးပဲ့သည့်ဒဏ်ရာများ ပုံစံအနေအထားအမျိုးမျိုးဖြင့် မြင်တွေ့ရသည်။ လမ်းတားတုံးတိုက်မှုဖြစ်စဉ်များတွင် ယာဉ်ပျက်စီး၊ ယာဉ်ပေါ်ပါလူများ ထိခိုက်သေဆုံးမှုများ ရှိလာသည်။



အခြားသူအတွက် ထည့်သွင်းမစဉ်းစားဘဲ မိမိအတွက်သာ ဦးစားပေးတတ်သည့် ယာဉ်မောင်းအချို့ကြောင့် လမ်းပေါ်တွင် လမ်းတားတုံးတန်းများ မြင်တွေ့နေရသည့်အတွက် လမ်းတားတုံးများလမ်းမများပေါ်တွင် မရှိစေလိုသည့်ဆန္ဒကို မိမိတို့ဘက်မှလည်း စည်းကမ်းလိုက်နာ မောင်းနှင်ရပ်နားခြင်းဟူသော တာဝန်ယူတာဝန်ခံ လုပ်ဆောင်မှုမျိုး ပြန်လည်ပေးဆပ်ရန်လိုနေသည်ဟု ဆောင်းပါးရှင်တစ်ဦးမှ ဇွန် ၁၇ ရက်ထုတ် အပတ်စဉ်ထွက် သတင်းဂျာနယ်တွင် ရေးသားထားသည်ကို ဖတ်ရှုရသည်။

သို့ဖြစ်ရာ ကားလမ်းများပေါ်တွင် ဖယ်ရှားရန် ကျန်ရှိနေသေးသော လမ်းတားတုံးဝါတန်းများကို ယာဉ်မောင်းများအနေဖြင့် တိုက်မိမှုမရှိရန် ရှောင်လွှဲမောင်းနှင်ရန်နှင့် တိုက်မိပါကမောင်းမပြေးဘဲ တာဝန်ယူရှင်းလင်းပေးလျှင် ယာဉ်အန္တရာယ်လျော့ပါးသွားနိုင်မည်ဟု အနော်ရထာလမ်းမအနီးနေထိုင်သူတစ်ဦးက သုံးသပ်ပြောဆိုသည်။

**(မောင်စေအောင်)**

## နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်၊ ထွက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် တာချီလိတ်နယ်စပ်ဝင်၊ ထွက်ပေါက်မှတစ်ဆင့် လာရောက်လည်ပတ်လျက်ရှိရာ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၃၇၁ ဦးတို့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်သို့ ဝင်ရောက်ကာ တာချီလိတ်မြို့တွင်းရှိ တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၃၂ ဦးတို့သည် မိုင်းဖြတ်၊ ကျိုင်းတုံ၊ ခရီးစဉ်သို့လည်းကောင်း၊ ထိုင်းနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၅၅ ဦးတို့သည် မိုင်းလားခရီးစဉ်ဒေသသို့ လည်းကောင်း၊ ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၇၉ ဦးတို့သည် တောင်ကြီး-အင်းလေး-ပုဂံ-မန္တလေး-ကျိုက်ထီးရိုး-ရန်ကုန်စသည့် ပြည်တွင်းပိုင်းခရီးစဉ်ဒေသများသို့ လည်းကောင်း သွားရောက်လည်ပတ်ခဲ့ကြသည်။

Myanmar Senses Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံသားဧည့်သည် Mr.Aridhasan Menandi (P/P No,A-33590180) နှင့်အဖွဲ့ဝင်တစ်ဦးတို့သည် ဇွန် ၁၆ ရက်တွင် ၎င်းတို့၏ ကိုယ်ပိုင် မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် တာချီလိတ်မြို့မှ ဝင်ရောက်ပြီး ဇွန် ၁၆ ရက်မှ ဇွန် ၂၇ ရက်အထိ တာချီလိတ်-ကျိုင်းတုံ-နမ့်ဆန်-တောင်ကြီး-အင်းလေး-ပုဂံ-ကလေး-တမူး-ကလေး- မုံရွာ-မန္တလေး- နေပြည်တော်-ကျိုက်ထီးရိုး-မြဝတီမြို့များသို့ သွားရောက်လည်ပတ်ပြီး မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့်ခရီးစဉ်လည်း ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝရှုခင်းများကို ပကတိလေ့လာခံစားနိုင်စေရန်၊ နယ်မြေဒေသအသီးသီးရှိ အထင်ကရခရီးစဉ်နေရာများ၊ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် လူနေမှုဘဝပုံစံများကို ကိုယ်တိုင်လေ့လာ သိရှိခံစားနိုင်စေရန်အတွက် အဆက်မပြတ်ဝင်၊ ထွက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



## မြန်မာအမျိုးသမီး ဖူဆယ်အသင်း ဗန်ကောက်ကလပ်နှင့်ခြေစမ်းပွဲတွင် နှစ်ဂိုးပြတ်အနိုင်ရရှိ

**ဗန်ကောက် ဇွန် ၁၈**
ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဗန်ကောက်အမျိုးသမီး ဖူဆယ်ကလပ်အသင်းနှင့် ယနေ့ညနေပိုင်းက ဗန်ကောက်မြို့တွင် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစွမ်းပြကစားလျက်ရှိပြီး နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ဂိုးများကို ပထမပိုင်းတွင် ဝါဝါခိုင်၊ ဒုတိယပိုင်းတွင် တင့်တင့်ထွန်းတို့က သွင်းယူပေးခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၄ ရက်မှစတင်ကာ ဗန်ကောက်မြို့တွင် လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲများတွင် ထိုင်းအမျိုးသမီး ကလပ် အသင်းများဖြစ်သည့် Konkan အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗန်ကောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိထားသည်။

မြန်မာ ဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၁၉ ရက်တွင် Arbac အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်** ■

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၈**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် စွန့်ပစ်အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်သည့် အမူအကျင့်ကောင်းများရရှိစေရန် ခရိုင်နှင့် မြို့နယ်အလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၁၈ ရက်နံနက်က သာကေတမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် ၃/မာန်ပြေရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းကာ မာန်ပြေလမ်း မာရဝိဇယဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲမှသိရသည်။

"ရန်ကုန်မြို့တော်ကြီးမှာ နေ့စဉ်အမှိုက် တန်ချိန် ၁၆၀၀ ကျော်ကို သိမ်းဆည်းပေးနေရတာမှာ အမှိုက်စွန့်ပစ်ဖို့ နေရာအခက်အခဲရှိလာပါတယ်။ ဒါကြောင့် သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်ကို စံပြအနေနဲ့ အမှိုက်စွန့်ပစ်ရာမှာ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ဖို့လာရောက်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ခွဲခြားစွန့်ပစ်တဲ့ အမှိုက်တွေကို စွမ်းအင်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဌာနမှူး ဦးစောဝင်းမောင်နှင့် လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေးတို့က ပြောသည်။

"သာကေတမြို့နယ်ဟာ ၅ ဒသမ ၀၂၄ စတုရန်းမိုင်ရှိပြီး ရပ်ကွက်ကြီး ၁၉ ရပ်ကွက်နဲ့ ဖွဲ့စည်းထားပါတယ်။ လူဦးရေ ၂၂၀၄၄၇ ဦးရှိကာ လမ်းမကြီး ၁၁ လမ်း၊ လမ်းသွယ် ၇၁၁ လမ်းရှိပါတယ်။ အဆိုပါ လမ်းမကြီးနဲ့ လမ်းသွယ်တွေကို လီတာ ၂၄၀ အမှိုက်ပုံး ၁၀၇ ပုံး၊ လီတာ ၆၆၀ အမှိုက်ပုံး ၃၀၈ ပုံးတို့ကို မိဘပြည်သူတွေအမှိုက်စွန့်ပစ်ရာမှာ လွယ်ကူအဆင်ပြေစေဖို့ဖြန့်ကြက်ချထားပေးပါတယ်။ နောက်ပြီး အမှိုက်ကန် ၂၂ ကန်နဲ့ မိုဘိုင်းအမှိုက်ကန် ခြောက်ကန်ကိုလည်း ထားပေးပြီး မိဘပြည်သူတွေအနေနဲ့ အမှိုက်တွေကို အစို၊ အခြောက်ခွဲခြားပြီး အမှိုက်အိတ်များဖြင့်လုံခြုံစွာချည်နှောင်တွေ စွန့်ပစ်ပေးဖို့မေတ္တာရပ်ခံပါတယ်။ မိဘပြည်သူတွေပူးပေါင်းပါဝင်ပေးဖို့လိုအပ်ပါတယ်" သာကေတမြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးကျော်မင်းထွန်းက ပြောသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မဲဆန္ဒနယ်မှ ဒေါ်သက်ထားနွယ်ဝင်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနတာဝန်ရှိသူများ၊ အိမ်ရှင်မများ၊ အိမ်ထောင်ဦးစီးများနှင့် ဖိတ်ကြားထားသူများ စိတ်ပါဝင်စားစွာတက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(၅၉၇)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

# ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်လုပ်ခြင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အပြီး အကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်၏ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကျေးလက်ဒေသများအထိ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်စေရေး၊ ဒေသလိုအပ်ချက်များနှင့်အညီ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်လုပ်ခြင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် လမ်းတစ်လမ်း၏ ရေရှည်တည်တံ့ရေးမှာ လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ Master Plan အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ National & Arterial Road Network Master Plan အား ရေးဆွဲထားပြီးဖြစ်ရာ ယင်းလမ်းမကြီးများနှင့် ဆက်သွယ်မည့် ခရိုင်ချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများအနေဖြင့် ဆက်စပ်မှုရှိပြီး Duplication များ လျော့နည်းရန် ညှိနှိုင်းပေးရန်ဖြစ်ပါကြောင်း၊ လမ်းများကို စီမံခန့်ခွဲသော ဝန်ကြီးဌာနများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ကျေးလက်လမ်း၊ နယ်စပ်ဒေသလမ်းများအတွက် မရှိမဖြစ်လိုအပ်သည့် Master Plan များကိုလည်း အသီးသီးရေးဆွဲရန် လိုအပ်မှာဖြစ်ပါကြောင်း။

ယခင်တည်ဆောက်ခဲ့သော ကျေးလက် လမ်း၊ တံတားများ၏ အားနည်းချက်များကို လေ့လာသိရှိပြီးဖြစ်သည့်အတွက် ယခုတည်ဆောက်မည့်လမ်းများကို စနစ်တကျရှိရန် Feasibility Study, Surveying, လမ်းနှင့်တံတား Design ထုတ်ခြင်း၊ တည်ဆောက်မည့်နည်းစနစ်သတ်မှတ်ခြင်း (Methodology)၊ လမ်းဖောက်လုပ်စဉ် ကြီးကြပ်စီမံခန့်ခွဲခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း (Quality Control)၊ Third Party Inspection စနစ်ကျင့်သုံးခြင်း၊ တည်ဆောက်ပြီးလမ်းများ၏ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေရှည်အသုံးချနိုင်ရေးတို့ကိုပါ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြများသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေးသည်လည်း အလွန်အရေးကြီးပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်သော ကျေးလက်လမ်းများ စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီအောင် စနစ်တကျတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ADB ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ကျေးလက် လမ်း၊ တံတားများ တည်ဆောက်ရေးအတွက် ADB မှ အထောက်အပံ့ရရှိမှုနှင့် လမ်းအမျိုးအစားအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက လက်ရှိ ဒေသခံပြည်သူများ ရင်ဆိုင်နေရသော စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များ ပို့ဆောင်ရေးနှင့် ပတ်သက်၍ အခက်အခဲများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်မှာဖြစ်သည့်အတွက် ကျေးလက်လမ်း၊ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်းကို ဇူလိုင်လတွင် ဆောင်ရွက်နိုင်မည်ဖြစ်

**နေပြည်တော် ဇွန် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ရက်(၁၀၀) စီမံချက်တွင် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများအနက် လုပ်ငန်းတစ်ခုဖြစ်သည့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်၌ ကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်းကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသော ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ထည့်သွင်းထိုးနှံခြင်း ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရှေ့လုပ်ငန်းစဉ်များကို ရက်(၁၀၀)၊ (၆)လနှင့် (၁၂)လ စီမံချက်များရေးဆွဲပြီး ဆောင်ရွက်လျက်ရှိရာ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်းကို ရည်မှန်းထားသည့်အတိုင်း ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များကို ကူးစက်ရောဂါပိုး(၁၀)မျိုးမှ ကင်းဝေးစေရေးအတွက် ကာကွယ်ပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ သို့ရာတွင် ဆေးထိုးမှုအချိန်ဇယားမှန်ကန်ရေး၊ ကာကွယ်ဆေးကို ထိန်းသိမ်း၊ သိုလှောင်၊ သယ်ယူပို့ဆောင်မှု မှန်ကန်ရေး၊ အအေးခန်း (Cold Chain)ထားသိုသယ်ဆောင်မှု မှန်ကန်ရေး၊ ဆေးထိုးပုံ နည်းစနစ်မှန်ကန်ရေး၊ ကလေးများအား လုံလောက်သော လွှမ်းခြုံမှု (Coverage) ကောင်းရေး၊ ထိုးသောဆေးတွင် အာနိသင်ရှိပြီး (WHO Pre qualified) ဖြစ်စေရေး စသည့်အချက်များသည် အရေးကြီးပါကြောင်း။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ကို နိုင်ငံတော်က တစ်နှစ်စာထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ သန်းကျော် အကုန်ကျခံထည့်သွင်းပြီး ထိုးနှံပေးခြင်းဖြစ်ကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကုန်ကျရန် လျာထားသည့်ငွေကြေးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့်ရှိသောကြောင့် ကလေးတစ်ဦးလျှင် ၇ ဒေါ်လာခန့် ကုန်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ရာ နှီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုကလည်း မိမိတို့၏ကျရာအခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင် လက်တွဲကူညီဆောင်ရွက်ပြီး မြန်မာနိုင်ငံအတွင်းမှ ကာကွယ်ဆေးရရှိသင့်သည့် ကလေးငယ်တစ်ဦးတစ်ယောက်မျှ ကာကွယ်ဆေးမရရှိဘဲ မကျန်ရစ်ရလေအောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ထည့်သွင်းထိုးနှံမှုနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးမည့်ကိစ္စများအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်း

**စစ်တွေ ဇွန် ၁၈**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၈ ရက်က စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် စစ်တွေဘဏ်ခွဲမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ဝေါမြို့တို့တွင်လည်း ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ထမ်းများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကမ္ဘောဇအုပ်စု ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများက စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်မြို့တွင် ဇွန် ၇ ရက်က ပထမနေ့အဖြစ် ကျင်းပခဲ့ရာ ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ အရာထမ်း၊ ဝန်ထမ်းများကလည်းကောင်း၊ ဇွန် ၁၇ ရက်က ဒုတိယနေ့အဖြစ် ဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာကမ္ဘောဇ အာမခံလုပ်ငန်းမှ ဝန်ထမ်းများ၊ ကမ္ဘောဇဘဏ်ခွဲများမှ ဝန်ထမ်းများနှင့် ကမ္ဘောဇအုပ်စု ကုမ္ပဏီအသီးသီးမှဝန်ထမ်းများ စုစုပေါင်း ၃၀၀ ကျော်တို့ကလည်းကောင်း စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး တတိယနေ့အဖြစ် ဇွန် ၂၄ ရက်တွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ဖောင်ဒေးရှင်းအနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ထားဝယ်၊ စစ်တွေ၊ မကွေး၊ ဘားအံ၊ ပုသိမ်၊ ပဲခူးမြို့နှင့် ဝေါမြို့တို့တွင် ကမ္ဘောဇဘဏ်ခွဲများနှင့် ကမ္ဘောဇအုပ်စု ကုမ္ပဏီအသီးသီးမှ အရာထမ်း၊ ဝန်ထမ်းများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ စုစုပေါင်းသွေးလှူရှင် ၁၇၀၀ ကျော်တို့မှ ဇွန်လအတွင်းတွင် သွေးလိုအပ်သော နေရာများအတွက် စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်သည်။

ထို့အပြင် ဖောင်ဒေးရှင်း၏ ပထမအကြိမ် သွေးလှူဒါန်းပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရန်ကုန်မြို့နှင့် အထက်မြန်မာပြည် မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ပြီး စုစုပေါင်းသွေးလှူရှင် ၉၀၀ ကျော်မှ သွေးလိုအပ်သောနေရာများ၊ လူနာများအတွက် သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(၀၁၀)**





ဇွန် ၁၈ ရက်က အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောင်သုခကျေးရွာတွင် ဒေသခံပြည်သူများအား ဝင်ငွေတိုးပွားရရှိစေရန်အတွက် မြို့နယ်မွေး/ကုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးသင်တန်းပို့ချပေးစဉ်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်း ညီလာခံကျင်းပမည်

**ရန်ကုန် ဇွန် ၁၈။** ။မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံကို မူလက ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်ကျင်းပရန်စီစဉ်ထားသော်လည်း နေရာအခက်အခဲကြောင့် အခြားသင့်လျော်မည့်နေရာသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်၍ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်စာရေးဆရာ အသင်းများမှ တက်ရောက်မည့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေးသို့ (မပျက်မကွက်) တက်ရောက်ပါရန်နှင့် ကျင်းပမည့်နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကောလာဟလများကြားမှ အတူပွဲထွက်လာခဲ့သည့် ဆောင်ဂျွန်ကီနှင့် ဆောင်းဟေကို

တရုတ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် တောင်ကိုရီးယားရုပ်ရှင်မင်းသား ဆောင်ဂျွန်ကီ၏ ပရိသတ်တွေ့ဆုံပွဲတွင် မင်းသမီး ဆောင်းဟေကိုတို့အား ကောလာဟလသတင်းများ ထွက်ပေါ်နေသည့်ကြားမှ အတူပွဲထွက်လာခဲ့ခြင်းကြောင့် ပရိသတ်များ အံ့အားသင့်ခဲ့ကြရသည်။

ယခုတလောတွင် Descendants of the Sun ဇာတ်ကားဖြင့် ရေပန်းစားနေခဲ့ပြီး အနုပညာရှင်စုံတွဲ တစ်တွဲဖြစ်နေကြသည်ဟု သတင်းစကားများထွက်ပေါ်နေကြသည့် ဆောင်ဂျွန်ကီနှင့် ဆောင်းဟေကိုတို့စုံတွဲအား ပရိသတ်များက ထင်ကြေးအမျိုးမျိုးပေးနေကြသည့်ကြားမှ ဆောင်ဂျွန်ကီ၏ တရုတ်နိုင်ငံ၌ ပြုလုပ်သည့် ပရိသတ်တွေ့ဆုံပွဲတွင် ဆောင်းဟေကိုက ရုတ်တရက်ထွက်ပေါ်လာခဲ့သဖြင့် တရုတ်ပရိသတ်များ တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ဇွန် ၁၇ ရက်က တရုတ်နိုင်ငံတွင် ပြုလုပ်သည့် ဆောင်ဂျွန်ကီ၏ ပရိသတ်တွေ့ဆုံပွဲတွင် ဆောင်းဟေကိုက တရုတ်ဘာသာစကားဖြင့် မိတ်ဆက်ပေးခဲ့သည်။ ထို့အပြင် မင်းသား ဆောင်ဂျွန်ကီအနေဖြင့်လည်း လွန်ခဲ့သည့် တစ်ပတ်ကတည်းက တရုတ်နိုင်ငံတွင်ရောက်ရှိနေခဲ့ခြင်းဖြစ်ကာ ဆောင်းဟေကိုအား တရုတ်နိုင်ငံတွင်ပထမဆုံးမြင်တွေ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် ဆောင်ဂျွန်ကီနှင့် ဆောင်းဟေကိုတို့က ပရိသတ်တွေ့ဆုံပွဲအတွင်း မီနီဂိမ်းကစားနည်းများ၊ အသေးစားစကားပြောဆွေးနွေးခန်းများ စသည့် ပျော်ရွှင်စရာ အစီအစဉ်များဖြင့် တင်ဆက်ပေးခဲ့ကြောင်း သိရသည်။





# တေးသံရှင် ဂျက်စတင်ဘီဘာ ဖျော်ဖြေပွဲ ကျင်းပနေစဉ်အတွင်း စတိတ်စင်ပေါ်မှခြေချော်ကာ ထိခိုက်မှုဖြစ်ပွား

လူငယ်တေးသံရှင် ဂျက်စတင်ဘီဘာအနေဖြင့် ဇွန် ၁၆ ရက်က ကနေဒါနိုင်ငံ Saskatoon မြို့ရှိ SaskTel စင်တာ၌ ဖျော်ဖြေပွဲကျင်းပပြုလုပ်နေစဉ်အတွင်း စတိတ်စင်ပေါ်မှ ခြေချော်ကာ အနာတရဖြစ်ခဲ့ရကြောင်း သိရသည်။ ပေ့ါပ်ကြယ်ပွင့် ဘီဘာသည် စင်နောက်သို့ လမ်းလျှောက်ပြန်ဝင်သွားစဉ်အတွင်း ခြေချော်ကာ အောက်သို့ပြုတ်ကျခဲ့ရသည့် ဗီဒီယိုဖိုင်ကို ပွဲလာပရိသတ်များက အွန်လိုင်းသို့ တင်ခဲ့ကြောင်းသိရသည်။

ယင်းသို့ ထိခိုက်မှုဖြစ်ပွားခဲ့သော်လည်း ဘီဘာ့အနေဖြင့် မည်သည့်ထိခိုက်မှုမျှမရှိသည့်ပုံစံဖြင့်နေခဲ့ကာ ပြန်ထနိုင်ခဲ့သည်။ ထိုသို့ဖြစ်ပွားခြင်းတွင် ဘီဘာမှာ နောက်ဆုံးသောအနုပညာရှင်ဖြစ်ပြီး အခြားသောအနုပညာရှင်များလည်း အဆိုပါစတိတ်စင်ပေါ်တွင် ယင်းကဲ့သို့ ခြေချော်လဲကျမှုများ ဖြစ်ခဲ့ဖူးကြောင်းသိရသည်။ ကနေဒါတေးသံရှင် လူငယ်အဆိုတော် ဂျက်စတင်ဘီဘာသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ထွက်ရှိခဲ့သည့် Purpose စတူဒီယိုအယ်လ်ဘမ်၏ ပရိုမိုးရှင်းပွဲများအဖြစ် ဖျော်ဖြေပွဲများကျင်းပလျက်ရှိပြီး ယင်းဖျော်ဖြေပွဲများကို ယခုနှစ် မတ်လမှစတင်ကာ နိုဝင်ဘာလအထိ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ The Purpose World Tour ဖျော်ဖြေပွဲများကို အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ နော်ဝေ၊ ဖင်လန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ စကော့တလန်၊ အိုင်ယာလန်၊ ဩစတြေးလျ၊ ပိုလန်၊ ချက်စ်၊ ဆွစ်ဇာလန်၊ အီတလီ၊ စပိန်နှင့်ပေါ်တူဂီနိုင်ငံတို့တွင် ဆက်တိုက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# (၇၃)ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသမည့် La La Land ဒရမ်မာဇာတ်မြူးကား

ကမ္ဘာ့သက်တမ်းအရှည်ဆုံး ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်ပြီး မကြာမီကျင်းပတော့မည်ဖြစ်သည့် (၇၃)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲပွဲစဉ်တွင် မင်းသမီး အမ်မာစတုန်း၏ La La Land အမည်ရှိ ဒရမ်မာဇာတ်မြူးကား ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

La La Land ဇာတ်ကားသည် ဟောလိဝုဒ်၏ရွှေခေတ်ကိုထူထောင်ခဲ့ကြသည့် ဂီတပညာရှင်များနှင့် ဂျက်ဇ်ရှေးဟောင်းဂီတပညာရှင်များကို ဂုဏ်ပြုထားသည့်ဇာတ်ကားတစ်ကားဖြစ်သည်။ ထို့အပြင် ယင်းဇာတ်ကားသည် ၂၀၁၁ ခုနှစ်ကတည်းက လမ်းခွဲခဲ့ကြသည့် အမေရိကန်ဝါရင့်မင်းသားကြီး J.K. Simmons နှင့် ဝါရင့် တေးသံရှင် John Legend တို့၏ ပြန်လည်ပူးပေါင်းထားသည့် ပထမဆုံးသောဇာတ်ကားလည်း ဖြစ်သည်။



La La Land ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

La La Land ဇာတ်ကားကို ဆန်းမစ်အင်န်တာတိန်းမန့်မှ ဒီဇင်ဘာ ၂ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြန့်ချိမည်ဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

နိုင်ငံတကာသတင်းဂျာနယ်
၁ အမေရိကန်၏ လက်နက်ထိန်းချုပ်ရေးနှင့် အစုအပြုံလိုက် သတ်ဖြတ်မှု ပြဿနာ
၁ ကမ္ဘာလုံးဆိုင်ရာ လက်နက်ထုတ်လုပ်ရောင်းချမှု ၁၀ နှစ်ဆက်တိုက် တစ်ရှိန်ထိုးမြင့်တက်
၁ ဂျာမနီသို့ရွှေ့ပြောင်းလာသူများ မိန်းမအများအပြားယူခြင်းကို ဥပဒေဖြင့် တားမြစ်ထား
၁ ရေအားလျှပ်စစ်ထုတ်လုပ်မှု သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်သလား
၁ အလုပ်လက်မဲ့နှင့် ပဋိပက္ခ မည်သို့ဆက်စပ်နေသနည်း
၁ သမိုင်းမတင်မီကရှိခဲ့သည့် ထူးခြားသော ရှေးဟောင်းအပျက်အစီးများ
၁ ဥရောပ၏ ဆန်းသစ်တီထွင်မှုအကောင်းဆုံး ထိပ်တန်းတက္ကသိုလ်များအကြောင်း
တစေ့တစောင်း စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။
နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉- ၆ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် | | “သစ်ရွက်စိမ်းလေးရဲ့ အချစ်” |
| | -မိုးလေဝသအစီအစဉ် | ၈း၄၀ | စာရေးဆရာမဒေါ်သန်းမြင့်အောင် |
| | -ကာတွန်းအစီအစဉ် " Hotel | | (အပိုင်း-၂) |
| | Transylvania" (အပိုင်း-၂) | ၉း၀၀ | MRTV Entertainment Music |
| ၆း၅၀ | နိုင်ငံတကာရုပ်ရှင်ဇာတ် | ၉း၁၀ | အိပ်မက်မြို့တော်ဆီသို့ (အပိုင်း-၁) |
| | ဝင်တေးများ | ၉း၄၀ | မြန်မာရုပ်ရှင် “ဘာမီတွန်” |
| ၇း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း | ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော် | ၅း၃၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် |
| | ကြီး၏ ပရိတ်တရားတော် | | “ကျွန်တော်၊ကျွန်မ၊ |
| ၇း၃၅ | Business News | | ယောက်ျားဗိုက်ကြီးသယ်” |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ | ၆း၃၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၉း၅၀ | ကဗျာရိပ်မြုံ “သားဆန္ဒ” | ၇း၁၅ | “ဒီမိုကရေစီစိတ်ထား”(အပိုင်း-၂) |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ | | (ထွန်းထွန်းဝင်း၊ ဇေယျ၊ |
| | အမျိုးသမီးများ | | မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) |
| ၁၁း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး | | (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၂း၅၀ | ဆေးရောင်းစုံရုပ်ရှင် | ၈း၀၀ | ပြည်တွင်းသတင်း၊ |
| | “ချစ်ခြင်းရင်ခုန်ယုံကြည်စွာ | | နိုင်ငံတကာသတင်း၊ |
| | ဖြင့်”(ဒွေး၊ ရီဝေယံ၊ | | မိုးလေဝသအခြေအနေ |
| | တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) | ၉း၀၀ | ပြည်တွင်းသတင်း၊ |
| | (ဒါရိုက်တာ-လွင်မင်း) | | မိုးလေဝသအခြေအနေ |
| ၃း၁၅ | Ooerdoo MNL-1 2016 | | “တစ်ခါကအနုပညာမှတ်တမ်း |
| | ဘောလုံးပြိုင်ပွဲတိုက်ရိုက် | | များ”(နေရီရီပြဇာတ်) |
| | ထုတ်လွှင့်မှုအစီအစဉ် | | (ဒါရိုက်တာ-ဂီတလုလင် |
| | (ရန်ကုန်ယူနိုက်တက် FC | | မောင်ကိုကို) |
| | အသင်း နှင့်ရှမ်းယူနိုက်တက် | | -နိုင်ငံခြားဇာတ်လမ်းတွဲ |
| | FCအသင်း) | | “အချစ်တဲ့လား”(အပိုင်း-၂) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ | | (အပိုင်း-၉၈) |
| | မင်္ဂလသုတ် | ၇း၂၀ | Fashion Week |
| ၈း၀၀ | Cartoon Series (Go Go Giggles) | ၇း၄၅ | Myanmar's Got Talent |
| ၈း၅၅ | Weekly Sports Diary | ၈း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | | “အချစ်သစ္စာတည်စေသော်” |
| ၁၁း၀၅ | Star တို့ရဲ့ လက်ရာ | | (အပိုင်း-၂၅) |
| ၁း၀၀ | “သံသရာမှာ အားကိုးရာ” | ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| | တရားတော် [ဆရာတော် | | “အသက်ကလေးရယ်ရှည်စေလို” |
| | အရှင်ပညာဝရ(ဓမ္မဒူတ)] | | (အပိုင်း-၁၀၁+၁၀၂) |
| ၂း၂၀ | World of Knowledge (Japan | ၁၀း၅၅ | MRTV- 4 Stage |
| | Tsunami: How It Happened) | ၁၁း၂၅ | World of Knowledge (Japan Tsunami:How It Happened) |
| ၅း၂၅ | Food & Decor | | |
| ၅း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Sony-Showroon Grand Opening) | ၄း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ(လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” | | |

# အီတလီအသင်း ကွာတားဖိုင်နယ် တက်လှမ်း

အီတလီအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ ထိုသို့ နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲအနိုင်ရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ယူရို ၂၀၁၆ ဆုဖလားရရှိနိုင်မည့် အသင်းတစ်သင်းအဖြစ် ရေပန်းစားလာခဲ့သည်။

ယခုပွဲစဉ်တွင် အီတလီအသင်း အနိုင်ရရှိလိုက်ခြင်းသည် ပြိုင်ဘက်ဆွီဒင်အသင်း၏ ယူရိုအသည်းကို ခွဲလိုက်သကဲ့သို့ဖြစ်ခဲ့သည့်အပြင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၏ လေးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာမည့် အခွင့်အရေးနှင့်လည်း လွဲခဲ့ရသည်။

အီတလီအသင်းနှင့် ဆွီဒင်အသင်းတို့၏ ပွဲစဉ်တွင် အီတလီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို အက်ဒါက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အီတလီအသင်းသည် လက်ရှိအုပ်စုအဆင့်တွင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အိုင်ယာလန်အသင်းသည် ရမှတ်တစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ ဆွီဒင်အသင်းသည် ရမှတ်တစ်မှတ်ဖြင့် အုပ်စုတတိယနှင့် ဘယ်လ်ဂျီယံမှာ တစ်မှတ်မှရရှိထားခဲ့ခြင်းမရှိသေးပေ။

အီတလီအသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၂ ရက်တွင် အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆွီဒင်အသင်းမှာမူ ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**





# ယူရိုပြိုင်ပွဲတွင် နှစ်ဂိုးအထက်သွင်းယူနိုင်သည့် ပထမဆုံးအသင်း စပိန်အသင်းဖြစ်လာ

စပိန်အသင်းသည် အုပ်စုအဆင့် ဒုတိယပွဲစဉ်ဖြစ်သည့် တူရကီအသင်းနှင့် ပွဲစဉ်တွင် စပိန်အသင်းက တူရကီအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် နှစ်ဂိုးအထက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအသင်းလည်းဖြစ်လာခဲ့သည်။

စပိန်အသင်းသည် တူရကီအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယူရိုပြိုင်ပွဲ၏ ၁၆ သင်းအဆင့်သို့လည်း တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ ယူရို ၂၀၀၈ နှင့် ယူရို ၂၀၁၂ ချန်ပီယံစပိန်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၄ မိနစ်နှင့် ၄၈ မိနစ်တို့တွင် မိုရက်တာက နှစ်ဂိုးနှင့် ပွဲကစားချိန် ၃၇ မိနစ်တွင် နိုလီတိုးက တစ်ဂိုးတို့သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မိုရက်တာသည် စပိန်အသင်းအတွက် ယူရိုပြိုင်ပွဲတွင် ၃၄ ဂိုးမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး နိုလီတိုးမှာမူ ၃၅ ဂိုးမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နိုလီတိုးသည် ပီရီဒါ၊ ဖာဘရီဂတ်စ်၊ ဂူဇာ၊ ဒေးဗစ်ဆေးလ်ဗား၊ ဖာနန်ဒိုတောရက်စ် စသည့်ကစားသမားများပြီးနောက် စပိန်အသင်းအတွက် ပွဲစဉ်တစ်ပွဲတည်းတွင် ဂိုးဖန်တီးပေးနိုင်သည့်အပြင် သွင်းဂိုးပါရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ခြောက်ဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

စပိန်အသင်းသည် ယခု ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့် အဖွင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် နောက်ဆုံး ၁၄ ပွဲဆက်တိုက်ရှုံးပွဲမရှိသည့် စံချိန်ကိုလည်း တင်နိုင်ခဲ့သည်။ စပိန်အသင်းနှင့် တူရကီအသင်းတို့၏ပွဲစဉ်တွင် စပိန်အသင်းခေါင်းဆောင် ရာမို့စ်မှာ ပွဲစပြီး ၅၈ စက္ကန့်တွင် အဝါကတ်ပြသခံခဲ့ရခြင်းကြောင့် ယူရို ၂၀၀၄ ခုနှစ်က ဂျာမနီနှင့် လက်ဗီးယားယှဉ်ပြိုင်ကစားစဉ် အစ်ဆာကော့ဗ်မှာ စက္ကန့် ၄၀ တွင် အဝါကတ်ပြသခံခဲ့ရပြီး ရာမို့စ်မှာ ပွဲစဉ်တစ်ပွဲဒုတိယအမြန်ဆုံးအဝါကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

စပိန်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိလိုက်ခြင်းကြောင့် အုပ်စုအဆင့်တွင် နှစ်ပွဲကစားအပြီး နှစ်ပွဲစလုံး အနိုင်ရရှိထားသဖြင့် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်လျက်ရှိပြီး ၁၆ သင်းအဆင့်တက်လှမ်းရန်လည်း သေချာသွားခဲ့ပြီဖြစ်သည်။

စပိန်အသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းနှင့် ဇွန် ၂၁ ရက်တွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး ခရိုအေးရှားအသင်းမှာ အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ချက်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းကြောင့် နှစ်ပွဲကစားအပြီးတွင် ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာက ရပ်တည်လျက်ရှိသည့်အသင်းဖြစ်သည်။

**(အလင်းသစ်)**

# အက်ပီလီကူတာအား ချယ်လ်ဆီးအသင်း ရောင်းချမည်

ချယ်လ်ဆီးအသင်းသည် အသက်(၂၆)နှစ်အရွယ်ရှိ နောက်တန်းကစားသမား အက်ပီလီကူတာအား ပြောင်းရွှေ့ကြေးပေါင် ၁၁ ဒသမ ၈ သန်းရရှိပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ချယ်လ်ဆီးနောက်တန်းကစားသမား အက်ပီလီကူတာအား ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူအသင်းက စိတ်ဝင်စားလျက်ရှိကြောင်း အေအက်စ်သတင်းဌာနက သတင်းဖော်ပြသည်။

ထို့ပြင် ပြင်သစ်ပထမတန်း၏ အချမ်းသာဆုံးကလပ်အသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့် စပိန်လာလီဂါကလပ်မှ ဘီဘာအိုအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

နောက်တန်းကစားသမား အက်ပီလီကူတာသည် လွန်ခဲ့သည့်နှစ်နှစ်က နည်းပြမော်ရင်ဟိုလက်ထက်တွင် ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလားရရှိစဉ်က ချယ်လ်ဆီးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်ခဲ့သည်။

ထို့ကြောင့် မန်ယူအသင်း၏ နည်းပြသစ်ဖြစ်လာသည့် ပေါ်တူဂီနိုင်ငံသားနည်းပြမော်ရင်ဟိုသည် နောက်တန်းကစားသမား အက်ပီလီကူတာအား အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိနေခြင်းဖြစ်သည်။

သို့ရာတွင် ဘီဘာအိုအသင်းကမူ အက်ပီလီကူတာ၏ မိတ်ဆွေများဖြစ်ကြသည့် ဆန်ဟိုဆေး၊ ရာအူးလ်ဂါစီယာတို့နှင့် ပြန်လည်ပူးပေါင်းမိရန် စပိန်မြေသို့ ပြန်လာမည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းကလည်း ဗန်ဒါဝီးလ်ထွက်ခွာသွားပြီးနောက် ဆာဂျ်အော်ရီယာသည်လည်း အသင်းနှင့် လမ်းခွဲရန်ရှိနေခြင်းကြောင့် ချယ်လ်ဆီးနောက်တန်းကစားသမား အက်ပီလီကူတာအား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

နောက်တန်းကစားသမား အက်ပီလီကူတာသည် ၂၀၁၀ ခုနှစ်တွင် အိုဆာဆူနာအသင်းမှ မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင်မူ မာဆေးလ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်း ရွှေ့လာခဲ့သူဖြစ်သည်။

**(ငွေကြယ်)**

# ကိုလံဘီယာအသင်း ၂၀၀၄ နောက်ပိုင်း ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ်တက်လှမ်း

ကိုလံဘီယာအသင်းသည် ပီရူးအသင်းနှင့် ကစားခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ကိုလံဘီယာအသင်းက ပီရူးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ကွာဒရာဒို၊ မိုရီနိုနှင့် ဆီဘတ်စတီယန်ပီရက်ဇ်တို့သည် ကိုလံဘီယာအသင်း ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ကြသည့်အပြင် ဂိုးသမားအိုစပီနာသည်လည်း ပီရူးကစားသမား ထရောကို၏ သွင်းဂိုးကို အကောင်းဆုံးကာကွယ်နိုင်ခဲ့သည်။

ထို့ကြောင့် ကိုလံဘီယာအသင်း ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းလာခဲ့ခြင်းသည် ၂၀၀၄ ခုနှစ်နောက်ပိုင်း ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ် တက်လှမ်းလာခဲ့ခြင်းလည်းဖြစ်သည်။ ကိုလံဘီယာအသင်းနည်းပြ ပီကာမန်းသည် အတောင့်တင်းဆုံးပွဲထွက်လူစာရင်းအဖြစ် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ကွာဒရာဒို၊ ကာလို့ဘတ်ကာနှင့် အိုစပီနာတို့လို ကစားသမားများကို အဓိကထား ပွဲထွက်စေခဲ့သည်။

**(အလင်းသစ်)**



ဆရာကောင်း (ဒေါက်တာ – ၂) အဂ်လိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်
မှ တည်ထောင်သော

# ကောင်းထက်ကျော်

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးစခန်းသွင်းဘော်ဒါ အဆင့်မြင့်စာသင်ဝိုင်းများ

၂၀၁၅ – ၁၆ ပညာသင်နှစ်အောင်စာရင်း၏ အောင်မြင်မှုမှတ်တိုင်...
ရန်ကုန်တိုင်းအတွင်းရှိ အစိုးရအထက်တန်းကျောင်း
ကိုယ်ပိုင်ကျောင်းများအနက်
အောင်ချက်အကောင်းဆုံး TOP TEN စာရင်းတွင် ကျိုကျောင်းသည်
အောင်ချက် ၈၄.၀၅ % ဖြင့် အဆင့်(၇)



ဝေယံထွန်း ဆဗထ – ၄၆၇ ဘာသာစုံဂုဏ်ထူး
ဖုန်းမြင့်အောင် ဆဗထ – ၅၆၆ ဘာသာစုံဂုဏ်ထူး
မြင့်မြတ်ကို ဆဗဟ – ၅၃၈ ဘာသာစုံဂုဏ်ထူး
အောင်နိုင်စိုး ဆဗဟ – ၅၇၁ ဘာသာစုံဂုဏ်ထူး
ဖြိုးစန္ဒာ ဆဒဂ – ၃၂၂ ဘာသာစုံဂုဏ်ထူး
ဝှန်စန်းလျှန် ဆတမ – ၄၆၆ ဘာသာစုံဂုဏ်ထူး
ဆုသော်တာစိုး ဆဗဟ – ၅၇၀ ဘာသာစုံဂုဏ်ထူး

ရဲမာန်ဦး ဆဗဟ – ၆၅၂ (၅)ဘာသာဂုဏ်ထူး
မင်းဝေလင်းထက် ဆတမ – ၃၆ (၅)ဘာသာဂုဏ်ထူး
အောင်ပြည့်ကျော် ဆတမ – ၇ (၅)ဘာသာဂုဏ်ထူး
ဝင့်မြတ်နိုး ဆဗဟ – ၆၀၁ (၅)ဘာသာဂုဏ်ထူး
ခင်ခင်ဆင့် ဆဗဟ – ၅၇၆ (၅)ဘာသာဂုဏ်ထူး
ယွန်းအိမ္ဘေ ဆဗဟ – ၉၉၅ (၅)ဘာသာဂုဏ်ထူး
သင်းသီရိဇော် ဆဗဟ – ၅၇၉ (၅)ဘာသာဂုဏ်ထူး

၄ ဘာသာဂုဏ်ထူးရှင် (၁၀) ဦး ၊ ၃ ဘာသာဂုဏ်ထူးရှင် (၂၀) ဦး ၊ ၂ ဘာသာဂုဏ်ထူးရှင် (၁၀) ဦး ၊ ၁ ဘာသာဂုဏ်ထူးရှင် (၃၅) ဦး
အဋ္ဌမတန်း (တိုင်းစစ်)– အောင်ချက် ၁၀၀% (ကုစားမပါ)၊ စတုတ္ထတန်း (ခရိုင်စစ်)– အောင်ချက် ၁၀၀% (ကုစားမပါ)

HOT LINE - 09 421 168127, 09 420 700008, 01 548339, 01 552348
ခြံအမှတ် – ၃၃ (ဗီ – ၂)၊ နတ်ဖောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။



VK
Computer & Electronics Sales Centre

EURO2016
Special Promotion
26" LCD TV (220)



VY25AA2R8
* Core 2 Duo 2.53GHz
* 2GB DDRIII
* HDD 160GB
* 812MB VGA
* DVD Rom
* LAN,15.6"TFT(Wide)

VK 24L
* Core i5 2.4 GHz (M370)
* 2GB DDRIII
* HDD 160GB
* 761MB VGA
* DVD R/W
* LAN, Wifi, 15.6" TFT(Wide)

ရေခဲသေတ္တာ
2 Door 60000/-
3/4 Door 180000/-

95,000/-

ရန်ကုန် (ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)။
ရန်ကုန် (ကျောက်တံတား) အမှတ်(၂၁၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်)။ ( ဆိုင်ခွဲသစ် )
(တောင်ဥက္ကလာ) အမှတ်(၉၆၀)၊ သံသုမာလမ်း။
(တောင်ဥက္ကလာ) အမှတ်(၁၄၄)၊ ပါရမီလမ်း။
မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း။


## ပညာရေးဝန်ကြီးဌာန
## မြစ်ကြီးနားတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မြစ်ကြီးနားတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(၁) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(၂) စက်နှင့်စက်ပစ္စည်း
(၃) ရုံးသုံးစက်
(၄) ပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၄-၂၂၆၆၃၊ ၀၉-၂၆၀၃၃၆၈၈၆၊ ၀၉-၂၄၀၂၀၄၂များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**


စီးပွားရေးနှင့် အိမ်ခြံမြေအချက်အလက်အများဆုံးပါဝင်သောဂျာနယ်
# ရွှေဆင့်
Volume:5 Issue 22 ဂျာနယ်
City Mark & Super Market များတွင်ရွှေဆင့်ဂျာနယ်ကို အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။
- နိုင်ငံပိုင်မြေများအပေါ်ကျူးကျော်မှု ပိုမိုများပြားလာ
- အိမ်ရာခွဲ မြို့ရောက်တွင်ငွေရသူများကိုတန်ဖိုးနည်းအိမ်ရာဦးစားပေးရောင်းချမည်
- ဈေးနှုန်းသက်သာသောတိုက်ခန်းများကို နိုင်ငံခြားသားများဝယ်ယူရန်မှုများလာ
- စီးပွားရေးလုပ်ငန်းရှင်များ၏လိုအပ်ချက်များကိုထောက်ပံ့ပေးမည်
- မြန်မာ့စီးပွားရေး (၈.၄)ရာခိုင်နှုန်းအထိတိုးတက်မည်ဟုဆို
- သမဝါယမချေးငွေ ကျပ်(၅၀၀)ဘီလီယံထုတ်ချေးမည်
- အရောင်းအဝယ်မြန်လည်ပတ်ထွန်းလာရန်ဦးတည်ထားသောကွန်ဒိုတိုက်ခန်း အရစ်ကျစနစ်ဈေးကွက်
- နားလည်ရခက်နေသော အာရှအိမ်ခြံမြေဈေးကွက်

အိမ်ခြံမြေ ရောင်း/ဝယ်/ငှားအချက်လက် ၂၀,၀၀၀+
ယနေ့စနေနေ့ ထိုင်းထွက်ရှိနေပါပြီ


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း

**အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

**ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **အစိုးရအောင်ဘာလေထီဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအောင်ဘာလေထီ** ဆိုသည်မှာ ထီလက်မှတ်စာရွက်ဖြင့်သော်လည်းကောင်း၊ အီလက်ထရွန်နစ် နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီဆုငွေကံစမ်းသည့် အစီအစဉ်ကို ဆိုသည်။

(ခ) **ထီလက်မှတ်**ဆိုသည်မှာ ကံစမ်းသူက ထီကံစမ်းထားကြောင်း ဖော်ပြသည့်အထောက်အထားကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရွန်နစ် နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီကံစမ်းထားသည့် အထောက်အထားလည်း ပါဝင်သည်။

(ဂ) **အစိုးရထီရုံး**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲကို ဆိုသည်။

(ဃ) **အီလက်ထရွန်နစ်ထီလုပ်ငန်း**ဆိုသည်မှာ အီလက်ထရွန်နစ် အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ်အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့အပါအဝင် အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အလားတူအခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။

(င) **ထီလုပ်ငန်းရှင်**ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးနှင့် ထီလုပ်ငန်း အကျိုးတူ ပူးပေါင်းဆောင်ရွက်သူကို ဆိုသည်။

(စ) **ထီကံစမ်းသူ**ဆိုသည်မှာ ထီလက်မှတ်ဖြင့် ထီကံစမ်းထားသူကိုဆိုသည်။

(ဆ) **ထီရောင်းချသူ**ဆိုသည်မှာ အစိုးရထီရုံးမှ တိုက်ရိုက်ဖြစ်စေ၊ ထီလုပ်ငန်းရှင်ထံမှ တစ်ဆင့်ခံဖြစ်စေ ထီလက်မှတ်ရယူပြီး ရောင်းချသူကို ဆိုသည်။

(ဇ) **အောင်ဘာလေသိန်းဆုခွန်**ဆိုသည်မှာ အစိုးရထီရုံးကသော်လည်းကောင်း၊ ထီလုပ်ငန်းရှင်ကသော်လည်းကောင်း ထီလက်မှတ်ရောင်းရငွေအပေါ် နိုင်ငံတော်သို့ ပေးဆောင်ရသည့် အခွန်ကိုဆိုသည်။

(ဈ) **အကျိုးအမြတ်နှုန်း**ဆိုသည်မှာ အစိုးရထီရုံးက ထီလုပ်ငန်းရှင်အားပေးရန် သဘောတူသတ်မှတ်ထားသည့်နှုန်းကို ဆိုသည်။

(ည) **ကော်မရှင်ခ**ဆိုသည်မှာ အစိုးရထီရုံး သို့မဟုတ် ထီလုပ်ငန်းရှင်က ထီရောင်းချသူသို့ ထီလက်မှတ်ရောင်းရငွေမှ ခံစားခွင့်ပေးသည့် အခကြေးငွေကို ဆိုသည်။

(ဋ) **ထီဆုငွေ**ဆိုသည်မှာ ထီဖွင့်ပွဲတွင် ထီပေါက်သူကို ခွဲဝေပေးသည့် ဆုငွေကို ဆိုသည်။

(ဌ) **ဆုရလက်မှတ်** ဆိုသည်မှာ ထီဖွင့်ပွဲ၌ ထွက်ပေါ်လာသည့် ထီဆုငွေနှင့် သက်ဆိုင်သော ထီလက်မှတ်ကို ဆိုသည်။

(ဍ) **ထီဖွင့်ပွဲ**ဆိုသည်မှာ ထီဆုငွေထွက်ပေါ်စေသည့် အစိုးရထီရုံးက ဆောင်ရွက်သော လုပ်ငန်းစဉ်များကို ဆိုသည်။

(ဎ) **ထီပေါက်စဉ်**ဆိုသည်မှာ အစိုးရထီရုံးက ထီဆုငွေများကို အီလက်ထရွန်နစ်နည်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ပြန်ကြေညာသည့် အမှတ်အသားကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

**အခန်း (၂)**

**လုပ်ပိုင်ခွင့်နှင့်တာဝန်များ**

၃။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့်ရှိရမည်။

(ခ) မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ ဝန်ထမ်းများအား တာဝန်လွှဲအပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

**အခန်း(၃)**

**ထီလက်မှတ်များ ထုတ်ဝေခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း**

၄။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရမည်။

၅။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များခန့်အပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချနိုင်သည်။

၆။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်ရောင်းရငွေများအားလုံးကို ဦးစီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

**အခန်း (၄)**

**ထီဖွင့်ပွဲကျင်းပခြင်း၊ ထီဆုငွေများခွဲဝေခြင်းနှင့် ထုတ်ပေးခြင်း**

၇။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားသည့်နေရာ၊ သတ်မှတ်သည့်နေ့ရက်တို့တွင် အများပြည်သူရှေ့မှောက်၌ ကျင်းပပေးရမည်။

၈။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကျင်းပပြီးနောက် ထီပေါက်စဉ်ကို အများပြည်သူသိရှိစေရန် ဖြန့်ဝေကြေညာပေးရမည်။

၉။ နိုင်ငံတော်သည် ထီလက်မှတ်ရောင်းရငွေမှ အောင်ဘာလေသိန်းဆုခွန်နှင့် အကျိုးအမြတ်နှုန်း သို့မဟုတ် ကော်မရှင်ခတို့ကို နုတ်ပယ်ပြီး ကျန်ငွေကို ဆုငွေများအဖြစ် ခွဲဝေပေးရမည်။

၁၀။ ထီဆုငွေများခွဲဝေခြင်း၊ အောင်ဘာလေသိန်းဆုခွန်၊ အကျိုးအမြတ်နှုန်းနှင့် ကော်မရှင်ခပေးရမည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၁၁။ အစိုးရထီရုံးသည်-

(က) ထီဆုငွေစတင်ထုတ်ယူနိုင်မည့် နေ့ရက်ကို သတ်မှတ်ပေးရမည်။

(ခ) ဆုရလက်မှတ်များကို သတ်မှတ်သည့်နည်းလမ်းများအတိုင်း စစ်ဆေး၍ ထီဆုငွေ ထုတ်ပေးရမည်။

(ဂ) ဆုရလက်မှတ်ဖြင့် ထီကံစမ်းထားသည့် အထောက်အထားတင်ပြနိုင်မှသာလျှင် ထီဆုငွေများ ထုတ်ပေးမည်။

၁၂။ မည်သည့်နည်းဖြင့် ထီကံစမ်းထားသည်ဖြစ်စေ ထုတ်ယူရမည့် ထီဆုငွေများကို စတင်ထုတ်ယူနိုင်သည့်နေ့မှစ၍ တစ်နှစ်အတွင်းသာ ထုတ်ယူခွင့်ရှိသည်။ ခိုင်လုံသောအကြောင်းပြချက်မရှိပါက တစ်နှစ်ကျော်လွန်သည်အထိ ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်ရမည်။

**အခန်း (၅)**

**တားမြစ်ချက်များ**

၁၃။ ထီလက်မှတ်များ ထုတ်ဝေခြင်းကို ဝန်ကြီးဌာနက ခွင့်ပြုထားသည့် အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့မှအပ မည်သူမျှ ဆောင်ရွက်ခွင့်မရှိစေရ။

၁၄။ မည်သူမျှ ထီလက်မှတ်များကို ဆင်တူရိုးမှား ပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်း မပြုရ။

၁၅။ မည်သူမျှ ဝန်ကြီးဌာနက ခွင့်ပြုသတ်မှတ်ထားသည့် ထီလက်မှတ်များမှအပ အခြားထီလက်မှတ်များကို နိုင်ငံတော်အတွင်း၌ ထုတ်ဝေခြင်း၊ ရောင်းချခြင်း မပြုရ။

၁၆။ အစိုးရထီရုံးမှ တာဝန်ရှိသူ သို့မဟုတ် ထီလုပ်ငန်းရှင် သို့မဟုတ် ထီရောင်းချသူ မည်သူမျှ ထီလက်မှတ်ကို သတ်မှတ်ထားသည့်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း မပြုရ။

၁၇။ အစိုးရထီရုံးမှအပ မည်သူမျှ ထီဖွင့်ပွဲကို ကျင်းပခြင်း မပြုရ။

**အခန်း (၆)**

**ပြစ်ဒဏ်များ**

၁၈။ မည်သူမဆို-

(က) ပုဒ်မ ၁၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ချမှတ်ခြင်းခံရမည်။

(ဂ) ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(ဃ) ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ်ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(င) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

**အခန်း (၇)**

**အထွေထွေ**

၁၉။ ယခင်ထီလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အီလက်ထရွန်နစ် ထီလုပ်ငန်းကို တည်ဆဲဥပဒေများအရ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကများဖြင့် အကျိုးတူ ဆောင်ရွက်ခွင့်ရှိစေရမည်။

၂၁။ ထီလုပ်ငန်းရှင်သည် ဦးစီးဌာနနှင့် ထီလုပ်ငန်း အကျိုးတူဆောင်ရွက်သည့်လုပ်ငန်းများ၌ အောက်ဖော်ပြပါအတိုင်း လိုက်နာရမည်-

(က) အီလက်ထရွန်နစ် ထီလက်မှတ် ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဖွင့်ပွဲကျင်းပခြင်းနှင့် ထီဆုငွေထုတ်ပေးခြင်း လုပ်ငန်းများကို နည်းပညာအရ လုံခြုံမှုရှိစေရန် တာဝန်ခံရမည်။

(ခ) နည်းပညာအရ လုံခြုံမှုကျိုးပေါက်ခြင်းကြောင့် နိုင်ငံတော်နှင့် ထီကံစမ်းသူများ နစ်နာဆုံးရှုံးမှုပေါ်ပေါက်ပါက ထီလုပ်ငန်းရှင်နှင့် ဦးစီးဌာနတို့အကြား ချုပ်ဆိုထားသည့် စာချုပ်ပါ သဘောတူညီချက်များအတိုင်း တာဝန်ယူ ဖြေရှင်းပေးရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်(PCV) ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် ပညာပေးဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်၏ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး အသစ် (PCV) ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်က ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (Pneumococcal Conjugate Vaccine-PCV) ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ အဆိုပါ ကာကွယ်ဆေးအသစ်ဖြင့် အသက်နှစ်နှစ်အောက်ကလေးများကိုလည်းကာကွယ်ပေးနိုင်သည့်အပြင် ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် သွေးတွင်း ဘက်တီးရီးယား အဆိပ်တက်ရောဂါများကိုလည်း ကာကွယ်မှုပေးနိုင်ကြောင်းတို့ကိုရှင်းလင်းပြောကြားပြီး တိုးချဲ့ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် စီမံချက်ဖြင့် တစ်ပါတည်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရွာခွဲတာဝန်ခံများက မိမိတို့ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ပြင်းထန်အဆုတ်ရောင်ရောဂါ (Pneumococcal pneumonia) ဆိုသည်မှာ Streptococcus pneumonia (penumococcus) ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသောရောဂါအုပ်စုတစ်မျိုးဖြစ်သည်။

ပြင်းထန်အဆုတ်ရောင် ရောဂါပိုးကူးစက် ဝင်ရောက်ခြင်းဖြင့် ကိုယ်ခန္ဓာအတွင်းရှိ အင်္ဂါများစွာတွင် ရောဂါဖြစ်ပွားနိုင်ကြောင်း သိရသည်။

အဆိုပါရောဂါပိုးကြောင့် ဖြစ်ပွားသောရောဂါများမှာ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ သွေးတွင်းဘက်တီးရီးယားအဆိပ်တက်ခြင်း အစရှိသည့် ပြင်းထန်ရောဂါများနှင့် နားအလယ်ခန်းရောင်ခြင်း၊ နှာခေါင်းလေအိတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်း အစရှိသည့် သာမန်ရောဂါများလည်း ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်နှင့် ကျန်းမာရေးမှူးများ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခွဲတာဝန်ခံများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ စုစုပေါင်း ၄၆၅ ဦးတက် ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ၌ ကျင်းပ

**ပဲခူး ဇွန် ၁၈**

ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ ပန်းပျိုးလက်သဘာဝဉယျာဉ်၌ ဇွန် ၁၇ ရက် နံနက် ၈ နာရီက သဘာဝဘေးလျော့ပါးရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဌာနဆိုင်ရာများအား ပျိုးပင်များဖြန့်ဝေပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တက်ရောက်လာကြသူများက ပန်းပျိုးလက်သဘာဝဉယျာဉ်အတွင်း တမလန်း၊ အသင်းဝင်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပုန်းညက်၊ ကန့်ကော်၊ ပိတောက်၊ မဟော်ဂနီ စသည့်ပျိုးပင် ၆၀၀အား စိုက်ပျိုးခဲ့ကြသည်။

အခမ်းအနားကို ပန်းပျိုးလက်ဆရာတော်ဘဒ္ဒန္တ ဒေါက်တာအရှင်ပညောဘာသက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ဉပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(၅၈၈)**

# အနာဂတ်၌ သားကောင်းရတနာများဖြစ်လာမည့် ကျောင်းနေအရွယ်ကလေးများအား ထီးချိုင့်မြို့နယ်တွင် နို့နှင့်ကြက်ဥတိုက်ကျွေး

**ထီးချိုင့် ဇွန် ၁၈**

ကျောင်းသားလူငယ်လေးများ ခွန်အားပြည့်ဝပြီး ကျန်းမာသန်စွမ်းသည့် နိုင်ငံ့သားကောင်းရတနာလေးများအဖြစ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စု နီကယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် နို့နှင့် ကြက်ဥတိုက်ကျွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘနနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုဦးစီးမှူး ဦးကိုကိုမောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဆွေဦးနှင့် ဝန်ထမ်းများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဦးသန့်ဆွေဦးက နို့နှင့်ကြက်ဥတိုက်ကျွေးခြင်းကြောင့် ကလေးများအတွက် ရရှိမည့်အကျိုးတရားများကို ကျန်းမာရေးအမြင်ဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၇၇ ဦးကို နို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြသည်။

"အခုခေတ်အသင့်အစားအစာဖြစ်တဲ့ ခေါက်ဆွဲခြောက်၊ အချိုရည်ဘူးများစားသုံးခြင်းအစား နို့နဲ့ကြက်ဥများကို ကလေးတွေကို တိုက်ကျွေးခြင်းဟာ ကလေးတွေကျန်းမာရေးနဲ့ ညီညွတ်တာကြောင့် အသားဓာတ်၊ အိုင်အိုဒင်းဓာတ်တွေရရှိတယ်ဆိုတာသိရလို့ ကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ကလေးမိဘတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ နို့တိုက်ကျွေးရာတွင် "မြန်မာကလေးတိုင်းအတွက် နို့တစ်ခွက်" ဆောင်ပုဒ်နဲ့အညီ ကျောင်းနေအရွယ်ကလေးများ နို့တိုက်ကျွေးရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အလှူရှင်များနှင့်ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသား ၅၀၁ ဦးကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကွင်းကြီးအုပ်စု ရွာသစ်ကုန်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ၃၈ ဦးကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ခက်သင်ကျွန်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ၄၈ ဦးကိုလည်းကောင်း နို့များတိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖွဲ့မာန်(ထီးချိုင့်)**



# ရက် ၁၀၀ စီမံချက်အတွင်း မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**လင်းခေး ဇွန် ၁၈**

ရက် ၁၀၀ စီမံချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် လင်းခေးမြို့နယ်မြေ အသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ လင်းခေးမြို့နယ် အုပ်ချုပ်ရေးမှူးသည် အဆိုပါ ကော်မတီအဖွဲ့ဝင်များနှင့်အတူ ဒေသနေပြည်သူများ မြေငှားဂရန်ရရှိရေး၊ မြေကွက်မြေပုံ တိကျမှန်ကန်မှုရှိစေရေးအတွက် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု ပင်ထနောင်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မြေငှားဂရန်လျှောက်ထားသည့် ကျေးရွာတောင်သူများ၏ လယ်ယာမြေ၊နေအိမ်မြေများ၊ မြေကွက်၊ မြေပုံတိကျမှန်ကန်စေရေးတို့ကို သက်ဆိုင်ရာ မြို့နယ်မြေအသုံးချမှု ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့မိမြို့ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့လိုက်ပါလျက် အဆိုပါ လယ်ယာမြေများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



# ဖာပွန်မြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲနှင့် စာအုပ်၊ ဓာတ်ပုံပြပွဲ ကျင်းပ

**ဖာပွန် ဇွန် ၁၈**

ကရင်ပြည်နယ် ဖာပွန်တွင် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ စာအုပ်ပြပွဲ ဓာတ်ပုံပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစီအစဉ်ဖြင့် အဆိုပါရုံးစာကြည့်တိုက်တွင် ဇွန် ၁၆ ရက် နံနက် ၁၀ နာရီ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်/ဆက် ဝန်ထမ်းများ၊ ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်မှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဒုရဲမှူးစောမြအောင်က မူးယစ်ဆေးဝါး အလွဲသုံးမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များ ကျောင်းသားလူငယ်များအကြား မူးယစ်ဆေးဝါး စိမ့်ဝင်မှုမရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် နောက်ဆက်တွဲများဖြစ်သော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဝေဇင်ဦးက မူးယစ်ဆေးဝါးသောက်သုံးခြင်းကြောင့် တရားစီရင်ရေး အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိဦးအောင်ကျော်ဟိန်းက တရားစီရင်ရေးဆိုင်ရာ ဥပဒေအကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သတင်းစကားဟု ခေါင်းစဉ်ပေးထားသော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေး၍ တတ်ရောက်သူများက ပြသထားသော မူးယစ်ဓာတ်ပုံများ စာအုပ်စာစောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

# စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရေကြည် ဇွန် ၁၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှူးကြီးမှူး၍ ငါးသိုင်းချောင်းသစ်တောဘိနယ်ရှိ ဒေါင့်ကြီးကျေးရွာ အ-လ-က ကျောင်းတွင် ကျောင်းနှင့် ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီ၌ ကျင်းပရာ ဈေးဦးစွာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်ဇင်နှင့် တောအုပ်ကြီးဦးအောင်ဇော်တို့က ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောခဲ့ပြီး အဆိုပါ အ-လ-က ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဟောပြောပွဲအခမ်းအနားအပြီးတွင် ကျောင်းဝင်းအတွင်း၌ ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ၊ ရေတမာနှင့် ပင်လယ်ကဗွီး စုစုပေါင်းပျိုးပင် ၄၃၁ ပင်အား တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# လောဂျစ်အမှား ဒိဋ္ဌိပွား ကိုယ့်တရားကိုယ်စီရင်



ဓာတ်ပုံ– စီအင်န်အင်န်

à ကိုရင်ညြ

အရေးကောင်း ဒိန်းဒေါင်းဖျက် ဟူဘိသို့ပင် စည်းချက်ဒုံးချက်နှင့်အညီ အားပါးတရ ကခုန်နေကြသူများ၊ ရီဝေဝေ မူးယစ်နေကြသူများ၏ ကမ္ဘာလေးအတွင်းသို့ လျှပ်တစ်ပြက် စီးနင်းဝင်ရောက်လာသူတစ်ဦးက တွေ့ရာမြင်ရာ လူအများကို မည်သူမည်ဝါ မခွဲခြားဘဲ အရမ်းကာရောပစ်ခတ်လိုက်ချိန်တွင် 'ကယ်ပါယူပါ' အသံဗလံများ အထက်ဘဝဂ်သို့ လျှံတက်ခဲ့ပြီးလျှင် သာယာစိုပြည်နေသော တစ်ညတာမှာ တစ်ခဏတာအတွင်းမှာပင် လောကငရဲခန်းအဖြစ်သို့ တစ်မဟုတ်ချင်း ပြောင်းလဲခဲ့ရလေသည်။

သာယာနာပျော်ဘွယ်အတိ ဖရဏာပီတိဝွမ်းဆီထိနေချိန်တွင် ညချမ်းပွဲတော်နွှဲပျော်နေသူများကို တစ်ရှိန်ထိုး ငရဲခန်းသို့ လွှဲပို့လိုက်သူမှာ အသက် ၂၉ နှစ်အရွယ် လူရွယ်တစ်ဦးဖြစ်ပြီးလျှင် ရုပ်ရှင်ထဲက 'ရမ်ဘို' ထက်ပင် သေနတ်ပစ်ကောင်းသူတစ်ဦးအဖြစ် အမေရိကန်နိုင်ငံသမိုင်းတွင် ပြောစမှတ်ပြုရတော့မည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ကမ္ဘာကျော်ခဲ့ရလေပြီတကား။

ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ 'ဗိန်းမောင်းသံ' အမည်ရှိ ညကပွဲရုံ (နိုက်ကလပ်)၌ ဇွန် ၁၂ ရက် နံနက် ၂ နာရီဝန်းကျင်ခန့်တွင် ငရဲအိုးကြီး ပွက်ပွက်ဆူဘိအလား ထိန်းမနိုင်အုပ်မရ ဗရုတ်သုက္ခဘေးဥပဒ္ဒဝေါကြီး ကျရောက်ခဲ့၏။

လောကီသားတို့ သာသာယာယာ ပျော်ရွှင်မြူးထူး ကခုန်နေမှု အထွတ်အထိပ်ရောက်ချိန်တွင် ဘေးဆိုးကြီး၊ ကြမ္မာဆိုးကြီးက ရုတ်ခြည်းအင်အားပြင်း မြေငလျင်ကြီး လှုပ်လိုက်ဘိအလား ဘွားကနဲ ပေါ်လာခဲ့၏။

လိင်တူချစ်သူများ ပျော်စံရာ ညကပွဲရုံကြီးအတွင်း အခင်းဖြစ်ချိန်တွင် လူပေါင်း ၃၂၀ ခန့် စုစုဝေးဝေး ရှိနေခဲ့ကြပြီး မိုးမမြင်လေမမြင် ကခုန်နေကြချိန်လည်းဖြစ်၏။

ထိုညကပွဲရုံသည်ကား 'ဟစ္စပန်းနစ်' နွယ်ဖွားများ စုဝေးဆုံဆည်းရာ နေရာတစ်နေရာတည်း။ ဟစ္စပန်းနစ်ဟူသည်ကား တောင်အမေရိက၊ မက္ကဆီကို၊ ကျူးဘား၊ ပွာတိုရီကိုစသည့် အရပ်ဒေသများမှ အမေရိကန်ပြည်ထောင်စုသို့ ရှေးအတီတေကာလကပင်လျှင် ဘိုးစဉ်ဘောင်ဆက် ရွှေ့ပြောင်း အခြေစိုက် နေထိုင်လာခဲ့သောမိသားစုများမှ ဆင်းသက်ပေါက်ပွားသူများဖြစ်လေသည်။

ထိုနေ့က 'လက်တင်အလှ ညကဗျာ' ဟု အမည်ပေးထားသော အထူးဖျော်ဖြေတင်ဆက်မှုနှင့်အတူ သောက်ကြစားကြ၊ ရယ်ကြမောကြ၊ ကကြခုန်ကြနှင့် ပြည်တော်သာနေခဲ့ကြသည်။

အ ကာလ ညအခါ ပျော်ရွှင်ပွဲကြီး ဆင်နွှဲနေချိန်နှင့် အသားကုန် ကဲနေကြချိန်တွင် သေနတ်သမားတစ်ဦးက ယင်း ညကပွဲရုံရှိရာသို့ ပေါင်းမိုးတပ်ကား(ခေါ်) ဗင်ကားတစ်စင်းဖြင့် ဝူးကနဲ ဆိုက်ရောက်လာခဲ့လေသည်။

အနှီ သေနတ်သမားသည်ကား အိုမာမာတင်းဟု အမည်တွင်၏။ ညကပွဲရုံ အနီးအပါး ချဉ်းကပ်လာသူ မာတင်းနှင့်အတူ SIG Saue MCX ဆီမီးအော်တိုမက်တစ်ရိုင်ဖယ်သေနတ်တစ်လက်နှင့် ၉ မမ GLOCK 17 လက်စွဲသေနတ် (ဟန်းဂန်း) တစ်လက်တို့ ပါရှိခဲ့လေသည်။

အော်လန်ဒို ရဲတပ်ဖွဲ့မှ ညကင်းလှည့်နေသူ ရဲအရာရှိတစ်ဦးက ညကပွဲရုံသို့ ချဉ်း ကပ်လာသူမသင်္ကာဖွယ်ရာ သေနတ်သမားကို ဟန့်တားခဲ့ရာမှ အပြန်အလှန်ပစ်ခတ်မှုတစ်ခဏတာ ဖြစ်ပွားခဲ့သည်။ ထိုစဉ်အခိုက် သေနတ်သမားမှာ ညကပွဲရုံ ခြံဝင်းအတွင်းသို့ လျှပ်တစ်ပြက် ဝင်ရောက်သွားနိုင်ခဲ့သည်။ ရဲအရာရှိကိုကူမည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး အချိန်မဆိုင်းဘဲရောက်ရှိလာခဲ့သော်လည်း သေနတ်သမားမှာ ညကပွဲရုံအတွင်းသို့ ခိုလှုံသွားနိုင်ခဲ့သည်။

သေနတ်သမားမာတင်းသည် ညကပွဲရုံအတွင်းသို့ ရောက်ရှိသွားပြီးလျှင် ရွှေပွဲလာပရိသတ်များကို ဓားစာခံဖမ်းဆီးတော့သည်။ အော်လန်ဒိုမြို့မရဲတပ်ဖွဲ့ဝင်များနှင့် အောရိန်းစီရင်စု ရဲဌာနတို့မှ ရဲတပ်ဖွဲ့ဝင် ၁၀၀ ခန့်က အခင်းဖြစ်ပွားရာ နေရာသို့ ဝိုင်းပတ်ထားခဲ့လေသည်။

တစ်ကိုယ်တော် အကြမ်းဖက်သမား၏ တိုက်ခိုက်မှု ကာလအတွင်း ညကပွဲရုံအတွင်း၌ ပိတ်မိနေသူများက ဆွေမျိုးသားချင်းများနှင့် မိတ်သင်္ဂဟများထံသို့ ဖုန်းဆက်ခြင်း၊ မက်ဆေ့ချ်ပို့ခြင်းတို့ ပြုလုပ်ကာ ၎င်းတို့ဘေးဥပဒ်ကျရောက်နေသဖြင့် ကယ်တင်ပေးကြပါရန် တိုက်တွန်းခဲ့ကြလေသည်။

ကနဦးအနေဖြင့် တအုန်းအုန်း တဒိုးဒိုး တေးဂီတသံလွှင့်ပျံ့နေခြင်းနှင့် အမှောင်ထုဖုံးလွှမ်းနေမှုတို့ကြောင့် ညကပွဲရုံအတွင်း ဗျောက်အိုးဖောက်သည်ဟု ရွှေပွဲလာအချို့က အထင်မှားခဲ့ကြပြီးလျှင် ကျောချမ်းဖွယ်ရာ မှန်းသိရဟူဘိသို့ မကြာမတင်တွင်မှ စူပါစတား အကြမ်းဖက်သမား၏ တစ်ကိုယ်တော်လူသတ်ပွဲပါတကားဟု ပြက်ပြက်ထင်ထင် သိမြင်ခဲ့ကြရရှာလေသည်။

သွေးပွက်ပွက် ဆူနေသော သေနတ်သမားက ရွှေပွဲလာ ပရိသတ်အတွင်းသို့ စတင်ပစ်ခတ်လိုက်သည့်အခါ ပျော်ပါးမြူးထူးနေသူများနှင့် ကပြဖျော်ဖြေနေသူများမှာ နွားသိုးကြိုးပြတ် ထွက်ပြေးနိုင်ရန် ကြိုးပမ်းကြသော်လည်း အဆောက်အဦအတွင်းဖြစ်ခြင်းကြောင့် အပိတ်အဆို့ အတားအဆီးများကို ဖောက်မထွက်နိုင်ဘဲ ဖြစ်ကြရသည်။ ရေအိမ်ခန်းအတွင်းသို့ ဝင်ပြေးသူပြေး၊ ဘားကောင်တာစားပွဲအောက်သို့ ဝင်ပုန်းသူပုန်း၊ အဝတ်အစားလဲခန်းအတွင်းသို့ ဝင်လျှိုသူလျှို ဝရုန်းသုန်းကားအခြေအနေမှာ သွေးပျက်ဖွယ် အနိဋ္ဌာရုံမြင်ကွင်းပေတည်း။

သေနတ်သမားမှာကား လက်ကုန်နှိုက် ဇက်ကုန်မိုက်ရန် သန္နိဋ္ဌာန်ပြုထားသည်လား မသိနိုင်။ ပုန်းအောင်းနေသူများပင်မကျန် တွေ့မြင်ရာရာကို တဒိုင်းဒိုင်းဖြင့် တရစပ် ပစ်ခတ်နေ၏။ သေနတ်သမားသည် သေနတ်ပစ်ခတ်နေစဉ်မှာပင် ၎င်း၏ အသံနက်ကြီးဖြင့် သားကောင်ဖြစ်ရသူများကို မထောက်မညှာ ရယ်သွမ်းသွေး၏။ ငယ်သံပါအောင် ကယ်ပါယူပါ တစာစာ အော်ဟစ်သံများကို ကျော်၍ ဟက်ဟက်ပက်ပက် ရယ်မောနေခဲ့ပြီးလျှင် သွေးအေးအေးဖြင့် တစ်ဦးပြီးတစ်ဦး အမျှင်မပြတ် တရစပ် သတ်ဖြတ်လျက်ရှိ၏။ ကာယဒုစရိုက် သုံးပါးအနက် ပါဏာတိပါတကံကို ရာခိုင်နှုန်းပြည့် ကျူးလွန်လျက်ရှိကာ အကုသိုလ်တရားကို မကြောက်မရွံ့ နောက်မတွန့်ဘဲ အဖန်ဖန် ကျူးလွန်နေ၏။

နံနက် ၂ နာရီ ၂၂ မိနစ်တွင် သေနတ်သမားက အရေးပေါ်ဖုန်းလိုင်း (၉-၁-၁) သို့ ဖုန်းဆက်ကာ သူ့အနေဖြင့် ဘော်စတွန်မြို့ မာရသွန်အပြေးပြိုင်ပွဲ ကျင်းပခဲ့စဉ်က ဗုံးခွဲတိုက်ခိုက်ခဲ့သူ နှစ်ဦးအပေါ် စာနာထောက်ထားမှုဖြစ်ရပါသည်ဟု အသားလွတ် ပြောကြားလာ၏။ ၂၀၁၄ ခုနှစ်အတွင်းက ဆီးရီးယားနိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်ရင်း သေဆုံးခဲ့ရသူမှာ သူ၏မိတ်ဆွေဖြစ်ပြီး သူ့ကို သူရဲကောင်းတစ်ဦးအဖြစ်လည်း ဂုဏ်တင်ပြောဆိုနေ၏။

အီရတ် အစ္စလာမ့်နိုင်ငံတော်နှင့် လီဗန့်အဖွဲ့ (အိုင်အက်စ်အိုင်အက်စ်) အပေါ် မိမိသစ္စာစောင့်သိသည်ဟု ၎င်းက ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနေခဲ့သေး၏။

နံနက် ၂ နာရီ ၄၅ မိနစ်အရောက်တွင် သေနတ်သမားက အော်လန်ဒိုမြို့ News 13 ရုပ်မြင်သံကြားဌာနသို့ ဖုန်းဆက်ခဲ့ပြီးလျှင် သူပြောကြားခဲ့ပုံမှာ ယင်းရုပ်မြင်သံကြားဌာန၏ တာဝန်ခံအယ်ဒီတာအတွက် ကြက်သေသေရလောက်ပေသည်။

"ကျုပ်က သေနတ်သမားဗျ။ အခု 'ဗိန်းဗောင်းသံ' ညကပွဲရုံမှာ ကျုပ်ကိုယ်တိုင်ဆော်နေတုန်းပဲ။ အိုင်အက်စ်အဖွဲ့ကိုယ်စား ကျုပ်က တိုက်ခိုက်ပေးတာပါ။ ဆက်ဆော်လိုက်ဦးမယ်ဗျို့" ဟူ၍ သေနတ်သမားက မာမာထန်ထန်ပင် ပြောကြားခဲ့သည်။

သေနတ်သမားမှာ လက်ဦးမှု ရရှိခဲ့ပြီး ဓားစာခံဖမ်းဆီးထားခြင်းကြောင့် ညကပွဲရုံကို ဝိုင်းထားသော ရဲတပ်ဖွဲ့ဝင်များမှာ ၎င်းတို့ ဝင်စီးကယ်တင်နိုင်မည့် အခွင့်အခါကို ရရှိရန် သုံးနာရီကြာမျှ စောင့်ဆိုင်းခဲ့ရလေသည်။

နံနက် ၅ နာရီ မထိုးမီအထိ သေနတ်သမားက ဓားစာခံဖမ်းထားသူများကို တစ်ယောက်ပြီးတစ်ယောက် ဇီဝိန်ချွေခဲ့သည်။

နံနက် ၅ နာရီထိုးချိန်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးရဲအရာရှိများက ညကပွဲရုံ နံရံတစ်ချပ်ကို စစ်သည်တင် သံချပ်ကာယာဉ်တစ်စင်းဖြင့် အတင်းဝင်တိုက်ကာ ရဲတပ်ဖွဲ့ဝင်များအတွက် ဝင်ပေါက်ရရန် ဖန်တီးခဲ့ရသည်။

ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် သေနတ်သမားတို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် သေနတ်သမားမှာ နောက်ဆုံးလက်ကျန် မိုက်ဇာတ်ကိုသိမ်းရင်း သေပွဲဝင်ရလေသည်။

ဓားစာခံ အဖမ်းခံထားရသူ လူ ၃၀ ကို ရဲတပ်ဖွဲ့က ကယ်တင်ပေးနိုင်ခဲ့ပြီး စာရင်းချုပ်သော် သေနတ်သမားအပါအဝင် သေဆုံးသူ ၅၀၊ ဒဏ်ရာရသူ ၅၃ ဦး ရှိခဲ့လေသည်။

**ဒုစရိုက် ၁၀ ပါး အပြားလေးဆယ်**

အော်လန်ဒို ညကပွဲရုံ၌ ဖြစ်ပွားခဲ့သော တစ်ကိုယ်တော် လူသတ်ပွဲကြီးကို သတင်းစာမျက်နှာများပေါ်တွင် တွေ့မြင်ရသည့်အခိုက် ကျွန်ုပ်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားခြင်းဖြစ်ရပြီးလျှင် အကြမ်းဖက်မှု၏ ဆိုးရွားယုတ်မာပုံများနှင့် ပတ်သက်၍ ကြီးစွာ သံဝေဂ ရမိလေသည်။

ဤလောက၌ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်သည့် လူတို့မှာ တစ်ဦးနှင့်တစ်ဦး မတူညီဘဲ လူကောင်းနှင့် လူဆိုးဟူ၍ ယေဘုယျ ခွဲခြားနိုင်ပေလိမ့်မည်။

လောကကြီး၌ ရိုးရိုးကျင့် မြင့်မြင့်ကြံသူများရှိသလို အသိခေါက်ခက် အဝင်နက်သူများရှိ၏။ ပေဖြစ်တုန်းခံ တူဖြစ်တုန်းနှံ့သူများလည်းရှိ၏။ ပညာရှာ ပမာသူဖုန်းစားပမာ ကျင့်သူများလည်းရှိ၏။ နိုင်ရာစားတမ်း လူ့ပေါက်ပန်းတို့လည်းရှိ၏။

ထို့ထက်တိုး၍ ဆိုရသော် မောင်မောင်ခေါ်လေ ထီးရိုးရှည်သမားများလည်းရှိ၏။ မောင်မောင်ခေါ်လို့ဗျာမထူး သူများလည်းရှိ၏။ ထူးမှခေါ် ရှူးမှကျော်သူများလည်းရှိကုန်ရာ၏။

ထုလေမာလေ ငါးဖယ်တေ စိတ်ဓာတ်မျိုးရှိသူများလည်း ရှိကြသလို တုံးဆိုတိုက်ကျားဆိုကိုက် ဆိုသူများကိုလည်း မချန်သင့်ပါချေ။

လူတော်လူကောင်းများက တိုင်းပြည်တည်ဆောက်ရေးအတွက် နေ့မအား ညမနား ကြိုးပမ်းနေကြချိန်တွင် တောင်မကျမြောက်မကျ လူ့ဂွစာများက အဖျက်အမှောင့်ပြုဖို့ ကြံစည်အားထုတ်လျက်ရှိကြကုန်၏။ အော်လန်ဒို ကပွဲရုံ လူသတ်ပွဲကို တစ်ကိုယ်တော် ဆင်နွှဲခဲ့သူမှာမူ လူတစ်ဦးအဖြစ် မွေးဖွားလာခဲ့သည့်တိုင် လွဲမှားသော အယူအရ သူ၏ဘဝကိုရော ပြည်သူများ၏ဘဝများကိုပါ ရက်ရက်စက်စက် ဖျက်ဆီးခဲ့သူအဖြစ် ရှုမြင်ရလေသည်။

လူသားဝါဒ၊ လူသားအမြင်ဖြင့် စဉ်းစားဆင်ခြင်ရသော် လူတိုင်းသည် မိမိဘဝကို မိမိကောင်းစွာ တည်ဆောက်လိုကြသည်သာတည်း။

မြင့်မြတ်သော လူသားများမှာမူ ကောင်းမြတ်သော အကျင့်စရိုက်များ ကိန်းအောင်းလာစေရေးအတွက် သုစရိုက်ကို ကျင့်၏။ အောက်တန်းကျသော လူသားများမှာမူ ယုတ်မာသောအကျင့်စရိုက်များကို အဖန်ဖန် ပြုမိတတ်ကြသည်။ ကာယဒုစရိုက်သုံးပါး (သတ်၊ ခိုး၊ ကာမဂုဏ်မှောက်မှား)၊ ဝစီဒုစရိုက် လေးပါး (လိမ်၊ ကုန်းတိုက်၊ ရိုင်းပျသော စကားကိုဆို၊ အကျိုးမရှိသော စကားကိုဆို) နှင့် မနောဒုစရိုက်သုံးပါး (သူတစ်ပါးပစ္စည်း ရလိုကြံစည်စိတ်၊ သူတပါးကို ဖျက်ဆီးလိုစိတ်၊ အယူဝါဒအလွဲစိတ်)တို့တွင် ကျင်လည်နေကြ၏။

ဤတွင်ရွေ့ကား ကျွန်ုပ်စဉ်းစားမိသည်မှာ ဘဝတည်ဆောက်ခြင်းဆိုင်ရာ ဒဿနဖြစ်၏။

ဘဝကို အကောင်းဆုံးတည်ဆောက်ခြင်းဟူသည် သုစရိုက်တရား ၁၀ ပါးနှင့်ပြည့်စုံစေရန် အစဉ်ကြိုးစားနေခြင်းဖြစ်ပြီး မိမိဘဝကိုရော ပြည်သူတို့၏ ဘဝများကိုပါ မြှင့်တင်ပေးနေသူများဖြစ်ကြလေသည်။

သုစရိုက်ကာယကံသုံးပါး (ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုတို့မှ ရှောင်ကြဉ်ခြင်း)၊ သုစရိုက် ဝစီကံလေးပါး (မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့မှ ရှောင်ကြဉ်ခြင်း)၊ သုစရိုက် မနောကံသုံးပါး (အဘိဇ္ဈာနှင့် ဗျာပါဒတို့ကို မပြုခြင်းနှင့် ကောင်းသောအယူကိုယူခြင်း)တို့ဖြစ်သည်ဟု ကျွန်ုပ် နာခံမှတ်သားမိသည်။

ဘဝတည်ဆောက်ရာတွင် အောင်မြင်မှု မှတ်တိုင်များကို ပညာတတ်ခြင်း၊ ရာထူးဂုဏ်ဒြပ်ကြီးခြင်းစသည့် အမှတ်သညာများဖြင့် တိုင်းတာခြင်းငှာ မသင့်ချေ။ ဘဝကို တည်ဆောက်ရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဖြတ်သန်းမှု၊ အောင်မြင်မှုနှင့် ရှုံးနိမ့်မှု၊ လောကဓံတရားကို ကျော်လွှားလွန်မြောက်နိုင်မှု စသည်တို့ကို ကြည့်၍သာ ဘဝတည်ဆောက်သူကို အကဲဖြတ်သုံးသပ်ရပေလိမ့်မည်။

လူ့ကျင့်ဝတ်၊ လူ့ဂုဏ်သိက္ခာအပေါ် လေးစားတန်ဖိုးထားမှု၊ သစ္စာတရား၊ အမှန်တရားကို ချစ်မြတ်နိုးမှုတို့သည် ဘဝတည်ဆောက်ရေးအတွက် မှန်ကန်သော စဉ်းစားတွေးခေါ်မှုဖြစ်ပေလိမ့်မည်။

ဘဝဒဿန အမြင်လွဲမှားခြင်း (စဉ်းစားတွေးခေါ်ပုံ လောဂျစ်မှားယွင်းခြင်း) သည် အယူမှား၊ အတွေးမှား၊ အကြံမှားတို့ကိုသာ ပွားများစေနိုင်ပေသည်။ ဒဿနအမြင်မှန်ကန်ခြင်းမရှိပါလျှင် ဆိုးသွမ်းယုတ်မာသော သံသရာဝဲဩဃအတွင်းမှာပင် တဝဲလည်လည် ကျင်လည်နေရတတ်ပုံကို တွေးတောမိရင်း "လောဂျစ်အမှား ဒိဋ္ဌိပွား ကိုယ့်တရားကိုယ်စီရင်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



# မိတ္ထီလာမြို့ ပြည်သာယာဈေးအနီးမှ အမှိုက်ပုံများ ကျန်းမာရေးထိခိုက်နိုင်၍ ရှင်းလင်းဆောင်ရွက်ပေးရန်လိုအပ်

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြည်သာယာ မြောက်ပိုင်းရပ်ကွက်ရှိ ပြည်သာယာဈေးအနီးတွင် အမှိုက်ပုံများကိုသက်ဆိုင်ရာမှ လာရောက်သိမ်းဆည်းခြင်းမရှိသောကြောင့် အမှိုက်ပုံများမှ ထွက်ရှိသောအနံ့အသက်ဆိုးများကြောင့် ဈေးရောင်းဈေးဝယ်များ ကျန်းမာရေးထိခိုက်နိုင်သဖြင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

"အရင်တုန်းက ပြည်သာယာဈေးအနီးက အမှိုက်ပုံတွေကို စည်ပင်က အမှိုက်သိမ်းယာဉ်နဲ့ တစ်လတစ်ကြိမ်လောက်လာသိမ်းတယ်။ အခု အဲဒီလို အမှိုက်လာမသိမ်းတာ ငါးလ၊ ခြောက်လလောက်ရှိပြီ။ အခု ပြည်သာယာဈေးအနီးပတ်ဝန်းကျင် ပတ်ပတ်လည်မှာ အမှိုက်ပုံတွေ ဖြစ်နေပြီးတော့ ဈေးသည်တွေ ဈေးရောင်းတဲ့ အနီးမှာလည်း အမှိုက်တွေချည်းဖြစ်နေတယ်။ ပြည်သာယာဈေးက အမှိုက်ပုံပေါ်က ဈေးဖြစ်နေပြီ။ မိုးတွင်းကာလလည်းရောက်ပြီဆိုတော့ ကြာရင် အမှိုက်ပုံတွေကနေ ထွက်ရှိတဲ့ အနံ့အသက်ဆိုးတွေကြောင့် ဈေးရောင်းဈေးဝယ်တွေ ကျန်းမာရေး ထိခိုက်လာနိုင်ပါတယ်။ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ပြည်သာယာဈေးအနီးက အမှိုက်ပုံတွေကို ရှင်းလင်းဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြည်သာယာဈေးအနီးနေထိုင်သည့် ဒေသခံတစ်ဦးက ပြောသည်။

ယင်းပြည်သာယာဈေးတွင် ဟင်းသီးဟင်းရွက်၊ အသားငါး၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချသည့် ဈေးသည်ပေါင်း ၉၀ ခန့်ရှိပြီး ပြည်သာယာမြောက်ပိုင်း ပြည်သာယာတောင်ပိုင်း ရပ်ကွက်နှစ်ခုနှင့်အနီးရှိ ကန်တိုင်ပေါက်၊ လျှော်ဖြူကန်၊ ညောင်ကုန်း၊ ငွေးတောက်ကုန်း၊ ဇောင်ချမ်းကုန်းနှင့် ငွေးတောက်ကုန်းစသည့် ကျေးရွာများမှ ဈေးရောင်းဈေးဝယ်များ နေ့စဉ် ကုန်ပစ္စည်းမျိုးစုံရောင်းဝယ်လျက်ရှိသည်။ **(၁၇၉)**

## ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်

**ထားဝယ် ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) နှင့် ပူးပေါင်း၍ ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် လောင်းလုံးမြို့နယ် ပန်းဒလဲရွာ အ-ထ-က ကျောင်းရှိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ-၅ နှင့် အကျုံးဝင်သောကျောင်းသား၊ ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နေ့ချင်းပြီးအခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ (NRC)အဖွဲ့ ကွင်းဆင်းတာဝန်ခံစောအောင်ဟိန်း၊ ပန်းဒလဲရွာ အ-ထ-က ကျောင်းအုပ်ဆရာမကြီးဒေါ်စုစုမာ တို့က ပူးပေါင်းကူညီဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၂၆ ဦးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်ဦးစီးဌာန)**

## ၂၀၁၅– ၂၀၁၆ စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကြာအင်းဆိပ်ကြီး ဇွန် ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ၂၀၁၅-၂၀၁၆ စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီနှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက်၊ စိုက်ပျိုးရေးလမ်းရှိ စစ်မှုထမ်းဟောင်းရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းတာဝန်ငါးရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုခြင်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၈၇ ဦးအား လုံချည်တစ်ထည့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တမူးခရိုင်ရှိကျေးလက်ဒေသများတွင် အခြေခံလက်သမားသင်တန်းဖွင့်

**တမူး ဇွန် ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ အခြေခံလက်သမားသင်တန်း (၂/၂၀၁၆)ကို ဇွန် ၁၅ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပတ်မြို့နယ် ထင်းဇင်ကျေးရွာအုပ်စု ထင်းဇင်(ရွာမ) ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အတတ်ပညာများဖြင့် တတ်မြောက်ထားပြီး တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး အခြေခံလက်သမားသင်တန်း(၂/၂၀၁၆)ကို ပို့ချပေးလျက်ရှိပါတယ်။ သင်တန်းကို ထင်းဇင်(ရွာမ)၊ ထင်းဇင်(ရွာသစ်)၊ တိန်းကယား (ဗမာ)၊ တိန်းကယား(ချင်း)၊ ကမ္မကြီးကျေးရွာတွေက သင်တန်းသား ၂၀ တက်ရောက်နေပါတယ်။ ဒီလက်သမားပညာကို တတ်မြောက်ထားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းတွင်သာမကပဲ မိမိနေထိုင်ရာပတ်ဝန်းကျင်ကို အကျိုးပြုစေမှာပါ" ဟု ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အခြေခံလက်သမားသင်တန်း(၂/၂၀၁၆)ကိုဇွန် ၁၅ ရက်က စတင်ဖွင့်လှစ်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၊ ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အဆိုပါ သင်တန်းအား ဇွန် ၂၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကလေးလုပ်သား ဆန့်ကျင်တိုက်ဖျက်ရေးအသိပညာပေးဆွေးနွေးပွဲ စစ်ကိုင်းတွင်ပြုလုပ်

**စစ်ကိုင်း ဇွန် ၁၈**

အလုပ်သမားများ ဥပဒေပါရပိုင်ခွင့်များကို မှန်မှန်နှင့် ပြည့်ပြည့်ဝဝရရှိစေခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားလာစေရန် ရည်ရွယ်လျက် စစ်ကိုင်းခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနမှ ကလေးလုပ်သားဆန့်ကျင်တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြိုင်ကြိုင်အေးက မိမိတို့ဌာနအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေနှင့်အမိန့်ညွှန်ကြားချက်များ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများဥပဒေကိုပြင်ဆင်သည့် ဥပဒေတွင် ပါရှိသည့် အသက် (၁၄ )နှစ်မပြည့်သည့် ကလေးများအား လုံးဝခိုင်းစေခြင်း မပြုရဘဲ (၁၄)နှစ်ပြည့် ပြီး(၁၈)နှစ် မပြည့်သေးသည့် လူရွယ်အလုပ်သမားများအနေဖြင့် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံရယူ၍ စေခိုင်းနိုင်ကြောင်း၊ လူကြီးအလုပ်ချိန်တစ်နေ့ရှစ်နာရီထက်မပိုဘဲ တစ်ရက်ပတ်လုံးအဆက်မပြတ်လုပ်ရသော လုပ်ငန်းများတွင် တစ်ပတ် ၄၈ နာရီလုပ်နိုင်ပြီး အနည်းဆုံး မိနစ် ၃၀ အနားမပေးဘဲ တစ်ဆက်တည်း ငါးနာရီထက်ပို၍ စေခိုင်းခြင်းမပြုရကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်ရုံစစ်ဆေးရေးဦးစီးအရာရှိ ဒေါ်ဇင်မာအေးနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးအရာရှိ ဒေါ်နီနီမာတို့ကလည်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်များနှင့်ပြစ်ဒဏ်များ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့်ပြစ်ချက်များ၊ အခကြေးငွေပေးချေရေး ဥပဒေနှင့် ပြစ်ဒဏ်များ အကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးပေးခဲ့ကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မရှင်းလင်းသည်များကို မေးမြန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေ

**မအူပင် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ခံထုတ်ဝေသည့် ပြည်သူ့အသိပညာပေး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဆွေ၊ မြို့နယ်ဦးစီးမှူးဒေါ်တင်တင်လှိုင်နှင့် ဝန်ထမ်းများ ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့မစခန်းမှူး ဒုရဲမှူးသိန်းနိုင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ ဈေးတာဝန်ခံအဖွဲ့များ ပူးပေါင်း၍ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျေးရွာများမှ မိုးစပါး ချေးငွေလာရောက်ထုတ်ယူသည့် တောင်သူများ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မအူပင်နာရီစင်နှင့် မြို့မဈေးပတ်ဝန်းကျင်ရှိ အငှားယာဉ်လုပ်သားများ၊ ဈေးဆိုင်များနှင့် ဈေးဝယ်သူပြည်သူများ၊ မအူပင်ခရိုင်အဝေးပြေးယာဉ်ရပ်နားစခန်းရှိခရီးသွားပြည်သူများအား ဇွန် ၁၇ ရက် နံနက် ၈ နာရီကစ၍ မူးယစ်ဆေးသုံးစွဲခြင်း၏ ဆိုးကျိုးများသိရှိနိုင်ရေး လက်ကမ်းစာစောင်အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ဆက်လက်၍ လူစည်ကားသည့်နေရာများအား ဖြန့်ဝေမည်ဖြစ်ကြောင်းသိရသည်။

**အောင်နိုင် (ပြန်/ဆက်)**



# ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြသည့်အခါသမယ နယုန်လ

ဝိသုဇ္ဇက(ပဲခူး)

**နွေနှောင်းလမို့ကမ္ဘာ့ကျက်သရေ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စံပွယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလွင်ငယ်ဝေသည်၊ တောင်လေပြင်မှိုင်းပုံနှင့် ကြုံ့ပြန်လေခြင်း၊ ရှေးဟောင်းစာဆိုရှင် ကဝိအဆူဆူ၊ စာပေဝိဓူအဆက်ဆက်တို့သည်လည်း၊ ဆယ့်နှစ်လ ရာသီဖွဲ့ရာ၊ ဥဩကာသလောကကို ထည့်သွင်းဖွဲ့ဆိုကြသည်။ ဤလကို မဟာသမယ၊ လမြတ်အဖြစ် ဂုဏ်ရည်ကာ ပုဏ္ဏမီရက်မြတ်မဟာ သတ်မှတ်တင်စားခဲ့ကြ၏။**

နယုန်လကား နွေရာသီ၏နွေနှောင်းလ၊ နွေစွန်လဖြစ်သည်။ ရေတွေကအရှေ့အနောက်၊ တောင်မြောက်လာ ထုတ်ပေါက်တဖွေးဖွေးနှင့် ရှိနေတော့သည်။ စုံခြေတစ်လျှောက် အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း ရှေးကနှင့်မတူ ရွက်ညွန့်တွေတလူလူနှင့် သူနိုင်ငါနိုင် အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆို မင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာညိုတော့သည်။ ရာသီမေထုန်ဤလနယုန်သည် မိုးဒေဝါနှင့် ယဉ်ပါးဆက်ဆံပြီး သွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည်အလား ရှိနေပါသည်ဟု အနက်အဓိပ္ပာယ်ရှိဖွယ်ရာသော ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် စာဆိုကျော်မယ်ခွေက သူ၏တွေ့ကြုံခဲ့ရသည့် ရာသီမေထုန်လနယုန်မှ ဖြစ်သနစ်ပုံရိပ်တို့ကို မြင်စေထင်စေအောင် ဖော်ကျူးထားခဲ့သည်။

ကဆုန်လ၏ အပူရှိန်သည် နယုန်လသို့ ရောက်လေလျှင် လက်မြှောက်အရှုံးပေးစပြုလာ၏။ နယုန်မိုးသေးမြက်သားမွေးဟု စကားစဉ်ရှိသော်လည်း ယေဘုယျအားဖြင့် နယုန်မိုးသည် မိုးဦးနိဒါန်းမျှသာ ဆိုနိုင်သည်။ ရွာလတ္တံ့သော အနာဂတ်မိုးများနှင့် နှိုင်းစာလျှင် မိုးသေးမိုးဖွဲဟု တင်စားဖွယ်ရှိချေ၏။

နယုန်မိုးသေးဟု တင်စားကြသော်လည်း အခါခပ်သိမ်းမိုးသေးမဟုတ်ပေ။ တစ်ခါတစ်ရံ မြစ်ရေထိုးထွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ ကြောက်ဖွယ်မိုးပင်ဖြစ်တတ်ချေ၏။ “သူယုတ်၏သား ရမ်းကားတတ်စွ။ မိုက်မာနနှင့် ဒေါသဟုန်ဟုန်တပြင်တုန်ဖြင့် နယုန်ရေရှူး ရေဦးရေလွင်၊ ရေသမင်သို့၊ လျင်လျင်တုပ်တုပ်၊ သိမ်းချုပ်မတည်၊ လိမ္မာနည်း၏” ဟူ၍ မာဃဒေဝလင်္ကာသစ်ကြီး၌ သူယုတ်သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရှူးဟု ပြဆိုခဲ့သည်။ မင်းလှရာဇကျော်ထင်က အဘိရုကပျို့တွင် “နယုန်တွင်မူ မင်ခံမင်ထပ် ရစ်ပြက်လျှပ်စစ်နှင့် နတ်ပဇ္ဇုန်နှိုက်အမှူးတို့ ခုန်ကရေပန်ကြလေဖျန်း၏။ ပန်းယုတိခါ သုမနာလည်း၊ သင်းစွာလှိုင်စေကြိုင်လွင့်ကြွေလျက် မြိုင်ခြေပျို့ပျို့၊ ညို့ရရို့တည့်ဟူ၍ မိုးသေးမိုးဖွဲရေရှူးတို့နှင့်အပြိုင် ပွင့်ငုံလေ့ရှိသော ရာသီပန်းကို ပါဠိစကားလုံးများဖြင့် ယုထိကဇွန်ပန်းသုမနာ မြတ်လေးပန်းဟူသော စံပယ်ပန်းအနွယ်ကို ရာသီပန်းအဖြစ် ဖွဲ့ဆိုထား၏။ ထိုပန်းတို့သည် ဆေးဖက်ဝင်ကြောင်းကို မြန်မာဆေးကျမ်းအဖုံဖုံ၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်၏။

နယုန်ဟူသောဝေါဟာရတွင် အချိန်ကာလဖြစ်၏။ နယုန်သည် မြန်မာရောင်းရင်ဘာသာစကားအရ မိုးရွာခြင်းဟုအနက်ထွက်၏။ နယုန်လသည် မိုးရွာသော ကာလဟု မှတ်ယူကြ၏။ ပညာရှိတို့က နယုန်၏ ရင်းမြစ်မှာ “နရယုဂ” ဟူသောပါဠိပုဒ်မှ နရယုဂသဒ္ဒါပျက်၍ နယုန်ဖြစ်လာသည်ဟုဆို၏။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တကျမ်းရာသီဘိဓာနအပိုင်း၌ ဇိတုဓ၊ မိထုန၊ နရယုဂဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် “နရယုဂ” မှမေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏ဟု ဆိုသည်။ အဓိပ္ပာယ်မှာ မိန်းမယောကျ်ားအစုံ(နရ=လူ+ယုဂ=အစုံ) ဟုဆိုလို၏ ဟုဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏ အလိုမှာ မေထုန်ရာသီသည် နရယုဂသဒ္ဒါ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာကြောင်းဆို၏။

ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာတို့၌ နယုန်၊ နံယုန်၊ နဗျုန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယရှင်ပုညကာမိစီရင်သော ဘုန်းမီးတက်လျှံချီမှန်စီသတ်ပုံတွင် “တန်ခူးကဆုန်၊ လနမျုန်ကြိုးသုန်သုန်၊ နယုန်နသတ်ဖြန်း” ဟုသတ်ပုံဖြင့်ညွှန်းခဲ့၏။ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် “ကဆုန် နမျုန်ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း”ဟူ၍ နယုန်ကို နငယ်သတ်၍ ရေးသားလာရှိသည်တို့ကို ထောက်လျှင် ဒုတိယအင်းဝခေတ်၌ “နမျုန်” ဟုလည်း အရေးအသားရှိကြောင်းသိရ၏။

နယုန်လသည် စာတော်ပြန်ပွဲကျင်းပသောလလည်းဖြစ်သည်။ စာဆိုတော်လဟူ၍လည်း ခေါ်ဆိုနိုင်၏။ စာတော်ပြန်ပွဲကို ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ကစတင်၍ ကျင်းပခဲ့သည်ကို မှန်နန်းရာဇဝင်တတိယတွဲ(၂၃၉)တွင်. .

“သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့ပေးရသည်။ အနက်အဓိပ္ပာယ်ကိုဆိုနိုင်သော သာမဏေတို့ကို ပဥ္စင်း ၁၀၈ ပါး၊ သာမဏေခုနစ်ပါး၊ ထိုနှစ်က ကဆုန်လဆန်း ၁၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့်ကျော် ၂ နာရီသုံးပါဒ်တွင် ပဥ္စင်းခံတော်မူသည်”ဟူ၍ လာရှိ၏။ ထို့ကြောင့် အင်ရုံ စာတမ်းခေါ်သော လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများ၊ နယုန်လတွင် စာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြထား၏။

မြန်မာသက္ကရာဇ် ၁၀၉၅ ခုနှစ် မဟာရာဇာဓိပတိမင်းလက်ထက်တွင် အင်းဝမြို့တော်တွင် ကျောင်းဆောက်ပြီးလျှင် ပခန်းကြီးမြို့ကြေးပိုက်သင်ပထမကျော်ရှင်ဉာဏဝရကိုတင်လှူ၍ “ကျော်အောင်စံထားဟုတွင်၏” ဟု သမိုင်းမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။ အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက် ပထမပြန်စာမေးပွဲအကြောင်းနှင့်စပ်လျဉ်း၍ ရှေးမင်းများလက်ထက် ပြန်ဆိုသည့်နည်းကို ပြန်ဆိုသော် သင့်မသင့် မေးတော်မူကြောင်းနှင့် ပထမမောင်းထောင်သာသနာပိုင်၏။ ပုစ္ဆာပကိဏ္ဏကအဖြေ၌လာရှိသောစကားတို့ကို ထောက်လျှင် နောင်မင်းများသည်လည်း ပထမပြန်စာမေးပွဲများ ကျင်းပကြောင်း ထင်ရှားပါသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထား၏။

မင်းတုန်းမင်းကြီးလက်ထက်တွင် ပထမပြန်စာမေးပွဲအတွက်ပြန်ဋ္ဌာန်းသည့်ကျမ်းများမှာ သဒ္ဒါရှစ်စောင်၊ သင်္ဂြိုဟ်ကိုးပိုင်း၊ ဆန်း၊ လင်္ကာ၊ အဘိဓာန်၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်အောက်ငါးကျမ်းတို့ဖြစ်ပါသည်။ သီပေါမင်းလက်ထက်သို့ ရောက်သောအခါ မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်မှစ၍ ပထမပြန်ပွဲဆိုင်ရာ ဥပဒေစည်းကမ်း၊ နည်းလမ်းများဖြင့် ကြီးကြပ်လျက် စနစ်တကျကျင်းပကြသည်။ ပြန်ဆိုမေးမြန်းပုံမှာလည်း ပါဠိကိုနှုတ်တိုက် အာဂုံပြန်ဆိုစေခြင်း၊ အနက်အဓိပ္ပာယ်ကိုနှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဆိုစေခြင်း၊ အနက်အဓိပ္ပာယ်ကို မေးခွန်းပုစ္ဆာတစ်မျိုးသာထုတ်၍ စာရွက်ဖြင့်မေး၊ စာရွက်ဖြင့်ရေး၍ဖြေစေခြင်း သုံးမျိုးပြုလုပ်၍ ကျင်းပခဲ့ကြခြင်းဖြစ်၏။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်က ရေးသားထားသည်ဟုယူဆရသော “မောင့်မှာရဟန်း” ဟူသော အိုင်ချင်းတွင် ရဟန်းပျိုအဖြစ် ရောက်ရှိသောလူငယ်တို့၏ လူမှုရေးကိုတွေ့မြင်ရသည်။ “မပန်သာသည်ရင်းမာ၊ ခေါင်ရမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူပန်းကို၊ နွမ်းလို့ပစ်ချေရတော့မယ်၊ မချစ်သာသည့်မောင်မှာရဟန်း ကမ္ဘဝါရွှေစာတစ်ကျမ်းနှင့် ဖြစ်ချေတော့တယ်” “မပန်သာရင်းမာ အကိုင်းအခက်နှင့် မကြဲသာမင်းမှာအပေါင်းအဖက်နှင့် အပျိုလေး လူပျိုပုံမှာ မယ်ကမှန်းပါတဲ့ ခွင်လုံးပိုင်းလော” စသည်ဖြင့်ရေးစပ်ခဲ့သည်ကို လေ့လာခြင်းဖြင့်စာပြန်ရန် ကြိုးစားနေရသော ရဟန်းပျိုတို့၏ ပုံရိပ်သွင်ကိုမြင်နိုင်ပေတော့သည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ထီးသုဉ်းနန်းသုဉ်းဖြစ်ရပြီး သူ့ကျွန်အဖြစ်သို့ ရောက်ရှိခဲ့သည့်အတွက် နယုန်လစာပြန်ပွဲတော်သည်လည်း ချုပ်ငြိမ်းသွားရသည်။ သာသနာတော်သည်လည်း မှေးမှိန်ခြင်းဖြစ်ရသည်။

ပုဂံအနော်ရထာ၊ အနုရုဒ္ဓဘုရင်မှစ၍ ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ယနေ့အချိန်အခါတွင် သာသနာတော်တိုးတက်ပြန့်ပွားထွန်းကားရေးကို စွမ်းအားရှိသ၍ ချီးမြှောက်အားပေးနေလျက်ရှိသည်။

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် အရေးအကြီးဆုံးအခြေခံအကျဆုံးဖြစ်၍ ပရိယတ္တိသာသနာတော်တည်မှ ကျန်သာသနာများတည်တံ့နိုင်ရကား။ ပရိယတ္တိသာသနာသည် သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။

ရှေးခေတ်ရှေးအခါကား ဖြစ်ထွန်းနေသောဘုန်းကြီးကျောင်းပညာရေးကိုလည်း အထူးအားပေးသကဲ့သို့ဖြစ်သည်။ ထိုဘုန်းကြီးကျောင်းပညာရေးက မွေးထုတ်ပေးလိုက်သောပညာရှင်များကိုလည်း လောကီလောကုတ်သာသနာနှစ်ဖြာတွင် အသုံးချခဲ့ကြသည်။ ထို့အတွက်ကြောင့် ရှေးခေတ်ကပင် ပရိယတ္တိသာသနာတိုးတက်ပြန့်ပွားရန်နှင့် ပညာရှင်များ ထွန်းကားလာရန်ဟူသော ဆန္ဒဖြင့် စာတော်ပြန်ပွဲကို နယုန်လ၏ ရာသီပွဲတော်ဖြင့် တခမ်းတနားကျင်းပခဲ့ခြင်းဖြစ်သည်ဟု ယူဆသည်။

စာတော်ပြန်ပွဲသည် တိုင်းပြည်၏ သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သော ပညာရှင်များကို မွေးထုတ်ပေးသည်။ ရှေးခေတ်ပညာရှင်များရွေးပွဲပင်ဖြစ်သည်။ မြန်မာစာတက္ကသိုလ်စာမေးပွဲဖြစ်သကဲ့သို့ ထိုစာတော်ပြန်ပွဲများမှ လူကောင်းလူတော်ပညာရှင်များရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်ဗြဲတိုက်တို့တွင် တာဝန်ပေးခြင်းခံရသည်။ အချို့သောလူကောင်းများ ရာထူးကြီးများကိုပင် တိုက်ရိုက်ရကြသည်။ ပညာရှိဆိုသည်မှာ လောကရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော ပါရဂူတို့သာများသည်။ တွင်းသင်းမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ပခန်းဝန်ကြီးစသည့် ရဟန်းအဖြစ်မှလူတော်လဲပြီး နန်းတော်သို့ရောက်ကြကာ အုပ်ချုပ်ရေးယန္တရားများကို လည်ပတ်စေသောပုဂ္ဂိုလ်များပင်ဖြစ်သည်။

နယုန်လတွင် စာတော်ပြန်ပွဲသဘင်ကျင်းပခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအဖို့ စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်၏။ စာသင်နှစ်၏ ပထမလမှာ ဝါဆိုလဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုတော်မူ၏။ ထို့နောက် စာဝါအသစ်များကို ပို့ချသင်ယူကြသည်။ ဝါတွင်းကာလမှ တစ်ရပ်တစ်ပါးသို့ ညဉ့်အိပ်ခရီးမသွားရ၍ အချိန်ရှိသရွေ့ စာပေပို့ချလေ့လာဆည်းပူးနိုင်သောအချိန် ဖြစ်၏။ ထို့ကြောင့် စာသင်နှစ်၏နောက်ဆုံးလဖြစ်သော နယုန်လ ရာသီတွင် စာတော်ပြန်ပွဲ ကျင်းပခြင်းပင်ဖြစ်သည်။

ဤကဲ့သို့ နယုန်လတွင် စာတော်ပြန်ပွဲကို ကျင်းပခဲ့ရသည်မှာ သာသနာ့အာဇာနည်များ ပေါ်ထွန်းရန်ရည်သန်ကျင်းပခြင်းပင်ဖြစ်သည်။ ယခုအခါမှာလည်း နိုင်ငံတော်က အစဉ်အလာမပျက် ဆောင်ရွက်အားပေးလျက်ရှိသည်။

နယုန်လသည် ဗုဒ္ဓဘာသာဝင်တို့၏ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်၏။ မြတ်ဘုရားရှင်သည် ကပိလဝတ်ပြည် မဟာဝုန်ကျောင်းတော်ကြီး၌ မဟာသမယသုတ်တော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

ဟောကြားတော်မူသော အကြောင်းအရင်းက အိန္ဒိယနိုင်ငံတွင် တတိယမြောက်သြက္ကာကမင်း၏ အဆက်အနွယ်ဆွေရင်းမျိုးရင်းများဖြစ်ကြသော သာကီဝင်မျိုးတို့နှင့် ကောလိယမင်းမျိုးတို့သည် ကပိလဝတ်မြို့တော်နှင့် ကောလိယမြို့တော်တို့၏အလယ်တွင် စီးဆင်းလျက်ရှိသော ရောဟနီမြစ်ကိုပိတ်ဆို့ကာ တာတမံပြုလုပ်၍ လယ်ယာလုပ်ကိုင်ကြသည်။ ကဆုန်-နယုန်လတို့တွင် ရေပိတ်ဆို့ကာ တာတမံပြုလုပ်၍ လယ်ယာလုပ်ကိုင်ကြသည်။ ကဆုန်၊ နယုန်တွင်မိုးခေါင်၍ ရေပြတ်သဖြင့် ၎င်းမြစ်ရေကို အလုအယက်ယူငင်ကြကာ စိုက်ပျိုးကြရာတွင် အချင်းချင်းအငြင်းပွားကြရာ ဆွေချင်းမျိုးချင်းနှစ်ပြည်ထောင်မင်းတို့သည် စစ်ခင်းရသောအခြေသို့ ဆိုက်ရောက်လာ၏။

မြတ်ဘုရားရှင်သည် နှစ်ဖက်စစ်သည်တို့နှင့် မျိုးနွယ်တို့အလယ်တွင် ကောင်းကင်ထက်၌ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေတင့်တယ်စွာ နေထိုင်တော်မူ၏။ နှစ်ဖက်မျိုးနွယ်တို့သည် မြတ်ဘုရားရှင်မျက်မှောက်၌ စစ်ခင်းသတ်ဖြတ်ကြခြင်းသည် မသင့်လျော်ကြောင်းသိရှိ၍ လက်နက်ချကာ မြတ်ဘုရားရှင်ကို ဦးနှိမ်ဝပ်ကျိုးရှိခိုးကြသည်။

မြေကြီးကို အစိုးရသောမင်းတို့သည် အဖိုးမတန်သော ရေဟူသော အကြောင်းကြောင့် တန်ဖိုးမဖြတ်နိုင်သော မင်းတို့ကို အဘယ်ကြောင့်ဖျက်ဆီးလိုကြသနည်းဟု ဆုံးမတော်မူ၏။

၁။ ဝက်ဝံနှင့်ရက္ခစိုးတို့ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးနှစ်ဖက်ပျက်စီးကြပုံ**“ဖန္ဒနဇာတ်”**

၂။ မြေပြိုပါပြီဟု ထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏စကားကို ယုံမှား၍ တိရစ္ဆာန်များအပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ **“ဒုဒ္ဒုဘဇာတ်(ပထဝီဥန္ဒြိယဇာတ်)”**

၃။ အားသေးသောနှံစုတ်ငှက်မက အားကြီးသော ဆင်ပြောင်ကြီးကိုအနိုင်ယူ၍ရန်သူကို အထင်မသေးသင့်ပုံ**“လဋုကဇာတ်”**

၄။ ညီညွတ်စဉ်အခါက ရန်သူ၏လက်မှလွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီညွတ်ဖြစ်သောအခါ ငုံးငှက်များ မုဆိုး၏ပိုက်ကွန်၌ အမိခံရပုံ**“သမ္မောဒမာနဇာတ်”**

၅။ သက်မဲ့ဖြစ်သော သစ်ပင်များတစုတဝေးတည်းတည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံ**“ရုက္ခဓမ္မဇာတ်”**

၆။ မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် “အတ္တဒတ္တသုတ်”တို့ကို ဆောင်ဟောပြဆုံးမတော်မူ၏။

မြတ်ဘုရားရှင်တရားဒေသနာတော်ကို နာကြားရသောအခါ သာကီဝင်မင်းနှင့် ကောလိယမင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၍ အသက်ချမ်းသာရာရကြသည်။ သွေးချောင်းစီးခြင်းမှ ကင်းရသည်ဟု သတိသံဝေဂ ရကြလေ၏။

ယင်းသို့သောငြိမ်းချမ်းစွာဖြင့် ပြောင်းလဲလာမည့် တိုးတက်ရေးလမ်းပေါ်တွင် လျှောက်လှမ်းနေချိန်ကာလမဟာသမယတွင် ဗုဒ္ဓရှင်တော်ဂေါတမဟောကြားသည့် နှစ်ပြည်ထောင်စစ်ခင်းကြတော့မည့်ဆဲဆဲ မြတ်ဘုရားရှင်၏ ငြိမ်းချမ်းရေးတရားတော်များကို နာကြားရခြင်းကြောင့် နှစ်ပြည်ထောင်စစ်သည်များသည် လက်နက်ချ၍ ရင်းနှီးချစ်ကြည်စွာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြသည့် “မဟာသမယအခါတော်”နှင့် ကြုံကြိုက်တိုက်ဆိုင်နေသည်။

မျက်မှောက်အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းသော နိုင်ငံတော်သစ်အဖြစ် ပြုပြင်တည်ဆောက်နေသည့် ကာလဖြစ်သည်။ ဤကာလတွင် ပြည်တွင်းစစ်မီးများငြိမ်းချမ်း၍ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းလာစေရန် ငြိမ်းချမ်းရေးတည်ဆောက်နေသည်မှာ မြန်မာနိုင်ငံအတွက် စိတ်ချမ်းမြေ့ဖွယ်ရာ၊ ရှင်လန်းအားတက်ဖွယ်ရာအပေါင်းလက္ခဏာများ ဖြစ်ပေတော့သည်။

■ ■ ■

**ငြိမ်းချမ်းစွာဖြင့် ပြောင်းလဲလာမည့် တိုးတက်ရေးလမ်းပေါ်တွင် လျှောက်လှမ်းနေချိန်ကာလ မဟာသမယတွင် ဗုဒ္ဓရှင်တော်ဂေါတမ ဟောကြားသည့် နှစ်ပြည်ထောင်စစ်ခင်းကြတော့မည့်ဆဲဆဲ မြတ်ဘုရားရှင်၏ ငြိမ်းချမ်းရေးတရားတော်များကို နာကြားရခြင်းကြောင့် နှစ်ပြည်ထောင်စစ်သည်များသည် လက်နက်ချ၍ ရင်းနှီးချစ်ကြည်စွာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြသည့် “မဟာသမယအခါတော်” နှင့် ကြုံကြိုက်တိုက်ဆိုင်နေ**



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စိုက်ပျိုးပြီးစီးသည့် နှမ်းခင်းအချို့ပျက်စီး

**သရက် ဇွန် ၁၈**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တုတ်ကိုင်းကျေးရွာတွင် တောင်သူဦးကြီးများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများမှာ ဇွန်လဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် နှမ်းခင်းအချို့မှာ ဖြစ်ထွန်းအောင်မြင်မှုမရှိဘဲ ပျက်စီးခဲ့ကြောင်း ဇွန် ၁၇ ရက်က တောင်သူဦးနေလင်းက ပြောသည်။

တုတ်ကိုင်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးနေလင်းက ကျေးရွာရှိ တောင်သူဦးကြီးများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ၊ နှမ်းနှင့် ပဲတီစိမ်းသီးညှပ် စိုက်ခင်းများတွင် ဇွန်လဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နှမ်းစိုက်ခင်းအများစုမှာ ပျက်စီးဆုံးရှုံးခဲ့ပြီး နှမ်းနှင့် ပဲတီစိမ်း ကြားညှပ် စိုက်ပျိုးထားသည့် အခင်းများမှာ ပဲတီစိမ်းအချို့ကောင်းမွန်သဖြင့် ပြန်လည် စိုက်ပျိုးရန်မလိုဘဲ နှမ်းသက်သက် စိုက်ပျိုးထားသည့် အခင်းအချို့မှာ သီးနှံများ ဆုံးရှုံးပါက ပဲကြီးများ စိုက်ပျိုးချိန်ရောက်မှသာ ပဲကြီးများ ပြန်လည် စိုက်ပျိုးသွားကြမည်ဖြစ်ပြီးနှင့် နှမ်းမျိုးများ ဆုံးရှုံးခဲ့ကြကြောင်း ယင်းက ပြောသည်။

**ဇော်ထက်(သရက်)**

# သိမ်းဆည်းမြေအတွက် မြေလျော်ကြေးပေးအပ်

**စစ်တွေ ဇွန် ၁၈**
ရခိုင်ပြည်နယ် စစ်တွေမြို့ မိဇ်ရပ်ကွက် ကမ်းနားလမ်းနှင့်ကျေးပင်ကြီးရပ်ကွက်ရှိ မြေများအား မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်ပင်ဈေးသစ် ဆောက်လုပ်ရန်အတွက် သိမ်းဆည်းမြေများကို အိမ်နှင့်မြေ ဧရိယာဆုံးရှုံးသူ ၁၉ ဦးထံသို့ မြေလျော်ကြေးပေးအပ်ပွဲကို မင်းသူရိယခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားရှင်းလင်းရာတွင် သိမ်းဆည်းမြေများအနက် ဒေါ်သာနုမေ အပါအဝင် ငါးဦးတင်ပြထားသော စစ်တွေမြို့ မိဇ်ရပ်ကွက် ကမ်းနားလမ်းတွင်ရှိသော အကွက်အမှတ်(၃၆)အား ၁၉၉၂ ခုနှစ်တွင် မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် ဒေသအာဏာပိုင်များက သိမ်းဆည်းခဲ့သော မြေနေရာအားလည်းကောင်း၊ ဦးသာအေးအပါအဝင် ၁၄ ဦး တင်ပြထားသော စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကွက်အမှတ်(၃၆) နှင့် အကွက် အမှတ်(၃၈)တို့အား ၁၉၉၆ ခုနှစ်တွင် ခေတ်မီနှစ်ထပ်ဈေးသစ်ဆောက်လုပ်ရန်အတွက် သိမ်းဆည်းထားမှုများနှင့် ပတ်သက်၍ နစ်နာသူများအား လျော်ကြေးငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

လျော်ကြေးငွေများ ပေးအပ်ရာတွင်လည်း လက်ရှိကာလပေါက်ဈေး မြေတန်ဖိုးတွက်ချက်မှုနှင့်အတူ ဒေါ်သာနုမေ အပါအဝင်ငါးဦး၏ မြေဧရိယာ သုညဒသမ ၄၈၂ ဧကအတွက်ငွေကျပ် ၂၉၃ ဒသမ ၉၄ သန်း၊ ဦးသာအေးအပါအဝင် ၁၄ ဦး၏အိမ်နှင့် မြေဧရိယာ သုည ဒသမ ၃၂၃ ဧကအတွက် ငွေကျပ် ၇၀၈ ဒသမ ၇၁ သန်းစုစုပေါင်းငွေကျပ် ၁၀၀၂ ဒသမ ၆၅ သန်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်ပြည်နယ်အစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲခဲ့ပြီး ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

ဆက်လက်၍ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်ပင်ဈေးသစ်ဆောက်လုပ်ရန်အတွက် မြေနေရာသိမ်းဆည်းခဲ့မှုများတွင် အိမ်နှင့်မြေဧရိယာ ဆုံးရှုံးသူများ နစ်နာမှုမရှိစေရေးအတွက် မြေလျော်ကြေး လက်ခံရယူရန်သဘောတူသူ စစ်တွေမြို့ မိဇ်ရပ်ကွက်နေ ဒေါ်သာနုမေအပါအဝင်ငါးဦးနှင့် ကျေးပင်ကြီးရပ်ကွက်နေ ဦးသာအေးအပါအဝင် ၁၄ ဦး စုစုပေါင်း ၁၉ ဦးအား မြေလျော်ကြေးပေးအပ်ခဲ့သည်။

ယင်းနောက် စည်ပင်သာယာရေး ဝန်ကြီးက ပြည်နယ်အစိုးရအနေနဲ့ ပြည်သူကိုဗဟိုပြုပြီး ပြည်သူများ၏ လိုအပ်ချက်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ နစ်နာမှုများကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တတ်နိုင်သောဘက်မှ အစွမ်းကုန်ကူညီဖြည့်ဆည်းဆောင်ရွက်ရန်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က မြေလျော်ကြေးပေးအပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လျော်ကြေးငွေပေးအပ်ခြင်းကို စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က အသီးသီးပေးအပ်ခဲ့သည်။

ယင်းနောက် မြေယာလျော်ကြေး လက်ခံရယူသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ခရိုင်ပြန်/ဆက်**

## ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ငှက်ဖျားရောဂါကူးစက်မှု ဒေသအလွှာခွဲခြားခြင်း သင်တန်းပို့ချ

**ဝန်းသို ဇွန် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ ပြည်သူ့ဆေးရုံတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနမှ ဦးဆောင်၍ ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းအားပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် Malaria Micro Stardfication ငှက်ဖျားရောဂါကူးစက်မှု ဒေသအလွှာခွဲခြားခြင်းသင်တန်းကို ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် ဝန်းသိုမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်သန်း၊ တိုင်းငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ငှက်ဖျားရောဂါမှူး ဦးမျိုးဦး၊ ဦးရဲသီဟနှင့် မြို့နယ် ငှက်ဖျားရောဂါတာဝန်ခံ ဦးသက်ညီကျော်တို့မှ သင်တန်းပို့ချပြီး အခြေခံကျန်းမာရေးဝန်ထမ်း ၄၀ တက် ရောက်ခဲ့သည်။

သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကင်းဝေးရေး Elimination လုပ်ငန်းဆောင်ရွက်ရာ၌ အဓိကကျသည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုကင်းဝေးစေရန်အတွက် ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးကိုကျေးရွာအတွင်း ငှက်ဖျားရောဂါပိုး ရှိ၊ မရှိ သိရှိနိုင်ရန်အတွက်နှင့် လိုအပ်သော ကာကွယ်နှိမ်နင်းရေး၊ ကုသရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

**စိုင်းလှမင်း(မီဒီယာဂရု)**

# စက်ရေတွင်းအမှတ် ၁၁၅ တွင်းမြောက် ရေတူးဖော်အောင်မြင်

**မန္တလေး ဇွန် ၁၈**
ရေရှားပါးသောဒေသများတွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) က စက်ရေတွင်းတူးစက်ကြီးခုနစ်စီးဖြင့် တူးဖော်လှူဒါန်းပေးလျက်ရှိသော စက်ရေတွင်းများအနက် စက်ရေတွင်းအမှတ် ၁၁၅ တွင်းမြောက်စက်ရေတွင်းကို အထက်မြန်မာပြည် ရေရှားပါးသောအညာဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ယမ်းဆမ်းကျေးရွာတွင် တူးဖော်လျက်ရှိရာ ဇွန် ၁၆ ရက်က အနက်ပေ ၅၄၀ အရောက်တွင် တစ်နာရီရေဂါလန် ၃၅၀၀ နှုန်းဖြင့် ရေအောင်ခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်း က ၂၀၁၄ ခုနှစ် မတ်လမှ စတင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဘော်ဆိုင်း၊ ဟဲဟိုး၊ အောင်ပန်း၊ ပင်းတယ၊ ကလော၊ တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ ခိုလမ်၊ နောင်တရားမြို့နယ်များ၊ ကယားပြည်နယ်၊ လွိုင်ကော်၊ ဒီမော့ဆိုမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စက်ရေတွင်းတူးစက်ကြီးခုနစ်စီး၊ စက်ငယ် ၁၅ စီးဖြင့် စက်ရေတွင်းစုစုပေါင်း ၁၄၅ တွင်းကို တူးဖော်လှူဒါန်းပေးခဲ့ရာ စက်ရေတွင်းတူးစက်ကြီးခုနစ်စီးသည် ရေအောင်တွင်း ၇၉ တွင်းကိုလည်းကောင်း၊ စက်ရေတွင်းတူးစက်ငယ် ၁၅ စီးသည် ရေအောင်စက်ရေတွင်း ၃၀ ကိုလည်းကောင်း စုစုပေါင်းစက်ရေတွင်း ၁၀၉ တွင်းအထိ တူးဖော်လှူဒါန်းပေးနိုင်ခဲ့သည်။

ထိုသို့ တူးဖော်လှူဒါန်းပေးနိုင်ခဲ့သည့်အတွက် မြန်မာပြည်အရပ်ရပ်ရှိ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသများဖြစ်သော ဓနုလူမျိုးများ အများဆုံးနေထိုင်ရာ ဘော်ဆိုင်းဒေသ၊ ပအိုဝ်းလူမျိုးများအများဆုံးနေထိုင်ရာ နောင်တရားနှင့် ဟိုပုံးဒေသ၊ ရှမ်းလူမျိုးများအများဆုံးနေထိုင်ရာ နမ့်စန်၊ ခိုလမ်ဒေသ၊ အင်းသားလူမျိုး အများဆုံးနေထိုင်ရာ ညောင်ရွှေဒေသ၊ ကယား၊ ကယန်း၊ ပဒေါင်လူမျိုးအများဆုံးနေထိုင်ရာ ကယားပြည်နယ် လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်များနှင့် ဗမာလူမျိုးများနေထိုင်သော မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး စသည်ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားပြည်သူများအတွက် လိုအပ်သော သန့်ရှင်းသည့်သောက်သုံးရေများကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သောက်သုံးရေများ ရှားပါးခက်ခဲလာမှုအပေါ် ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ် မတ်လမှ စတင်လှူဒါန်းတူးဖော်ခဲ့ရာ ယနေ့တိုင် နေ့စဉ်နှင့်အမျှ ရပ်နားမှုမရှိဘဲ ဆက်လက်တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရှိရသည်။

**(၀၁၀)**



## ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆင့်ပွားသင်တန်း ဟသ်ာတမြို့နယ်၌ ဖွင့်လှစ်ပို့ချ

**ဟသ်ာတ ဇွန် ၁၈**
မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထောက်ပံ့မှုဖြင့် ဟသ်ာတမြို့နယ်၌ ကျောင်းအခြေပြုဘေး အန္တရာယ်လျော့ပါးရေး ဆင့်ပွားသင်တန်းကိုဇွန် ၁၇ ရက်က တာကလေးရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ခဲ့ရာ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးဦးဇော်မင်း (ကာယ)နှင့် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူး ဦးကျော်မြင့်ဦးတို့က သင်တန်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိရာ ရုတ်တရက်ကျရောက်မှုများကြုံတွေ့ရပါက ဘေးအန္တရာယ်လျော့ပါးသက်သာစေရန် နှင့် မကျရောက်မီ ကြိုတင် အသိပညာပေးခြင်းဆိုင်ရာများကို ပညာရေးဌာနနှင့် ပူးပေါင်း၍အခြေခံပညာကျောင်းများတွင် စာတွေ့လက်တွေ့ သရုပ်ပြသင်ကြားသွားမည် ဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကြက်ခြေနီအသင်းရုံးမှ သိရသည်။

အဆိုပါသင်တန်းများကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၃၁ ရက် အထိ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၊ အ-လ-က(ခွဲ) မန်းကုန်းကျောင်း၊ ကွမ်းခြံကုန်းကျောင်း၊ အ-ထ-က(ခွဲ)ရွာဦးကျောင်းနှင့် ရွာသစ်တောင်ကျောင်းတို့၌ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**ကျော်ကျော်(ခရိုင်ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် စာဖတ်စာမှတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်

**ကျိုက်ထို ဇွန် ၁၈**
ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူလတန်းရွယ် ကျောင်းသူ၊ ကျောင်းသားများ ဉာဏ်ရည်ဖွံ့ဖြိုးထက်မြက်လာစေရန်နှင့် စာဖတ်စာမှတ်တတ်သည့် အလေ့အကျင့်ကောင်းများဖြစ်လာစေရန်အတွက် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်စာမှတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံခရိုင်ဦးစီးအရာရှိဒေါ်ခင်လေးနွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်အား ပြောကြားခဲ့သည်။

ဆက်လက်၍ စတုတ္ထတန်းနှင့် တတိယတန်း ကျောင်းသူ၊ ကျောင်းသား ၁၃ ဦးတို့က ပညာရှာရာ ဉာဏ်သုံးပါးပုံပြင်အား ၁၅မိနစ်ခန့် စုပေါင်းဖတ်ကြ ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အတန်းဖော်ကျောင်းသူ၊ ကျောင်းသားလေးများက ပထမ၊ ဒုတိယ၊ တတိယ ပေးသင့်သည့် ကျောင်းသူ၊ ကျောင်းသားများကို ရွေးချယ်ပေးခဲ့သည်။

ဆက်လက်၍ ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်ခံကျောင်းသူ၊ ကျောင်းသားလေးများနှင့် ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသူ၊ ကျောင်းသားများအား သထုံခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်၊ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်နီလာအောင်တို့က ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများကိုချီးမြှင့်ပေးခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**

# ရခိုင်ပြည်နယ်မှ မင်းပြားမြို့ဆီသို့





**à မောင်မောင်မြင့်ဆွေ**

လေးမြို့မြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေကြောင့် အေးမြသွားသည်။ လေနှင့်အတူ မိုးစက်တို့က ထပ်ကြပ်မကွာ လိုက်ပါလာရာ ပတ်ဝန်းကျင်တစ်ခွင်တွင် မြင်ကွင်းက မှုန်ဝါးသွားသည်။ လေးမြို့မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ရာမောင်တံတားကို ဓာတ်ပုံရိုက်ရန် လက်တစ်ဖက်က ထီးကိုင်ပြီး ကျန်လက်တစ်ဖက်က ကင်မရာကို ထိန်းကိုင်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူသော်လည်း ပုံရိပ်က မပီပြင်။ လက်လျှော့ကာ ရာမောင်တံတားပေါ်မှ မင်းပြားမြို့နယ် မြင်ကွင်းကို လှမ်းမျှော်ကြည့်ရှုရာ လယ်ကွင်းများ၊ မြစ်၊ ချောင်းများနှင့် တောင်စွယ်တောင်ကုန်းများကို မြင်တွေ့ရသည်။ ရခိုင်ပြည်နယ်တွင် မင်းပြားမြို့က လမ်းဆုံလမ်းခွတွင် တည်ရှိသောမြို့ဖြစ်ရာ အချက်အချာကျလေသည်။ မင်းပြားမြို့သို့ တစ်ကြိမ်မျှ မရောက်ဖူးသော ကျွန်တော့်အတွက် မြင်ကွင်းတိုင်းစိမ်းနေသည်က အမှန်ပင်။

မိုးရာသီကာလတွင် မိုးဆက်တိုက်ရွာသွန်းလေ့ရှိသော ရခိုင်ပြည်နယ်က ရန်ကုန်သူ၊ ရန်ကုန်သားများအတွက် မိုးများလွန်းသည်ဟု ဆိုစရာဖြစ်သော်လည်း ရခိုင်ပြည်နယ်အတွက်မူ ထူးခြားကောင်းမွန်သောလက်ဆောင် တစ်ရပ်ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် မြစ်၊ ချောင်းပေါများပြီး ပင်လယ်နှင့်နီးရာ ရေငန်ထိုးသဖြင့် မိုးရာသီကာလအတွင်း ရေချိုများရရှိရာ သောက်သုံးရေကန်များ၊ ဆည်တမံများ မိုးရေအပြည့်အလျှံ သိုလှောင်ထားနိုင်သည်။ လယ်ယာစိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးရေနှင့် အောင်ရေများလုံလောက်စွာရရှိသဖြင့် မိုးများခြင်းက သဘာဝကပေးသော လက်ဆောင်ဟု မှတ်ယူရတော့မည်။

ရခိုင်ပြည်နယ်မှ ရန်ကုန်သို့သွားရာ တစ်ခုတည်းသော စစ်တွေ-ရန်ကုန်ကားလမ်းမှာ ကျွန်တော်ရောက်ရှိနေသော ရာမောင်ကြိုးတံတားပေါ်မှ ဖြတ်သန်းသွားလာရသည်။ ပြီးခဲ့သည့်လက ရာမောင်ကြိုးတံတား ကြံ့ခိုင်မှုအတွက် ပြန်လည်ပြုလုပ်ထား ရသည်။ ယခုအချိန်အထိ ကုန်တင်ကားကြီးများ တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်မှု ကန့်သတ်ထားကြောင်း သိရသည်။

ရာမောင်တံတားပေါ်မှ ကျွန်တော်ပြန်ဆင်းလာပြီး တံတားနှင့် မလှမ်းမကမ်းတွင် တည်ဆောက်ထားသော မြောင်းကြီးဆည်သို့ သွားရောက်ခဲ့သည်။ မြောင်းကြီးဆည်သည် ၉၆ ဧကကျယ်ဝန်းပြီး တောင်တန်း၊ တောင်စွယ်များပေါ်မှ ကျဆင်းလာသော တောင်ကျရေများကို တစ်ဖက်ပိတ်ဆည်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ရာ အချောသပ်လုပ်ငန်းများသာ ကျန်ရှိတော့သည်ကို တွေ့ရသည်။ မြောင်းကြီးဆည်မှ သောက်သုံးရေများကို မင်းပြားမြို့သို့ ရေပိုက်များဖြင့် သွယ်တန်းယူရန် စီစဉ်နေကြောင်း သိရသည်။ စစ်တွေ-ရန်ကုန်ကားလမ်းဘေးတွင် တည်ရှိသဖြင့် သွားလာရလွယ်ကူသည်။ မင်းပြားမြို့နယ် ပြည်သူ တစ်ရပ်လုံးအတွက် သောက်သုံးရေအကျိုးပြုပေးနိုင်သောဆည်တစ်ခုပင် ဖြစ်သည်။

အကျယ်အဝန်းဧရိယာ စတုရန်းမိုင် ၁၃၃၈ ဒသမ ၄၆ မိုင်ကျယ်ဝန်းသည့် မင်းပြား မြို့နယ်သည် မြောက်ဘက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ အရှေ့ဘက်တွင် ကန်ပက်လက်မြို့နယ်၊ အမ်းမြို့နယ်၊ တောင်ဘက်တွင် မြေပုံမြို့နယ်၊ အနောက်ဘက်တွင် ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဦးမြို့နယ်တို့နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ မင်းပြား-မြေပုံ၊ မင်းပြား-မြောက်ဦး၊ မင်းပြား-ပေါက်တော ခရီးလမ်းများက ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် အဓိက အထောက်အကူပြုပေးနေသည်။

ကျွန်တော်တို့ မင်းပြားမြို့သို့ ရောက်ရှိခဲ့ပြီး မြို့တွင်းသို့ လိုက်လံကြည့်ရှုလေ့လာခဲ့သည်။ နှစ်ထပ်တိုက်များ၊ အိုးအိမ်ကောင်းများ တွေ့ရသည်။ မြို့တွင်းလမ်းအတော်များများမှာ အနည်းငယ်ကျဉ်းသော်လည်း မော်တော်ယာဉ်နှစ်စီး ကောင်းမွန်စွာ ရှောင်တိမ်းသွား၍ရအောင် အကျယ်အဝန်းရှိသည်ကို တွေ့ရသည်။ မင်းပြားမြို့က မြို့ပေါ်ရပ်ကွက် ရှစ် ရပ်ကွက်ရှိပြီး အိမ်ခြေ ၄၃၁၅ အိမ်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ မင်းပြားမြို့ကို သန့်ရှင်းသပ်ရပ်တဲ့မြို့ဖြစ်အောင်၊ အခြေခံအဆောက်အအုံတွေ တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက ပြောသည်။

မင်းပြားမြို့ကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်လျက်ရှိရာ လေးမြို့မြစ် ရေကြီးရေလျှံဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရန် လုပ်ငန်းများ စီမံနေပြီဖြစ်ကြောင်း သိရသဖြင့် ဝမ်းသာရသည်။ မင်းပြားမြို့သည် နှစ်စဉ်နီးပါး ရေကြီး ရေလျှံဖြစ်မှုများ ပြန်တွေ့နေရသဖြင့် ရေငန်တားဆည်များကို နိုင်ငံတော်က ရန်ပုံငွေဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစုပေါင်းဆောင်ရွက်သည့် ရေငန်တားတမံများကို အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

မင်းပြားမြို့သည် ယခင်က စစ်တွေ-ကျောက်ဖြူသွား မီးသင်္ဘောများဆိုက်ကပ်ရာ ဆိပ်ကမ်းဖြစ်ပြီး မြို့အဖြစ် စတင်တည်ထောင်စဉ်က ဘာခံရပ်ကွက်၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်နှင့် အောက်ရွာပိုင်းရပ်ကွက်ဟူ၍ ရပ်ကွက်ပေါင်းလေးရပ်ကွက် တည်ရှိခဲ့သည်ဟုသိရသည်။ ၁၉၄၆ ခုနှစ်တွင် မြို့ပြအုပ်ချုပ်ရေးအဖွဲ့တာဝန်ခံမှာ ဦးဖားချေဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း မြို့ပိုင်များခန့်ထားခဲ့ရာ မြို့ပိုင်ဦးသာဦး၊ ဆရာဝန် ဦးကျော်ထင်တို့က တာဝန်ယူခဲ့ကြသည်။ မင်းပြားမြို့နယ်အဖြစ် ၁၉၇၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၂ ရွာအုပ်စုဖြင့် တရားဝင်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ မင်းပြားမြို့သမိုင်းကြောင်းက ရှည်လျားပေသည်။

မင်းပြားမြို့၏ တစ်စိတ်တစ်ဒေသ မြင်ကွင်းအလှကို ကျိန်းတောင်စေတီပေါ်မှ လှပပြန့်ပြူးစွာ မြင်တွေ့ရသည်မှာ ရှုမဆုံးပေ။ လေးမြို့မြစ်က မင်းပြားမြို့ကို ရစ်ပတ်စွာစီးဆင်းသလို မြို့နေပြည်သူတို့ သောက်သုံးရေအတွက် ရေကန်သုံးကန် ထိစပ်စွာတည်ဆောက်ထားပုံကိုလည်း အပေါ်စီးမှ မြင်တွေ့ရသည်မှာ အမြင်ဆန်းသစ်သော ပန်းချီကားတစ်ချပ်အား မြင်တွေ့ရသကဲ့သို့ပင်။ ဗုဒ္ဓဘုရားရှင်၏ လျှာတော်ဓာတ်ကို ဌာပနာထည့်သွင်းကာ စေတီတည်ထား ကိုးကွယ်လာခဲ့ခြင်းဖြစ်ရာ သမိုင်းဝင်ဘုရားပင်ဖြစ်သည်။ မင်းပြားမြို့အလှကို ကျိန်းတောင် စေတီရင်ပြင်တော်ပေါ်မှ ငေးမောကြည့်ရင်း ဓာတ်ပုံမှတ်တမ်းရယူခဲ့ပြီး ကျိန်းတောင်စေတီပေါ်မှ ပြန်ဆင်းခဲ့သည်။

မင်းပြားမြို့နယ်က သစ်ပင်သစ်တောများဖြင့် စိမ်းစိုနေရာ ကြိုးဝိုင်းငါးခုရှိပြီး သစ်တောဧက ၈၄၃၉ ဧကရှိသလို ကြိုးပြင်ကာကွယ်တော လေးခုလည်းရှိရာ မြို့နယ်အတွင်း သစ်တောစုစုပေါင်း ၅၅၃၀၇ ဧကရှိကြောင်း သိရသဖြင့် သဘာဝပတ်ဝန်းကျင်အခြေအနေမှာ ပျက်စီးမှုမရှိကြောင်း တွေ့မြင်ရသည်။ လက်ရှိအခြေအနေကို မယုတ်လျော့ရန်နှင့် သစ်ပင်သစ်တော ဆက်လက်တိုးပွားစေရန် ကြိုးစားဆောင်ရွက်သင့်သည်ဟု တွေးမိသည်။ သစ်တောသစ်ပင်များကို ချစ်ခင်ကာ ပြုစုပျိုးထောင်မှသာ သဘာဝဘေးဒဏ်၊ ရာသီဥတုပြောင်းလဲမှုများအား ကာကွယ်နိုင်မည်ဖြစ်သည်။

မင်းပြားမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သလို ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြောင်း၊ ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြောင်း မင်းပြားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသန့်ဇော်ဌေးက ပြောပြသည်။ စိုက်ပျိုးဧကပေါင်း ၉၄၄၆၉ ဧကရှိပြီး မြို့နယ်အတွင်း ငါးမွေးကန် ၃၀၉ ကန်ရှိကြောင်း သိရသည်။ မင်းပြားမြို့နယ်ရှိ ငါးမွေးမြူရေးကန်များကလည်း အောင်မြင်ဖြစ်ထွန်းကြောင်း၊ မြို့နယ်အတွင်း စားသုံးမှုဖူလုံပြီး အခြားဒေသများသို့ တင်ပို့နိုင်သည်ဟု သိရသည်။

မင်းပြားမြို့နယ်တွင် တိုင်းရင်းသားလူမျိုးများဖြစ်သည့် ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည်တို့ စုပေါင်းနေထိုင်ကြသည်ဖြစ်ရာ ကိုးကွယ်မှုဘာသာ၊ ကွဲပြားသည့် အယူအဆ၊ ခြားနားသောအမြင်များ ရှိနေသော်လည်း အများစုမှာ အေးချမ်းတည်ငြိမ်စွာ နေထိုင်လျက် ရှိကြသည်။ တည်ငြိမ်အေးချမ်းမှ တိုးတက်ဖွံ့ဖြိုးမှုကို အလေးထားအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ဟု တွေးနေမိသည်။

မင်းပြားမြို့နယ်သည် ရေခံ၊ မြေခံကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းကာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အကောင်းဆုံးအစီအမံများဖြင့် ကြိုးစားဆောင်ရွက်နေသည်များကိုလည်း တွေ့မြင်ရသည်။ ကျွန်တော်တို့ မင်းပြားဈေးရှိရာသို့လာခဲ့ကြရာ လွန်ခဲ့သော နှစ်အနည်းငယ်က မင်းပြားမြို့နှင့် ယခုမင်းပြားမြို့မြင်ကွင်းက ပြောင်းလဲမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု၊ မြို့တွင်းလမ်းအချို့ အဆင့်မြှင့်တင်မှု၊ ရေလှောင်ကန်များ ပြုပြင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မင်းပြားဈေးသည် လွန်ခဲ့သည် နှစ်နှစ်ခန့်က မီးဘေးသင့်ခံခဲ့ရကြောင်း သိရသည်။ မြေစိုက်အဆောက်အအုံများ ဖြစ်သော်လည်း ဆိုင်ခန်းများဖြင့် ရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိသည်။ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများအဖြစ် ရေတွင်း၊ ရေကန်များကို ကျေးလက်အရောက် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုအခါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတွင်း၊ ရေကန်များအားလုံး သောက်သုံးရေများ သိုလှောင်နိုင်ပြီဖြစ်သည်။

ကျွန်တော်တို့ မင်းပြားမြို့နယ် အပြင်ဘက်သို့ထွက်လာခဲ့ကြသည်။ စိုက်ပျိုးရေးကို အဓိကထားသော မင်းပြားမြို့နယ်အတွင်း ဒေသခံတောင်သူများက မိုးရာသီစိုက်ပျိုးကာလအတွင်း ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ လယ်ကွက်များတွင် မိုးရေများပြည့်နေသော မြင်ကွင်းကိုကြည့်ရင်း ထွန်ရေးငင်ရန် ပြင်ဆင်နေသော တောင်သူများကိုလည်း တွေ့မြင်ရသည်။

မင်းပြားမြို့အတွင်း အချိန်ယူ လေ့လာရန် လိုအပ်နေသလို မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာအထိ အကောင်အထည်ဖော်နေမှုများကိုလည်း ကြားသိခဲ့ရသည်။ ရခိုင်ပြည်နယ် လမ်းဆုံနေရာတွင်ရှိနေသော မင်းပြားမြို့က ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ပိုင်ဆိုင်ထားရာ မကြာမီ လှပဖွံ့ဖြိုးသော မြို့ပုံရိပ်သစ်တစ်ခု ထွက်ပေါ်လာဦးမည်ဟု မျှော်မှန်းတွေးဆနေမိသည်က အမှန်ပင်။ ။





IT COMPUTER TRAINING CENTER အိုင်တီကွန်ပျူတာ သင်တန်း HOT LINE - 395353, 253293, 0949290778

GRAPHIC DESIGN | AutoCAD-3ds Max | Service Technician | MOBILE PHONE | ADVANCED EXCEL | Computer Basic

# မကွေးတိုင်းဒေသကြီး ရေနံချောင်း စက်မှုဇုန် အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်

ရန်ကုန်၊ မြန်မာ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက် - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန် မကွေးတိုင်းဒေသကြီး ရေနံချောင်းစက်မှုဇုန်အိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါသည်။ ပြောင်းလဲမည့်နေ့ရက်နှင့် တယ်လီဖုန်းနံပါတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဧရိယာ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် | နေ့စွဲ |
|---|---|---|---|
| ရေနံချောင်းစက်မှုဇုန် အိတ်ချိန်းဧရိယာ (ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး) | ၀၆၀-၃၀-××× | ၀၆၀-၈၈၀-၀××× | ဇူလိုင်လ ၁ ရက်၊ ၂၀၁၆ |

အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် MPT မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများ အနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

San brotherhood

"ခမ်းနားခမ်းသပ် (အခမဲ့)"

Air-Con

တပ်ဆင်ပြီးဈေးနှုန်း 1HP 260000 Ks

ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
သမိုင်းလမ်းဆုံ 681854, 706193, 09-73116475
FMI City 706193,09-5084831,682445(Ext)1421
သုဝဏ္ဏလမ်းဆုံအနီး 09-5190383,09-73251535
ဟံသာဝတီ CNG အနီး 703684, 09-43130068
Capital အနီး 09-5053114, 73251545, 01-708842
Junction မော်တင်အနီး 01-704101 , 09-5002738
ကျောက်မြောင်း 01-704649, 09-73066836, 09-73004800
ရွှေဂုံတိုင်မီးပွိုင့်အနီး 09-43083868, 01-703241
တောင်/မြောက်လမ်းဆုံအနီး 01-709114, 09-5019316

WINNER LYNN CCTV 09 78666 2253 09 78666 2254

ခရုသင်းသမင်ဖြူ

ပါကေးဦးထွန်းမိသားစု
Hot Line 09-500 4036

## အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီး အဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူ လူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၆-ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၉**

**ဗိုလ်မှူးမြတ်မင်းစန်း**     **လျှောက်သူ။**

အမှတ်-၆၉(B)၊ ၁၄-လမ်း၊ ဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ အရွယ်မရောက်သေးသောသူငယ် မဆုမြတ်ဖြူနှင့် မဆုမွန်ဖြူ တို့အား အုပ်ထိန်းခွင့်ပြုပါမည့်အကြောင်း။

အထက်ပါလိပ်စာရပ်နေ ဗိုလ်မှူးမြတ်မင်းစန်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသော သူငယ်မဆုမြတ်ဖြူနှင့် မဆုမွန်ဖြူ တို့၏ ဦးလေးဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို ဗိုလ်မှူးမြတ်မင်းစန်းက အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၆ခုနှစ်၊ ဇူလိုင်လ၈ရက် (၁၃၇၈ခုနှစ်၊ ဝါဆိုလဆန်း ၄ရက်) နံနက် ၁၀နာရီတွင်ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၆ခုနှစ်၊ ဇွန်လ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ထွေး)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## "MYANMAR CORPORATE STRATEGIC ADVISORY COMPANY LIMITED"

Notice Under Section 206(1) of
The Myanmar Companies Act
(Voluntary Winding-up by Members)

At the Extraordinary General Meeting of the Members of the Company held at company's meeting room on **26-5-2016**, the resolution to voluntarily wind up the Company and appoint Daw Kyi Nyein Chan (Attorney at law) as the liquidator was passed with a Special Resolution.

In light of such Resolution, all persons claiming to be creditors of the Company are requested to submit detalis of their claims together with solid documentary evidence to support such claims in their possession, to the liquidator at the address given below on **(15-8-2016)** or before that day.

Mr. Shinsuke Goto
Managing Director
Myanmar Corporate Strategic Advisory Co.,Ltd.

Daw Kyi Nyein Chan
Liquidator
(Attornery at law)
Licence No. 39285
TMI Associates Services Co.,Ltd.
#105, Prime Hill Business Square,
No.60, Shwe Dagon Pagoda Road,
Dagon Township, Yangon, Myanmar.

# မင်္ဂလာကျေးဇူးတင်လွှာ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း)၊ ဗိုလ်ချုပ်မှူးကြီးစောမောင် (ငြိမ်း)-ဒေါ်အေးရီ
ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန၊ ဒေါ်မြင့်မြင့်သိန်းတို့၏မြေး၊
ဦးသီဟစော ညွှန်ကြားရေးမှူး(ငြိမ်း)နိုင်ငံခြားရေးဝန်ကြီးဌာန-ဒေါ်သူဇာမြင့်ကြည်တို့၏ တစ်ဦးတည်းသောသား

**မောင်နန္ဒစောမြင့်မောင်**

B.Sc(Biomedical Science) Imperial College London, UK.
Associateship of The Royal College of Science.
M.Sc(Molecular Biology & Pathology of Viruses), Imperial College London,UK.DIC.
Investment Banking Senior Analyst, Deutsche Bank AG,UK

နှင့်

ဦးစန်းလွင်ဦး(ငွေလရောင် Transportation & General Trading Co.,Ltd)-ဒေါ်နန်းဆိုင်ဖူးတို့၏ တစ်ဦးတည်းသော သမီး

**မငြိမ်းနွယ်ခင်**

B.Sc(Hons.)Biomedical Sciences, University of Westminster, UK.
Marketing Communication Specialist, Accenture PLC,UK

တို့၏ ၂၉-၅-၂၀၁၆ရက် Kandawgyi Palace Hotel, Mingalar Hallတွင် ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာအခမ်းအနားတွင် စေ့စပ်လက်စွပ် ဆင်မြန်းပေးပါသော ဘိုးဘိုးနှင့်ဘွားဘွား၊ မင်္ဂလာ ကြောင်းလမ်းစကားပြောကြားပေးပါသော ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း)၊ မင်္ဂလာလက်ခံစကားပြောကြားပေးပါသော သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းနှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ကံ့ကော်တောဦးမျိုးအောင်၊ စေ့စပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မခင်ရည်မွန်သန့်တို့အားလည်းကောင်း၊ ၁၄-၆-၂၀၁၆ရက် တိပိဋကဓရ ယောဆရာတော်ကြီး၏ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကျွေး အလှူပွဲအခမ်းအနား၊ ၁၆-၆-၂၀၁၆ရက် Novotel Hotel, Pathein Ballroomတွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လက်မှတ်ရေးထိုးမော်ကွန်းတင်ပေးပါသော ဦးဟန်ထူး (ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး)၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးထွန်းသိန်း (ငွေဆဒ္ဒန်)-ဒေါ်လှမျိုးနွယ် (အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး) နှင့် ဒေါက်တာမိုးသော်ဦး (Consultant Physician and Honorary senior clinical lecturer in the NHS, United Kingdom)-ဒေါက်တာခိုင်ဆွေဝင်း (Consultant sports medicine in the NHS (UK), the England football association and the Great Britain Hockey Teams)တို့အားလည်းကောင်း၊ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာပွဲတွင် ရေသွန်းလက်ထပ်ပေးပါသော ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)-ဒေါ်မြင့်မြင့်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများ သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့်အဖွဲ့ ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ဒေါက်တာအိသဥ္ဇာသွယ်၊ မင်္ဂလာလက်စွပ်နှင့်အောင်စံပယ်ပန်းကလပ်ကိုင် မခင်ခင်မြတ်သူလှိုင်၊ မင်္ဂလာသတို့သားအရံ မောင်အောင်နိုင်ဦး၊ သတို့သမီးအရံ ဒေါက်တာအိမ့်သံသာတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၁၈-၆-၂၀၁၆ရက်၊ Novotel Hotel, Yangon Ballroomတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဒယ်ဒီဦးသီဟစော၊ မာမီဒေါ်သူဇာမြင့်ကြည်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဖေဖေ ဦးစန်းလွင်ဦး-မေမေဒေါ်နန်းဆိုင်ဖူးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော နိုင်ငံကျော်စောင်း ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးသော မလင်းလက်ခင်နှင့် မအိမြတ်ဖူးငုံ၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မခိုင်သူဇာသန့်၊ အောင်စံပယ် ပန်းကလပ်ကိုင် မဟန်နွယ်ဦး၊ သတို့သားအရံ ဒေါက်တာနိုင်လင်းနှင့် မောင်ကျော်ခန့်မောင်၊ သတို့သမီးအရံ ဒေါက်တာခိုင်ဝတ်ရည်သင်းနှင့် မစုရည်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲများသို့ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးတို့အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိပါသော်လည်း လက်ဆောင်မွန် များပေးပို့ချီးမြှင့်ခဲ့ပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နေပြည်တော်၊ မန္တလေးမြို့၊ အင်္ဂလန်နိုင်ငံတို့မှ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်ဝင်း- ဒေါက်တာသက်သက်ခိုင် (Forever Gems by Shwe Nan Taw)နှင့် မဇာဇာသဲဦး (Zar & Diamonds)၊ မင်္ဂလာပွဲများအားလုံးတွင် ဝတ်စုံများကို အလှပဆုံးဖြစ်အောင် စီစဉ်ချုပ်လုပ်ပေးပါသော ဒီဇိုင်နာအန်တီမဇူ (Zu Zu Collection)၊ အခမ်းအနားနှင့် ပန်းအလှဆင်ပေးပါသော အန်တီနီလာ(Eternal Flower)၊ မိတ်ကပ်ပြင်ဆင်ပေးသော မေဦးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ခံပေးပါသော စောင်းဒေါ်ရီရီသန့် တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင် ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့ (Focus Daily)၊ မင်္ဂလာဖိတ်စာများကို ရိုက်နှိပ်ပေးပါသော Dagon Printing, Lucky Prize 2,Viriyaတို့အားလည်းကောင်း၊ ၁၈-၆-၂၀၁၆ရက် Sule Shangri-la Hotel, Myanmar Ballroom တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် ဧည့်ခံဖျော်ဖြေပေးသော Pho Clair & Ma Julie (Percussion), Presenterအဖြစ် မေတ္တာနှင့်ဆောင်ရွက်ပေးပါသော Mr Rolando Mapili Quinones, Evening dress ချုပ်လုပ်ပေးပါသော Zuhair Murad (Paris), တင့်တယ်သော မင်္ဂလာပွဲများဖြစ်မြောက်စေရန် ကူညီပေးကြသော မြတ်ပိုးအိမ် ပိုးထည်တိုက်၊ The Perfect Diamond စိန်ရွှေရတနာဆိုင် (မန္တလေး)၊ ဦးကျော်စိုး (The lady)၊ လှပခမ်းနားသော မင်္ဂလာပွဲများအဖြစ် စီစဉ်ဆောင်ရွက်ပေးကြသော Kandawgyi Palace Hotel, Novotel Hotel, Sule Shangri-La Hotel တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ Pre-wedding photo ရိုက်ကူးပေးသော George Hlobil & Michaela (Prague, Czech Republic), George & Sia(Vangelis Photography, Santorini, Greece)၊ ကိုလင်းထွန်းနှင့်အဖွဲ့ (Life Photography)၊ ကိုကင်းနှင့်အဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲဝမ်းမြောက်စွာဖြင့် အထူးပင်ကျေးဇူးတင်ရှိပါသည်။ နေရာထိုင်ခင်းအဆင်မပြေမှုများနှင့် ဧည့်ဝတ်မကျေပွန်မှု တစ်စုံတစ်ရာရှိခဲ့ပါလျှင် ခွင့်လွှတ်နားလည်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။








**ချိုသာသောဈေးဖြင့် အဆောက်အဦးပါ မြေကွက်ရောင်းမည်။**

သန်လျင်၊ အမှုထမ်းရပ်ကွက်
ကျိုက်ခေါက်ဘုရားလမ်းမကြီးအနီး။
မြေဧရိယာ ဝ.၈၃၅ ဧက(၁၈၀'x၂၀၀')၊ ရေ၊ မီး၊
အုတ်တံတိုင်းခတ် ဂိုဒေါင်သုံးလုံးပါ၊
3B မြေရောင်းမည်။
**ဈေးနှုန်း = ၇၀၀၀ သိန်း ညှိနိုင်း**
အကျိုးဆောင်လိုသည်။
**ဆက်သွယ်ရန် – ၀၉-၄၉၃၄၇၆၄၉၊ ၀၉-၉၇၅၈၈၄၄၇၅၀**

**ဖခင်အမည်မှန်**

မှော်ဘီမြို့နယ်၊ အထက(ခွဲ)မှ ဆဋ္ဌမတန်း ကျောင်းသား မောင်ဖွဲ့မာန်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းသိန်း [၁၂/မဘန(နိုင်)၀၇၅၃၂၉] ဖြစ်ပါကြောင်း။ ဦးဇော်မင်းသိန်း

**ဖခင်အမည်မှန်**

မှော်ဘီမြို့နယ်၊ အထကမှ ဒသမတန်းကျောင်းသူ မလှယမင်းခင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းသိန်း [၁၂/မဘန(နိုင်)၀၇၅၃၂၉] ဖြစ်ပါကြောင်း။ ဦးဇော်မင်းသိန်း

**ပေါင်းတင်အခြောက်ခံပြီးသော ကျွန်းပါကေး(3"x9"x1") များ ကျွန်းလျှာထိုး (T&G) များကိုစက်ရုံမှတိုက်ရိုက် ထုတ်လုပ်ရောင်းချနေပါသည်။**
**မှတ်ချက်။ ။အကျိုးအကြွမရှိကြောင်းအာမခံသည်။**
**Ph: 09-250682702**


ပိုမိုလုံခြုံစိတ်ချရသော မြန်မာဖြစ်စေရန်
ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
Transfer to A Area Boarding Gate
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ


SAMSUNG Galaxy မိုးရာသီ အထူး အစီအစဉ်
SAMSUNG
SAMSUNG Galaxy J7
SAMSUNG Galaxy J5
SAMSUNG Galaxy J7 6
SAMSUNG Galaxy J5 6
Galaxy J7(2016),J5(2016),J7 or J5 မည်သည့်ဖုန်း (၁)လုံး
ဝယ်ယူသူ မဆိုအောက်ပါ မေတ္တာလက်ဆောင်များ ရယူပါ
6000 mAh Power Bank
Water Bottle
Phone Holder
Samsung Umbrella
ဇွန်လ (၁၂) ရက်နေ့မှ စတင်၍ ပစ္စည်းလက်ကျန်ရှိသည် အထိသာ။
SAMSUNG Galaxy On7
SAMSUNG Galaxy J3 6
SAMSUNG Galaxy J2
SAMSUNG Galaxy J1 6
Galaxy J1(2016), J2,J3(2016) or On7 မည်သည့်ဖုန်း (၁)လုံး ဝယ်ယူသူ မဆိုအောက်ပါ မေတ္တာလက်ဆောင်များ ရယူပါ
5000
Power Bank
Water Bottle
Samsung Umbrella
(ဇွန်လ (၁) အတွင်း)
ဇွန်လ (၁၂) ရက်နေ့မှ စတင်၍ ပစ္စည်းလက်ကျန်ရှိသည် အထိသာ။
ကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိမက်မောဖွယ် ဆုကြီးများကို ကံထူးနိုင်မည့်
SAMSUNG Galaxy Lucky Draw တွင်လည်း ပါဝင်ကံစမ်းခွင့်ရှိပါသည်။ (ဇွန်လ (၁) အတွင်း)
HONDA Fit ကား ၈ စီး
Samsung 32" TV ၁၅၀ လုံး
Samsung Tab 3 Lite ၃၀၀ လုံး
၂၅၀၀ ကတ်
ရရှိနိုင်မည့် ကူပွန်အရေအတွက်များ
ကျပ် ၅၀၀,၀၀၀ အထက် = ကူပွန် ၅
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ = ကူပွန် ၂
ကျပ် ၂၀၀,၀၀၀ အောက် = ကူပွန် ၁
samsungmobilemyanmar
samsungmyanmar
samsungmyanmar
samsung e commerce
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

## တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အဲ့ကြီး၊ အဲ့ရှုံ့ ဖုံးဝန်ထမ်းများအတွက်

www.getc-languageschool.com



GETC

မြေနီကုန်း 01-537895, 09-262963776
တာမွေ 01-549590, 09-254148006
မရမ်းကုန်း 01-663960, 09-259822220
အင်းစိန် 09-259822226/ 7

▲Communicative English ▲General English ▲FCE ▲IELTS

---

## ဒေါ်သူဇာဝင်း(စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

**LCCI 1+2&3** (Sunday only ရှိသည်)

(Nov-Series) June/July တန်းခွဲ သစ်များ (25-6-2016) စမည်

**AutoCount & MYOB/Advance Excel**

(အချိန်ညှိနိုင်းပေးရုံလစဉ်တန်းခွဲသစ်ရှိသည်)

အမှတ်(၃၀)ပုလဲလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်(မြလမ်းမှတ်တိုင်)

Ph:09-5029621,09-250371045,09-5402724

---

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်

Ph: 01 707062, 09 799100100
01 703790, 09 797100100

---

## GOLDEN STAR

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

---

## မျောပိုသား ထူးထူးခြားခြားဒါနခရီးစဉ်များ

[illegible]

Ph:09425334456,0949323965,0949578205


**အမည်မှန်** အဖ ဦးရန်နောင်စိုး[၁၂/လကန(နိုင်)၀၀၁၁၅၂]၊ နဝမတန်း(C)၊ အထက(၂)၊ ဒဂုံဆိပ်ကမ်း၊ တောင်ဒဂုံဆိပ်ကမ်း မစောစင်ဒီမေအား မစောစင်ဒီမေနန်းဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်** ရန်ကုန်တိုင်းဒေသကြီး၊ အထက-တိုက်ကြီး၊ ဒသမတန်း(A)မှ မယွန်းရွှေရည်[၁၂/တကန(နိုင်)၁၈၆၇၅၇]၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်ဦး [၁၂/တကန(နိုင်)၁၃၅၁၀၄] ဖြစ်ပါကြောင်း။ **ဦးမိုးကျော်ဦး**


# Myanmar Noble College

edexcel Approved Centre No.93711

နိုင်ငံတကာတက္ကသိုလ်များတွင် ဆည်းပူးလေ့လာနိုင်ရေးအတွက် အခြေခံကောင်းရရှိစေရန် Myanmar Noble College မှ Pre-Foundation Course, Foundation Course, HND Courses များကို July Intake တွင် ဖွင့်လှစ်ပါမည်။



» **Pre-Foundation Course**

လိုအပ်သောအရည်အချင်း
- နဝမတန်းအောင်မြင်ပြီးသူများ
- IGCSE Secondary III အောင်မြင်ပြီးသူများ
- Secondary II အောင်မြင်၍ ကျောင်းမှပြုလုပ်သည့် Placement Test တွင် အရည်အချင်းပြည့်မီသူများ

» **Foundation Course**

လိုအပ်သောအရည်အချင်း
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
- GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ

» **Higher National Diploma Courses**
- Business
- Information Technology
- Engineering ( Civil, Mechanical, Electrical & Electronic )

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/ကျောင်းသူများအတွက် Scholarship အစီအစဉ်

| | | |
|---|---|---|
| တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း | သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း | ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း |
| နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း | လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း | ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း |

IGCSE စာမေးပွဲတွင် A* တစ်ဘာသာလျှင် (၃) သိန်း၊ A တစ်ဘာသာလျှင် (၂) သိန်း Scholarship ချီးမြှင့်မည်ဖြစ်ပါသည်။

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.
www.myanmarnoblecollege.com.mm
01-2331257 / 01-2331276 / 01-2331264 / 09-780639577

---

# YOUTH INTERNATIONAL COLLEGE

Alternate Education for your Success

- The First Cisco Official Learning Partner in Myanmar
- Pearson VUE Test Center
- Edexcel Approved Center No.95942

edexcel
Approved Centre No.95942

Edexcel (UK) နှင့် YOUTH International College တို့ပူးပေါင်းဖွင့်လှစ်သည့် HND Diploma in Computing (UK) အတွက်သင်တန်းသားသစ်များခေါ်ယူခြင်း နှင့်ပညာရေးလမ်းကြောင်း၊ အလုပ်အကိုင်လမ်းကြောင်းများဟောပြောပွဲ

ဟောပြောမည့်သူ - ဦးဇော်လင်း (Founder & CEO)
အချိန် - မွန်းလွဲ ၁း၀၀ မှ ၃း၀၀
နေ့ရက် - ၂၆ ဇွန်လ ၂၀၁၆ (စနေနေ့)
နေရာ - Novotel Yangon Max (4th Floor, Mandalay Room)

Big Discount
Free Registration
Parents are also welcome



Admission Open

ပိုမိုကောင်းမွန်သော Learning Environment ဖြစ်သည့် YOUTH International College (MICT Campus) မှ နွေးထွေးစွာဖြင့်လက်ကမ်းကြိုဆိုနေပါသည် . .



City Campus :Room 6A, Pansodan Office Tower, Pansodan Middle Block, Ph: 01 254893, 09 500 3596,
MICT Campus: Room 605, Building 16, MICT Park, Ph: 09787289757, 0973056112.


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]


MAZDA 3 ၏ အကောင်းမွန်ဆုံး စွမ်းဆောင်ချက်
စိတ်ကျေနပ်မှုဖြင့် ယုံကြည်စွာ မောင်းနှင်နိုင်ခြင်း၊
အမြင့်မားဆုံးအရည်အသွေး နှင့် အကောင်းမွန်ဆုံးနည်းပညာများဖြင့် ထုတ်လုပ်မှု...
ဒေါ်လာ ၃၀,၀၀၀ မှစတင်၍
mazda
SKYACTIV TECHNOLOGY
18" LIGHT WEIGHT DYNAMIC MOTION SPORTS RIM
MAZDA LED SIGNATURE HEADLIGHTS
FULL GRAIN LEATHER SEATS
UNIFIED OPERATING STEERING WHEEL
i-ACTIVSENSE TECHNOLOGY (NEW)
HDMI-INFOTAINMENT SYSTEM
FREE UP TO 3,500 USD
• CAR BLACK BOX RECORDER
• MAINTENANCE SERVICE UP TO 3 YEARS
• MANY OTHERS GIFTS (WHILE STOCKS LAST)
LIMITED UNITS ONLY
IMAGINATION DRIVES US
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 02 67446, 67447, 67448, 67449
Made In JAPAN
3 YEARS MAZDA WARRANTY


Plasmacluster
SHARP
SEE THE WORLD THROUGH JAPAN TECHNOLOGY
MONSOON
မိုးရာသီ အထူး
စျေးရောင်းပွဲတော်
Jun to 30th Sept
AQUOS
SJ-K34T-SL
ရေခဲသေတ္တာ
LC-50LE440M
လက်မ 50 TV
ES-T75X-WN
Twin Tub
EM-125L(W)
7 Pieces
EI-N04
20 Pieces
အခြားဆုမဲပေါင်းများစွာ
Lucky Draw
JAPAN TECHNOLOGY
Since 1912
သင့်ရဲ့လှပသောမိုးရာသီကို ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော SHARP ELECTRONIC
ပစ္စည်းများနှင့်အတူ ဖြတ်သန်းလိုက်ပါ။
SHARP MYANMAR SERVICE CENTER နှင့် ဆက်သွယ်နိုင်သည့်ဆိုင်များ
ရန်ကုန်မြို့ SHARP SHOWROOM အမှတ်(၁၇၃/၁၇၅)၊ ပထမထပ်၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၂၅၃၄၂၅။
မန္တလေးမြို့ HOME AID ELECTRONIC အမှတ်(၁၄၄)၊ ၈၄လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၂၅၉၇၀၀၅၂၂၊ ၀၉ ၇၉၇၅၃၆၀၈၂။
MANDALAY ELECTRONIC MART အမှတ်(၆၁/အေ)၊ ၆၂လမ်း၊ နိုင်ငွေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၇၈၇၇၅၂၂၀၁။
နေပြည်တော် မြိုးမြိုးကြွယ် အမှတ်(၃၄၃)၊ ပိတောက်လမ်းနှင့် သစ္စာလမ်းထောင့်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၉ ၅၁၅၅၅၈၃၊ ၀၉ ၈၃၀၃၉၃၅၊ ၀၉ ၄၉၂၀၀၅၁၅။
မုံရွာမြို့ အောင်သုရိန် အီလက်ထရောနစ် စျေးလမ်းနှင့် ရေမိန်လမ်းထောင့်၊ ရုံးကြီးရပ်၊ မုံရွာမြို့၊ ဖုန်း - ၀၇၁ ၂၃၂၅၀။
တောင်ကြီးမြို့ Asia Fortuna အမှတ်(၁၂၃)၊ ဗိုလ်ချုပ်လမ်းမကြီး၊ တောင်ကြီးမြို့၊ ဖုန်း - ၀၉ ၅၀၁၀၆၉၇။
ရွှေဘိုမြို့ ကြွယ်အီလက်ထရောနစ် အမှတ်(၂)၊ ရန်ကြီးအောင်လမ်းမကြီး၊ ရွှေဘိုမြို့၊ ဖုန်း - ၀၉ ၂၀၀၀၃၃၈။
ပုသိမ်မြို့ အောင်အီလက်ထရောနစ် အမှတ်(၁၅/C.D)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂ ၂၅၃၁၂၊ ၀၉ ၅၂၀၁၃၂၁၊ ၀၉ ၇၈၂၉၅၉၆၆။
AQUOS

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ



အမျိုးသမီးကာယကြံ့ခိုင်မှု Ms.Real ဆုရ နေခြည်တင့်ဝေ။

**ရန်ကုန် ဇွန် ၁၈**

၂၀၁၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့်အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် Nat Ray ကုမ္ပဏီတို့ပူးပေါင်းပြီး ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း NCC ခန်းမ၌ ကျင်းပရာ ကာယဗလမောင် ၄၅ ဦး၊ Model Physique အမျိုးသမီးကာယကြံ့ခိုင်မှု ၁၄ ဦး စုစုပေါင်း အားကစားမောင်မယ် ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရသူများအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယနေ့ ကျင်းပသော ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ တင်လတ် (ကာကွယ်ရေး)၊ ဒုတိယ ဝင်းတင့်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



ဇေယျာရွှေမြေနှင့် Southern အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# MNL ပြိုင်ပွဲတွင် ဇေယျာရွှေမြေနှင့် ဌဲကပင်အသင်း အနိုင်ရ

နေပြည်တော် ဇွန် ၁၈

**၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။**

စာမျက်နှာ ၉ ကော်လံ ၃ သို့ ○

# ဗေဒါများရှင်းသွားသော်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေမြင့်တက်

**ပုသိမ် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် နေ့စဉ်ရက်ဆက် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေသည် မြင့်တက်လျက်ရှိပြီး သာမန်ပုံမှန်ရေထက် ငါးပေခန့် မြင့်တက်လာကြောင်း ကျောင်းကုန်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။ တချို့ မြေနိမ့်ပိုင်းများဖြစ်သည့် အမှတ်(၃) ရပ်ကွက် ရွှေဘိုတန်းတွင် လမ်းအချို့ ရေနစ်မြုပ်လျက်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကျောင်းကုန်းမြစ်ကူးတံတားကြီးမှ ကျောင်းကုန်းမြို့ပေါ် ရပ်ကွက်အထိ တစ်မိုင်ခန့်အတွင်း စက်လှေများ တိုးမပေါက်လောက်အောင် ပြည့်ကျပ်နေသော ဗေဒါများသည် ဇွန် ၁၅ ရက်တွင် လုံးဝရှင်းလင်းသွားသော်လည်း မြစ်ရေမြင့်တက်လာမှုကြောင့် စောစောစီးစီး ရေကြီးနိုင်သည့် အန္တရာယ် ဖြစ်ပေါ်လာနိုင်သည်။ နောက်ထပ်အမြင့်ပေ နှစ်ပေခန့် ဆက်လက်မြင့်တက်လာမည်ဆိုလျှင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**



တစ်မိုင်ခန့်အတွင်း စက်လှေများတိုးမပေါက်အောင် ပြည့်ကျပ်နေသောဗေဒါများကို မရှင်းလင်းမီတွေ့ရစဉ်။

## မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍနှင့် ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍ အချပ်ပို (၄)မျက်နှာနှင့် ကြော်ငြာအချပ်ပို (၈)မျက်နှာ ပါရှိပါသည်။

## ပထမဆုံး ဒေသနဲ့ ကိုက်ညီတဲ့ လုပ်ငန်းတွေကို ဦးစားပေးလုပ်ပြီး နောက်ပိုင်းမှာ နိုင်ငံတကာကိုပါဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ၊ အကြီးစားလုပ်ငန်းတွေ ဆက်လုပ်သွားမယ်

စာမျက်နှာ - ၅